
www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

မောင်ပိုးစိန်သည်

ကြောင်နှစ်ကောင်
စာအုပ်တိုက်
PUBLICATION
အမှတ်၁၃၂ (မြေညီ) ၃၅လမ်း ရန်ကုန်
ဖုန်း ၀၁-၂၅၃၇၂၂၊ ၀၁-၂၈၂၂၄၈

BURMESE CLASSIC .com

www.burmeseclassic.com

# နီကိုရဲ

## နတ်ဆိုးတစ်ကောင်နဲ့ . . . ရင်လွဲသူ

www.burmeseclassic.com


(တစ်)

တကယ်တော့ ကျွန်တော်ဟာ တကယ်ကို မရိုးသားတဲ့ကောင်ပါ။ ဒါပေမယ့် ခက်တာက အဲဒီစကားက ကျွန်တော့်ကိုယ်ကျွန်တော် တကယ်ဆင်ခြင်ပြီး ပြောတဲ့စကား မဟုတ်ဘူးဗျ။ ပတ်ဝန်းကျင်က ဆင်မယ့်စကားကို သိနေလို့ ကြိုပြောတဲ့ စကားပါ။

တစ်ခါတစ်လေ ပတ်ဝန်းကျင်ဆိုတာ တော်တော်ကိုခက်တယ်ဗျာ။

ခက်တယ်ဆိုတာက သူတို့ကို ရင်ဆိုင်ရတာ မဟုတ်ပါဘူး။ ဓလေ့ထုံးတမ်းအစဉ်အလာ အခြေအနေတွေက နေခွင့်ပြုတဲ့အတိုင်း ပတ်ဝန်းကျင်ကို ရင်ဆိုင်ရတာက ခက်တာ။ ဥပမာတစ်ခု ပေးမယ် ဗျာ ⋅ ⋅ ⋅။ ကိုယ်က Company တစ်ခုက သူဌေး၊ အကြီးအကဲ၊ ဆရာသမား။ ကိုယ့်အောက်က စာရေးမလေးကို ချစ်မိပြီ ဆိုပါစို့ ⋅ ⋅ ⋅။ ကိုယ်လည်း လူပျို၊ သူလည်း အပျိုဗျာ ⋅ ⋅ ⋅။ ဒါပေမယ့် အဲဒီ ခင်ဗျားရဲ့ အချစ်က ငွေဂုဏ်ဓနနဲ့ နိုင်ငံထက်စီးနင်းလုပ်တယ်။ ဒီလိုလူမျိုးက ဒီလို စာရေးမလေးကို အပျော်ကြံတာပါလို့ ပတ်ဝန်းကျင်က ထင်ကြလိမ့်မယ်။ ခင်ဗျားဟာ အချစ်ဆိုတာထက် ပန်ဝန်းကျင်ရဲ့ သတ်မှတ်ချက်တွေကို

အရင်ဖြေရှင်းရလိမ့်မယ်။

အဲဒီပြဿနာမှာ ။ ။ ။ ခင်ဗျားအချစ်ထက် ခင်ဗျားအခြေအနေ ပတ်ဝန်းကျင်ရပ်တည်မှုနဲ့ လူတွေရဲ့ သဘောထားက ပိုအရေးကြီးနေမှာ အမှန်ပဲ။ စောင်းအိုလုလင်က ဘုရင့်သမီးကို ကြိုက်တာမျိုးကျတော့ လူတွေက စောင်းအိုလုလင်ဘက်က ရှိတယ်။ Company သူဌေးနဲ့ စာရေးမလေးကျတော့ စာရေးမလေးဘက်က ရှိပြန်ရော ။ ။ ။။

အားနည်းတဲ့ဘက်က အမှန်လို့ ဖြည့်တွေးတတ်တာ ကျွန်တော်တို့ လူမျိုးရဲ့ ဓလေ့စရိုက်ပါ။ ဒါကို မှားတယ်လို့ ကျွန်တော်ပြောတာ မဟုတ်ဘူး။ အချစ်ကို အချစ်လို မတွေးတာကို ပြောတာပါ။ အမှန်တော့ သူဌေးပဲဖြစ်ဖြစ်၊ ဆင်းရဲသားပဲဖြစ်ဖြစ် အချစ်ဆိုတာ ရှိတာပဲ။

မျိုးရိုးစဉ်ဆက် ဆင်းရဲတဲ့ လူတစ်ယောက်မှာ စစ်မှန်တဲ့အချစ် ရှိသလို မျိုးရိုးစဉ်ဆက်ချမ်းသာတဲ့ လူတစ်ယောက်မှာလည်း စစ်မှန်တဲ့ အချစ်ဆိုတာ ရှိတာပဲ။ အချစ်ကို အချစ်လို့သာ တွေးရင် အဲဒီနှစ်ခုစလုံး ဟာ ပြဿနာမဟုတ်ဘူး။ ''ရင်ခုန်ရင် အချစ်ပဲကွယ်'' လို့ အဆိုတော် ထူးအိမ်သင်ကတောင် ဆိုဖူးသေးတာပဲ။ ဟုတ်တယ်လေ ။ ။ ။ ရင်ခုန်နေတဲ့ အချိန်မှာ ဆင်းရဲတာ ချမ်းသာတာဟာ ဘာများသိတော့လို့လဲ ။ ။ ။။

ကိုယ့်ဆရာလည်း ကြုံဖူးမှာပေါ့ ။ ။ ။ ရင်ခုန်တာ။ ဘဝမှာ အပြင်းပြဆုံး ရင်ခုန်တာလေ ။ ။ ။။ အဲဒီအချိန်မှာ အရာအားလုံးကို မေ့တော့တာပဲ။ ကိုယ်က ဘာပဲ ဖြစ်နေနေပေါ့။

နောက်ထပ် ။ ။ ။ ဥပမာတစ်ခု ပေးရအုံးမယ်ဗျာ။

ကိုယ့်လူမှုရေးအတွက် စည်းကမ်းထားရမယ့် လူတွေကို ရင်မခုန်ရဘူး။ အဲဒါ ရင်ခုန်ရင် အပြစ်ဆိုတာပါပဲ။ ဥပမာရဲ့ ။ ။ ။ ဥပမာဗျာ။ ထားပါတော့ ။ ။ ။ ကိုယ် အရမ်းခင်တဲ့ ကိုယ့်သူငယ်ချင်းရဲ့ နှမဆိုပါတော့။ ထုံးတမ်းစဉ်လာနဲ့ ဓလေ့မှာ သူ့ကို ရင်မခုန်ရဘူးတဲ့ဗျ။ ရင်ခုန်ရင် ။ ။ ။ အဲဒါ

www.burmeseclassic.com


လူမှုရေးငြိစွန်းမှု၊ သူငယ်ချင်းချင်း သစ္စာဖောက်မှုတဲ့။

ဒီကိစ္စကတော့ ရင်ခုန်သံကို နှစ်ပိုင်းခွဲချင်တယ်ဗျာ။

အဲဒီသူငယ်ချင်းရဲ့ နှမ(သို့) အစ်မကို ကိုယ်က တကယ်ရင်ခုန်တာ မဟုတ်ဘဲနဲ့ တွေ့တာဆုံတာများလို့၊ အခြေအနေပေးလို့၊ သူက ရေလာမြောင်းပေးလုပ်လို့၊ အဲဒါမျိုးနဲ့ ချစ်ဖို့ ယူဖို့ ကြိုးစားတာဆိုရင်တော့ လူမှုရေးပြစ်ချက်လို့ ကျွန်တော်လက်ခံပါတယ်။ ပတ်ဝန်းကျင်က တပ်တဲ့ ကင်ပွန်းကို ကျွန်တော်ကပါ ဘွဲ့တပ်ပေးလိုက်ဦးမယ်။

အဲဒီလိုမဟုတ်ဘဲ ကိုယ်က နှစ်နှစ်ကာကာ မေတ္တာစိတ်နဲ့ရင်ခုန်တာဆိုရင် ဘဝမှာ တစ်ခါမှမခုန်ဖူးတဲ့ ရင်ခုန်သံမျိုးနဲ့ အရူးအမူးခုန်တာဆိုရင် ရင်ခုန်သံဘက်က ကျွန်တော်လိုက်မယ်။ ခင်ဗျား အဲဒီလိုရင်ခုန်နေရင် ခင်ဗျားဘက်က ကျွန်တော်ရှိတယ်။ ဒါပေမယ့် ခင်ဗျားဟာ လွတ်လပ်သူတစ်ယောက်တော့ ဖြစ်ရမှာပေါ့။ အိမ်ထောင်နဲ့ဆိုရင်တော့ ခင်ဗျားဟာ ခင်ဗျားရင်ခုန်သံကို တစ်ကမ္ဘာလုံးမှာရှိတဲ့ မိန်းကလေးတွေအတွက် သတ်ပြီးသား သေပြီးသား ဖြစ်ရမယ်။ စာရိတ္တနဲ့ အသိဉာဏ်နည်းတော့ အိမ်ထောင်ရှင်တွေအတွက်တော့ ကျွန်တော်သိပ်မပြောချင်ဘူး။ ဒါပေမယ့် ကိုယ့်ဆရာကို ကျွန်တော်ယုံပြီးသားပါလေ။ အိမ်ထောင်ကျတယ်ဆိုတာ ကိုယ့်ရင်ခုန်သံကို ကိုယ်သတ်ပစ်တာပဲ။ စိတ်မခိုင်ရင်တော့ မလုပ်နဲ့ပေါ့။ အိမ်ထောင်က အခြေအနေအမျိုးမျိုးအရ ကွဲတာဆိုရင်တော့ တစ်မျိုးပေါ့လေ။

ဒါပေမယ့် . . . တစ်ခု ထပ်ပြောဦးမယ်။

ရင်ခုန်သံကို အဲဒီလို အိမ်ထောင်ကျဖို့ သတ်ပြီးသားလူတွေရဲ့ နောက်ထပ်ခုန်တဲ့ ရင်ခုန်သံဟာ ပထမလောက် သန့်စင်မှု မရှိဘူးဆိုတာကိုပဲ။

ကျွန်တော်လည်း ပြောရင်းနဲ့ စကားတွေ ရောကုန်ပြီ။ ဒါ . . .

ဒီလိုပဲ ဖြစ်တတ်ပါတယ်။ ကိုယ့်ဆရာလည်း ကြုံဖူးမှာပေါ့။ အမှန်တော့ ကျွန်တော်ပြောချင်တာက ရှေ့မှာပြောခဲ့တာတွေ တစ်ခုမှ မဟုတ်ပါဘူး။

ဒါပေမယ့် ရှေ့မှာ ပြောခဲ့တာတွေကိုလည်း တစ်ခုမှ ပယ်လို့မရဘူးပေါ့ဗျာ။

ကျွန်တော်က Company ပိုင်ရှင်သူဌေးသားလည်း မဟုတ်ပါဘူး။ ကျွန်တော့်မှာ စာရေးလည်းမရှိဘူး။ ကျွန်တော်အရမ်းခင်ရတဲ့ သူငယ်ချင်းရဲ့ နှမနဲ့ အစ်မကိုကြိုက်နေတဲ့ ကောင်လည်း မဟုတ်ပါဘူး။ အိမ်ထောင်ကျပြီးမှ နောက်တစ်ယောက်ကို ချစ်ချင်တဲ့ မုဆိုးဖိုလည်း မဟုတ်ပါဘူး။

ကျွန်တော်က လူပျို။ ရင်ခုန်ကောင်းကာစ ၂၁ နှစ်သားလေး။ မျက်နှာမှာ ဝက်ခြံတွေ ဘာတွေ ပေါက်ရင် ဂုဏ်ယူရတာတစ်မျိုး၊ ရှက်ရတာ တစ်ခုနဲ့ ဝက်ခြံကို သနပ်ခါးစက်ကလေးတို့တတ်တဲ့ အရွယ်ဗျာ။ (အသက်လေးဆယ်နား နီးနေတဲ့လူတွေ ဝက်ခြံကို သနပ်ခါးတို့ရင် ကျွန်တော် အရမ်းမုန်းပဲ)

ကျွန်တော့်ဘဝမှာ မတရားကြီးကို ရင်ခုန်နေရတဲ့ ချစ်သူက ကျွန်တော်နဲ့ တစ်နှစ် ခင်ပြီးသား ကျွန်တော့်သူငယ်ချင်းဗျ။

ပြဿနာက အဲဒီက စတာပဲခင်ဗျ။

တတိယနှစ် ရန်ကုန်တက္ကသိုလ်မှာ စတက်ကတည်းက ပထမနေ့မှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက်နဲ့ စတင်ပြီး သူနဲ့ ကျွန်တော် ခင်ခွင့်ရတယ်။ အဲဒီကတည်းက သူ့ကို ကျွန်တော် ရင်စခုန်တယ်။ ခုန်တာမှ မတရားဗျာ . . .။ ဥမ္မာဒန္တီကို သိဝိမင်းတွေ့တာထက် နည်းနည်းကလေးပဲ လျော့တယ်။ ကိုယ့်ဆရာရေ . . . လောကကြီးက ခဏတိတ်သွားပြီး မျက်စိထဲကို အလင်းတန်းကြီးဝင်တာခင်ဗျ။ အသိစိတ် တစ်ခုလုံးပျာပြီး ရင်ခုန်သံချည်း ကျန်ခဲ့တာ၊ အသိစိတ်နဲ့ ခန္ဓာကိုယ်လည်း တွဲလို့

www.burmeseclassic.com


ရရော လူက ကတုန်ကရင်နဲ့ လက်ဖျားခြေဖျားအေးစက်ပြီး ချွေးတွေ ဘာတွေ ထွက်လို့။ ကြွက်ကြွက်တွေ ဘာတွေလည်း ပျက်လို့ပေါ့ဗျာ ။ ။ ။

ပထမဦးဆုံး စကြားတာ ရင်ခုန်သံပဲ၊ ပြင်းလိုက်တာဗျာ ။ ။ ။ သေခါနီး နှလုံးရောဂါသည်အတိုင်းပဲ။ ကိုယ် ။ ။ ။ ဘာဖြစ်လို့ ဖြစ်မှန်းမသိတဲ့ အချိန်ဟာ ကျွန်တော့်ဘဝမှာ အဲဒီတစ်ခါပဲရှိတယ်။ ဘေးက ဘော်ဒါတွေ ကတော့ စပ်ဖြဲဖြဲပေါ့လေ ။ ။ ။ သူတို့အပြောအရ ကျွန်တော် နှစ်မိနစ်လောက် ငေါင်သွားတယ်တဲ့ ။ ။ ။ ။ ထားပါ ။ ။ ။

သိဝိမင်းထက် ကျွန်တော်သာတဲ့အချက်က သူက မိတ်ဆက်ပြီးတာနဲ့ စထွက်သွားတာနော်။ ကျွန်တော်က တက္ကသိုလ်ကျောင်းသားဖြစ်နေတာရယ် ။ ။ ။ သူနဲ့ ကျွန်တော် တွေ့တဲ့နေရာက ကဲန်တင်းဖြစ်နေတာရယ်ပါပဲ။

ကျွန်တော်ဒီလောက်ဖြစ်တာလည်း မအံ့သြနဲ့ ကိုယ့်ဆရာရေ။ ကောင်မလေးက တော်တော်လှတာခင်ဗျ။ နာမည်က 'လမင်း' ။ ။ ။ တဲ့။ အချိုးအစားက မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေထဲမှာ မော်ဒယ်တွေ ပြောတတ်တဲ့ အချိုးအစားဗျာ။ ဆံပင်က နက်မှောင်လို့။ သူ့ဆံပင်ကြားထဲမှာသာ နေရရင် နေ့လည်နေ့ခင်းကလည်း မှောင်နေမှာပဲ။ အုံကောင်းလိုက်တာက လည်း မပြောနဲ့တော့။ ဆံပင်လုံးတွေကလည်း အကြီးကြီးခင်ဗျ။ ဆံပင်ရှည်ပေမယ့် တစ်ချောင်းစီ တစ်ခုစီ မြင်နေရတာ။

မျက်ဝန်းတွေက ရွှဲလို့ ။ ။ ။ မျက်စိနက်တွေက ပြားစေ့လောက်ရှိတယ်ဗျာ။ မျက်ဝန်းတစ်အုံလုံးက လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာလောက်ရှိတယ်။ နှာခေါင်းကျတော့ နဖူးကနေကျတဲ့ နှာခေါင်းဗျို့။ အဖျားက ချွန်လို့၊ နှာအိမ်ကလေးတွေက ပါးပါးကလေး။ အံမယ် ။ ။ ။ နှာခေါင်းနဲ့ အပေါ်နှုတ်ခမ်းက သူ့လက်သန်းတစ်လုံးစာလောက်ပဲ ဝေးတာ။ အပေါ်နှုတ်ခမ်းက နည်းနည်းပါးပေမယ့် အောက်နှုတ်ခမ်းက ဖူးဖူးလုံးလုံးကလေး။

BURMESE CLASSIC .com

ရယ်လိုက်ရင် ပါးချိုင့်နှစ်ဘက်က စင်း ့ ့ ့ လို့။

အဲဒါတွေ ထားပါဗျာ ့ ့ ့။

နားထင်အစပ်နားက ဆံစကလေးတွေကိုပဲ ခင်ဗျားကို ပြချင်တယ်။ လှလိုက်တာဗျာ ့ ့ ့။ ဘယ်ပန်းချီဆရာမှ ရေးနိုင်မယ် မထင်ဘူး။ ပန်းချီဆရာတွေက နားထင်နားက ဆံစကလေးတွေဆို ခပ်ပေါ့ပေါ့ စုပ်ပြားကြီးနဲ့ ဆွဲချလိုက်တာပဲ ရှိတယ်။ သူ့လို ဆံစမျိုးတွေ့ရင် စိတ်ပြောင်းချင်ရင်လည်း ပြောင်းသွားမှာပါပဲ။ ကိုယ့်ဆရာရေ ့ ့ ့ တကယ်ပြောတာပါ။ သူ့ရဲ့ မကား မကုတ်တဲ့ နားရွက်ဝါဝါကလေးနဲ့ နားထင်အစပ်က ဆံစကျပုံကိုက ဟာမိုနီဖြစ်နေတာ။ သူ မိတ်ကပ်လိမ်းမလာတဲ့ နေ့မျိုး နေရောင်ကများ ပါးပြင်ပေါ်ကို ခပ်စောင်းစောင်းကျလိုက်ရင် သူ့ပါးပြင်ပေါ်က မွှေးညင်းနုကလေးတွေ ပါးပါးကလေးထောင်ထနေတာ ကျွန်တော်တွေ့ခဲ့ဖူးတယ်။

အဲဒီတော့ ့ ့ ့ သူ့ကို ကျွန်တော်ချစ်တာပေါ့ဗျာ။

ကိုယ့်ဆရာတွေ့ရင်လည်း ကိုယ့်ဆရာ သူ့ကို ချစ်မှာပါပဲ။ ကိုယ့်ဆရာနဲ့ ကျွန်တော်တောင် ရန်သူ ဖြစ်ချင်ဖြစ်ဦးမယ်။ ဒါဟာ အပြစ်မှ မဟုတ်တာ။ ထားပါ ့ ့ ့။

အဲဒီလို သိပ်လှပြီး သိပ်ချစ်ဖို့ကောင်းတယ်ဆိုတာထက် နှစ်မိနစ်လောက် လောကကို မေ့သွားတဲ့ ကျွန်တော့်ရင်ခုန်သံစစ်စစ်ကသာ သူ့ကို တန်ဆာဆင်ပေးတာပါ။ ဟုတ်တယ်လေ ့ ့ ့ မိန်းကလေးတစ်ယောက် လှတယ်ဆိုတာ သတိပြုမိတဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်ပါ။ အဲဒီယောကျ်ားလေးဟာ အသေးစိတ်နိုင်လေ သူက ပိုလှလေပဲ။ ကျွန်တော်ကတော့ သူ့ကို အသေးစိတ်ကို သတိပြုမိတာပါ။ သူ ရယ်လိုက်ရင် သွားကလေးတွေက ပစ္စတိုကျည်ဆံထောင်ထားတဲ့ အတိုင်းပဲ။ သူ့လက်ဖဝါးက ရဲလို့ ့ ့ ့။ လက်ချောင်းကလေးတွေက ဖယောင်းကို ပုံသွင်း

www.burmeseclassic.com


ထားတဲ့ အတိုင်းပဲ။ လက်သည်းကလေးတွေကလည်း အသည်းယားချင်စရာပါ။ ချောမွတ်နေတဲ့ သူ့လက်ချောင်းထိပ်ကလေးကနေပြီးတော့ နေကြာစေ့ခွံ တစ်ခွံစာလောက်ပဲ ထွက်နေတာ။

ကျွန်တော်က တကယ့်ကို မရိုးသားတဲ့ ကောင်ပါ။

'လမင်း' ဆိုတဲ့ အဲဒီကောင်မလေးကို တတိယနှစ် တစ်နှစ်လုံး ခင်ခဲ့ပြီးမှ နောက်ဆုံးနှစ်ရောက်မှ ချစ်ဖို့ ကြိုးစားတယ်ဆိုတော့ သူငယ်ချင်းဆိုတဲ့ စည်းနဲ့ငြိပြီး ကျွန်တော်ကိုယ့်ကို ဒီလိုပဲ ပြောရမှာတော့မှာပေါ့။

ကိုယ့်ဆရာနဲ့ လောင်းချင်တယ်ဗျာ။

ကိုယ့်ဆရာဆိုရင် လွန်ခဲ့တဲ့ ရှစ်လလောက်ကတည်းက လမင်းကို စာပေးပြီးနေလောက်ပြီ ဆိုတာပါပဲ။

ကဲ . . . တစ်သန်းကြေး လောင်းမလား။

●

ဒီလောက်ဆို ကျွန်တော်ဘာလုပ်တော့မယ်ဆိုတာ ကိုယ့်ဆရာလည်း သိရောပေါ့။

ဟုတ်တယ် . . .။

ကျွန်တော် ဒီနေ့ လမင်းကို ချစ်တယ်ဆိုတဲ့အကြောင်းတွေ ရေးထားတဲ့ စာပေးဖို့ အစစအရာရာ စီမံထားတယ်။ စီမံထားတယ်လို့ ပြောလို့ သိပ်အထင်တကြီးတော့ မရှိနဲ့ခင်ဗျ။ နည်းက ခပ်ရိုးရိုးပါ။ လွန်ခဲ့တဲ့ (၃) ရက်လောက်တုန်းက လမင်းဆီက ကျွန်တော် Paper-4

စာအုပ် ငှားထားတယ်။ အဲဒီစာအုပ် ပြန်ပေးရင်းနဲ့ စာအုပ်ထဲမှာ စာထည့်ပေးမယ်ပေါ့ဗျာ . . .။ နည်းက ကမ္ဘာဦးနည်းပါ။ ကျွန်တော်ကသာ သူ့ကို အချစ်စိတ်အရမ်းကြီးလို့ ဒါကို အကြီးအကျယ် ထင်နေတာ။

ကျွန်တော်က လိုင်ဗရီရှေ့က ကံ့ကော်ပင်တန်းရှေ့မှာ ရပ်ပြီး ဒီနေ့ ကျောင်းကိုလာမယ့် လမင်းကို စောင့်နေတာ။ ကျွန်တော့်ကျောဘက်က ကံ့ကော်ပင်တန်းအောက်က ထိုင်ခုံမှာ ချစ်သူစုံတွဲ နှစ်တွဲရှိပြီး ရပ်သိပ်မချောတဲ့ ကောင်မလေး သုံးအုပ်စုလောက် ထိုင်နေတယ်။ သုံးအုပ်စုစလုံး နေကြာစေ့တွေ စားလို့ခင်ဗျ။

စာကြည့်တိုက်ရှေ့ လှေကားတွေမှာတော့ ဘာကြောင့်မှန်းမသိ၊ ပျော်နေတဲ့ ခပ်လောင်လောင်ကျောင်းသား ရှစ်ယောက်လောက် ထိုင်နေကြတယ်။ လောင်လိုက်၊ ပျော်လိုက်တာမှ သူတို့ရှေ့က ဖြတ်သွားတဲ့ ဘယ်ကျောင်းသူကိုမှ အလွတ်မပေးဘူး။ အသံသေး အသံသြောင်နဲ့ တစ်ယောက်တစ်မျိုးပြောကြ၊ ရယ်ကြနဲ့ . . .။ တစ်ယောက်တည်းလာတဲ့ ကောင်မလေးဆို ခြေလှမ်းတွေ ဘာတွေ မှားလို့။

အံမယ် . . . ဂျင်းဘောင်းဘီဝတ်ပြီး ကျောပိုးအိတ်ကို ကျောမှာ လွယ်ထားတဲ့ ကောင်မလေးကျတော့ သူတို့ ရှုံးရောဗျို့ . . .။ ကောင်မလေးက သူတို့နောက်တာကို ဂရုမစိုက်တဲ့ပြင် ပါးစပ်က ပီကေတောင် ဖောက်ပြသွားသေးတယ်။ သူတို့ကလည်း အရှုံးကိုကျေကျေနပ်နပ်ခံယူရင်း ''ဟေး'' . . . ခနဲ အော်ကြပါတယ်။

ကျွန်တော့်တစ်ဘဝလုံး ရင်ခုန်သံနဲ့ ဒီအုပ်စုရဲ့ အပျော်နှစ်ခုစလုံးကို မလဲနိုင်တဲ့အတွက် ကျွန်တော်နေရာပြောင်းဖို့ စဉ်းစားပါတယ်။ ဟုတ်တယ်လေ . . .။ ဒီရှေ့ကနေ လမင်းနောက်ကို ကပ်လိုက်လို့ကတော့ သူတို့ရဲ့ပစ်မှတ်က ကျွန်တော်ဖြစ်သွားမှာပေါ့။ ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိဘဲနဲ့ ကျွန်တော် အသည်းမကွဲချင်တာတော့ အမှန်ပဲ။



BURMESE CLASSIC .com

www.burmeseclassic.com


လိုင်ဗရီရှေ့က အဓိပတိလမ်းအစပ်မှာ ကျွန်တော်ရပ်ရင်း အဓိပတိလမ်းကြီးကို ငေးကြည့်ရတယ်။ နေရောင်က သာလို့ . . .၊ ရေတမာပင်တွေက အရွက်ချွန်တွေနဲ့ ငြိမ်လို့ . . .၊ ကျောင်းသူတွေက တလှုပ်လှုပ်နဲ့ အဓိပတိလမ်းမှာ လျှောက်လို့ . . .။ ကဲ . . . ဆိုပြီး ပုဂံလမ်းဘက်ကများ လမင်းလာမလားလို့ တွေးမိသေးတယ်။ ဟုတ်တယ်လေ . . . ကျွန်တော်က ကံဆိုးနေကျ ကောင်၊ ဘဝမှာ မကြာခဏ လွဲတတ်တဲ့ကောင်ဆိုတာ ကိုယ့်ဆရာလည်း သိမှာပေါ့။

လမင်း . . .။

ဟုတ်တယ် . . .။ အသိစိတ်က ဆုံးဖြတ်ပြီးတော့ နှလုံးကို ထိုးဆောင့်လာတဲ့ သွေးက တော်တော်အရှိန်ပြင်းတယ်။ လမင်းနဲ့ စတွေ့တုန်းကလိုပဲ။ အချိန်တော့ ကွာတယ်၊ ငါးစက္ကန့်လောက်ပေါ့။ ဟုတ်တယ်လေ . . . ကျွန်တော်က မရိုးသားတဲ့ကောင် မဟုတ်လား။

ပြင်ဆင်ချိန်တော့ ရပါတယ်။ လမင်းက လူလုံးပေါ်စပဲ ရှိသေးတာ၊ ဒါပေမယ် . . . ကျွန်တော်အတတ်သိတယ်၊ အဲဒါ . . . လမင်း၊ ကျွန်တော် လမ်းလျှောက်ပုံကို ကျွန်တော့်ကိုယ်ကျွန်တော် တစ်သက်လုံး ပြန်ကြည့်လို့ မရလို့ မမှတ်မိပေမယ့် လမင်းကိုတော့ မှတ်မိပါတယ်။ အဲဒါ . . . ''လမင်း''။

ကျွန်တော် လွယ်ထားတဲ့ လွယ်အိတ်ကြိုးကို တင်းတင်းဆုပ်ပြီး လွယ်အိတ်ထဲက လမင်းရဲ့စာအုပ်ကို အသာထိထားလိုက်တယ်။

''ဟဲ့ . . . မိုးဆွေ''

နှလုံးသားတစ်ခုလုံး ကျွံထွက်နေလို့ ကမ္ဘာမြေကြီးပေါ်မှာ အပ်ဖျားကလေးလောက်ပဲ တွယ်ငြိနေတဲ့ ကျွန်တော့်ကို အနောက်ကနေ တွန်းတာ ခံလိုက်ရတာပါ။ ကျွန်တော် အသည်းတုန်အောင် လန့်သွားတာပေါ့။ လှမ်းကြည့်လိုက်တော့ သင်းသင်းသာနဲ့ သွန်းနှင်းအိမ်။

''နင် . . . ဒါ . . . ဘာလုပ်နေတာလဲ''


BURMESE CLASSIC .com

ကိုယ့်ဆရာရေ . . . ကျွန်တော် ရှစ်စက္ကန့်လောက် ဘာမှပြန်မပြော နိုင်ဘူး။

ဒီနှစ်ယောက်က အတန်းထဲက 'ဇော်' တွေပါ။ ပိုဆိုးတာက လမင်းကို ကျွန်တော်ချစ်နေတယ်ဆိုတာ သူတို့ သိထားကြတယ်။ သူတို့သာ ရှိနေလို့ကတော့ ကျွန်တော့်တစ်ဘဝလုံး အစီအစဉ်တွေ သွားပြီ။

လက်တစ်ဖျစ်မှာတောင် စိတ်က ကုဋေတစ်သန်းဖြစ်ပျက်တာ ဆိုတော့ ရှစ်စက္ကန့်မှာ ကျွန်တော် ကောင်းကောင်းအချိန်ရပါတယ်။ ကျွန်တော့်စိတ်ဟာ ကုဋေပေါင်းများစွာဖြစ်ပြီးတော့ သူတို့ကို ဘယ်လို လုပ်ရမယ်ဆိုတာ ကျွန်တော် အားလုံးကို စဉ်းစားပြီး ဖြေရမယ်။

''အံမယ် . . . ငါ့ဘာသာငါ ဘယ်နားရပ်ရပ် နင်တို့နဲ့ဘာဆိုင်လို့လဲ''

သူတို့က အဲဒီလို ဘုတောမှရမယ့် ကောင်မလေးတွေ။ အဲဒီလို မပြောရင် အမေးအမြန်း သိပ်ထူတာ။ လမင်းရဲ့ခြေလှမ်းတွေကို စိတ်နဲ့ တွက်ကြည့်တော့ လူလုံးပေါ်ခါနီးနေပြီလို့ သိရတယ်။

''ဘာမှမဖြစ်ဘူးပဲ ထားပါတော့၊ နင် . . . ငါ့စာအုပ် Paper-2 ကို ငှားသွားတာ သုံးရက်ရှိပြီ မိုးဆွေ၊ အဲဒါ . . . ပြန်ပေးတော့''

သွန်းနှင်းအိမ်ဆိုတဲ့ ကောင်မလေးက ပိန်ညှောင်နေတဲ့ သူ့ လက်မောင်းကို ခပ်ဆဆ ဆန့်တန်းရင်း မွဲခြောက်နေတဲ့ သူ့လက်ညှိုး ကို စိတ်ခေါ်သလို ကွေးကောက်ပြရင်း လေးငါးချက် လှုပ်တယ်။ ပိန်ရတဲ့ ကြားထဲ သူက အပိုင်ဆိုပြီး ခပ်ထေ့ထေ့ပြုံးတော့ W (ဒဗလျူ) ဘောလုံး ကို လေလျှော့ထားတဲ့ အတိုင်းပဲဗျာ . . .။ တော်တော့်ကို ကြည့်ရဆိုးပါ တယ်။ ဘေးက ငှက်ပျောပင်လို လက်မောင်းမျိုးနဲ့ သင်းသင်းသာ ပြုံးပုံကတော့ သိပ်မထူးခြားပါဘူး။ ဖောင်းအစ်နေတဲ့ သူ့မျက်နှာက ပြုံးပြုံးမဲ့မဲ့ သိပ်မကွာဘူး ခင်ဗျ။

ဒါပေမယ့် သွန်းနှင်းအိမ် တောင်းတာတော့ ဟုတ်ပါတယ်။ လမင်း

BURMESE CLASSIC .com

www.burmeseclassic.com


စာအုပ်ကို ငှားတဲ့နေ့က ကျွန်တော့မရိုးသားမှုကို သဘာဝကျအောင် ဆိုပြီး လမင်းနောက်တန်းမှာရှိတဲ့ သူတို့ရဲ့ စာအုပ်ကိုပါ ငှားမိတာကိုး။

''မနေ့က အားနာလို့ မတောင်းတာ၊ ဒီနေ့ Paper-2 ပါတယ်။ နင် ပါမလာရင်တော့ . . .''

''ပါတယ် ပေးမယ်''

ကျွန်တော် လွယ်အိတ်ထဲက လက်တွေကို ရုပ်ပြီး စာအုပ်ရှာ အလုပ်ရှုပ်နေတုန်း သင်းသင်းသာက ပြောတယ်။

''နင် လမင်းကို စောင့်နေတာမဟုတ်လား''

ဘုရား . . . ဘုရား။ ကျွန်တော်မျက်စိတွေ ပြာသွားတယ်။ ရင်တွေ တုန်လိုက်တာလည်း အရမ်းပါပဲ။ သူတို့ရဲ့ လျင်မြန်ခြင်းနဲ့ ခိုးကြည့်တော့ လမင်းက လူလုံးကွဲရုံတင် မဟုတ်ပါဘူး။ ကျွန်တော်နဲ့ ရေတမာပင် နှစ်ပင် လောက်ပဲ ကွာတော့တာ ခင်ဗျ။

''ဘာဆိုင်လို့လဲ၊ ငါ့ဘာသာရပ်နေတာ၊ ရော့ . . . နင့်စာအုပ်''

''ငါတို့ အခု ဂျပ်ဆင်ရှေ့က ဝက်သားတုတ်ထိုးဆိုင်မှာ ဝက်သား တုတ်ထိုး သွားစားမလို့၊ စာအုပ်ငှားခ နည်းနည်းလိုက်မကျွေးချင်ဘူး လား''

''ငါမှ ဝက်သားမစားတာ''

''မိုးဆွေရာ . . . လမင်းနဲ့ ငါတို့နဲ့အတူ နင် ဝင်သားတုတ်ထိုး စားတာလေ . .. .၊ နားရွက်ကြီးပဲ နင်စားတာ ငါမသိဘူးများ မှတ်နေလား''

ကိုယ့်ဆရာရေ . . . အဲဒီအချိန်မှာ လမင်းက ကျွန်တော်တို့နဲ့ အတော်နီးနီးကို ရောက်နေပြီဗျာ။ နီးတာမှ သူ့အကျႌအရောင်ကိုတောင် မြင်ရတယ်။ ငပိစိမ်းစားရောင်ထမီနဲ့ အဝါရောင်ဖျော့ဖျော့နုနုအကျႌကလေး ကို ဝတ်လို့ ခင်ဗျ။ ဆံပင်အရှည်ကြီးတွေကို ကျစ်ဆံမြီး ကျစ်လို့ . . .။ ခပ်တည်တည်ပဲ လာနေတာ။ ကျွန်တော့်စိတ်ထင် သူ ကျွန်တော့ကို

လှမ်းမြင်တယ် ထင်တာပဲ။ ဟုတ်ပါတယ် . . .။

''အေး . . . အဲဒီတုန်းက စားတယ်၊ အခု မစားတော့ဘူးဟ၊ သွားပါဟာ''

''သြော် . . . ဟိုမှာ လမင်း . . .''

''နင် လမင်းကို စောင့်နေတာ မဟုတ်လား''

''မဟုတ်ပါဘူးဆို၊ နင်တို့ဘာသာ စားကြပါဟာ''

''အံမယ် . . . ငါတို့က နင့်ကို စေတနာနဲ့ခေါ်တာ၊ ဝက်သားတုတ်ထိုးဆိုတာ မနက်ခင်းစားမှ စုံတာ၊ ညနေဆို အူပိတ်တို့ အချင်းတို့ မျက်လုံးတို့ ရှိတော့တာ မဟုတ်ဘူး။ နင် ဘယ်သူ့ကိုမှ စောင့်နေတာ မဟုတ်ရင် လိုက်ခဲ့''

အရေးထဲ ဝက်သားငြီကာ လာချဲ့နေတဲ့ သင်းသင်းသာကို ကျွန်တော် အရမ်းအသည်းယားသွားတယ်။ အသည်းမယားဘဲ နေနိုင်ပါ့မလား၊ လမင်းက ကျွန်တော်နဲ့ အတော်နီးနီးကို ရောက်နေပြီ။ ကျွန်တော့်ကိုတောင် လှမ်းမြင်သွားပြီ။

''သြော . . .. . ဟိုမှာ လမင်း''

ကျွန်တော့်ကို ဂျစ်တိုက်နေတဲ့ အဲဒီနှစ်ယောက်ကလည်း လျှောက်လာနေတဲ့ လမင်းကို မြင်သွားကြတယ်။ သွန်းနှင်းအိမ်က 'ဟင်း ဟင်း ဟင်း'' ဆိုပြီး ကျွန်တော့် ကြည့်ရယ်သေးတယ်။ မိန်းကလေးတွေရဲ့ အဲဒီအပြုအမူကို ကျွန်တော်အရမ်းမုန်းပဲ။ သူတို့ကများ နိုင်ကွက်ကလေးတစ်ခုလောက် ရသွားရင် မထေ့ပြုံးကလေးနဲ့ ''ကဲ . . . ဘာတတ်နိုင်သေးလဲ'' ဆိုတဲ့ အမူအရာမျိုး။ သူတို့များ မှားလို့ကတော့လား မျက်နှာက Kiss Me Quick ရွက်ကို ရေနွေးနဲ့ အပြုတ်ခံထားရတဲ့ အတိုင်းပဲ။

''နင် လမင်းကိုစောင့်နေတာ မဟုတ်ဘူးဆိုရင် ငါ လှမ်းခေါ် လိုက်ရမလား''

BURMESE CLASSIC .com

www.burmeseclassic.com


သင်းသင်းသာက ကျွန်တော့်ရင်ဘတ်ကို ခေါင်းနဲ့ထောက်ထားသလို လေသံမျိုးနဲ့မေးတယ်။ ကိုယ့်ဆရာရေ . . . ကျွန်တော်လည်း ဘာတတ်နိုင်တော့မှာလဲ၊ သူတို့ကို တောင်းပန်ရတော့တာပေါ့။ မတောင်းပန်လို့လည်း မရတော့ဘူးလေ။ လမင်းက ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး သူလာနေတဲ့ ပလက်ဖောင်းကနေ ဟိုတစ်ဖက်ကို မသိမသာ ပြောင်းသွားပြီ။ အတန်းထဲမှာ ဘယ်သူ့မှ ဂရုမစိုက်ဘဲ သူတို့လုပ်ချင်ရာ ထထလုပ်တတ်တဲ့ ခပ်ကြောင်ကြောင် ကောင်မလေးနှစ်ယောက်ကို လမင်းလည်း လန့်ပုံရတယ်။ ကျွန်တော်ရှိတော့ ပိုဆိုးတာပေါ့ . . .။

''ငါ . . . ငါ တောင်းပန်ပါတယ်ဟာ၊ ငါ့ကို ဒုက္ခမပေးကြပါနဲ့၊ နင်တို့ပဲ သွားစားကြပါ၊ တောင်းပန်ပါတယ်ဟာ . . .''

Kiss Me Quick ရေခွေးပြုတ်က ကျွန်တော် ဖြစ်သွားတာဗျို့။ မတတ်နိုင်ဘူးလေ . . .၊ အချစ်အတွက်ပဲ မဟုတ်လား။ ကျွန်တော့်ရှေ့က ပညာရှိတွေ အနုပညာသမားတွေတောင် ဒီထက်မက ကျိန်ကြ၊ ရေးပြကြသေးတာပဲ။

''ရပါပြီ . . . ရပါပြီ၊ အဲဒါ အစကတည်းက ပြောပါလား၊ ဆရာကြီးလိုလို ဘာလိုလိုနဲ့ သွားတော့ . . . သွားတော့ ရပြီ''

စပ်ဖြဲဖြဲအပြုံးတွေနဲ့ သူတို့ လှည့်ထွက်လို့ သုံးလှမ်းလောက်ရောက်မှ ကျွန်တော် လမင်းကိုလှမ်းရှာတော့ ကျွန်တော်နဲ့ ခြေလှမ်းဆယ်လှမ်းလောက် ဝေးနေပြီ။ ဘာရမလဲ . . . ကျွန်တော်လည်း ကျုံးပြေးရင်း ''လမင်း . . . လမင်း'' . . . လို့ လှမ်းခေါ်ရတာပေါ့။

အဖြစ်အပျက်က အတော်မြန်တယ် ကိုယ့်ဆရာရေ . . .။

ကျွန်တော် ကျုံးအော်ပြီး နောက်က အရှိန်နဲ့ ပြေးလိုက်တုန်း လမင်းက ဖြုန်းဆို ရပ်လိုက်တာဆိုတော့ ကျွန်တော် လမင်းကို ဝင်တိုက်မလို ဖြစ်သွားတာ။ လမင်းက ကမန်းကတမ်းရှောင်လို့ ဝင်မတိုက်မိပေမယ့်

ကျွန်တော့်အရှိန်နဲ့ ကျွန်တော် သုံးလေးလှမ်းလောက် ကျုံသွားတာပေါ့။ လိုင်ဗရီလှေကားမှာထိုင်ပြီး လောင်နေတဲ့ အုပ်စုဆီက ''ဟေ . . .'' ခနဲ အသံထွက်လာတယ်။ ဟုတ်တယ်လေ . . . ဒါမျိုးကိစ္စကို ဘယ်အလွတ်ပေး ကြလိမ့်မလဲ။

''လမင်း''

''ဘာလဲ''

ကျွန်တော် ''လမင်း'' လို့ အလန့်တကြားခေါ်တဲ့ လေသံမှာ တောင်းပန်တာရော၊ တုန်လှုပ်တာရော ပါနေလိမ့်မယ်ဆိုတာ သေချာ ပါတယ်။ ဒါပေမယ့်ဗျာ . . . ''ဘာလဲ'' . . . လို့ အော်ပြီး လမင်းကျွန်တော့်ကို လှမ်းကြည့်တဲ့ မျက်လုံးကတော့ တော်တော်ကြောက်ဖို့ ကောင်းတယ်။ နေရောင်အောက်မှာ မောင်းချခားကို ဖျောင်းခနဲ ဖွင့်လိုက်တဲ့ ပုံစံမျိုးဗျ။ ကျွန်တော်လည်း ပြာသွားတာပေါ့။

''ဟိုလေ . . . ဟို . . . မနေ့က အဲဒါ စာအုပ်လေ . . . စာအုပ်ငှားထား တာ၊ အဲဒါ . . . ပြန်ပေးမလို့''

''စာအုပ် . . . ဟုတ်လား . . . ကျွတ်''

ဝင်းဝင်းတောက်နေတဲ့ လမင်းမျက်လုံးထဲက အရောင်တွေ ဖျတ်ခနဲ လွင့်သွားပြီး လမင်းက အခြားဘက်ကို လှည့်ပါတယ်။ သူ ကျွန်တော့ကို တော်တော်စိတ်ပျက်သွားပုံရတယ်။ ဟုတ်တယ်လေ . . .။ လူရှေ့ သူရှေ့မှာ အရေးတကြီး ဝင်တိုက်မိတော့မလို ပြေးလာပြီးမှ ကိစ္စက ဘာမှမှမဟုတ်။ စာအုပ်ပေးတာပဲ ဘယ်သူနဲ့ ပေးပေးပေါ့ မဟုတ်ဘူးလားဗျာ . . .။

''စာအုပ်ပေးတာပဲ . . . ဟုတ်တယ်၊ ဒီလောက်အရေးတကြီးနဲ့ . . . ဟုတ်တယ်၊ ဘာမှန်းကို မသိဘူး၊ ခက်တာပဲ''

ကျွန်တော့်ကောင်မလေးက ''ဟုတ်တယ်'' ဆိုတဲ့ စကားကို

BURMESE CLASSIC .com

www.burmeseclassic.com


ခဏခဏ သုံးတတ်တယ်။ ကျွန်တော်ကတော့ ''မဟုတ်ဘူး'' ဆိုတာကို အသုံးများတယ်။ ဘာပဲဖြစ်ဖြစ်ဗျာ ။ ။ ။ အဓိပ္ပာယ် ထွေထွေထူးထူးမရှိတဲ့နဲ့ကို သူ ''ဟုတ်တယ် ။ ။ ။ ဟုတ်တယ်'' လို့ ပြောတာကို ကျွန်တော် သိပ်ချစ်တာပဲ။ ချစ်တယ်ဆိုတာ ဒါပဲဗျာ။ ဘာမှတော့ မဟုတ်ပါဘူး။

''မဟုတ်ဘူး လမင်းရ၊ ဟို ။ ။ ။ ဟို ။ ။ ။ ငါကလေ၊ အဲဒါ ။ ။ ။ ဒီလိုဟာ ။ ။ ။''

ကျွန်တော် ဘာဆက်ပြောရမှန်းမသိဘူး ကိုယ့်ဆရာရေ ။ ။ ။။ စိတ်ကူးထားတာတွေက ဟိုကောင်မလေးနှစ်ယောက်ကြောင့် လွဲကုန်တာမဟုတ်လား။ ပြီးတော့ ။ ။ ။ ဝင်တိုက်မိမလိုကလည်း ဖြစ်သေးဆိုတော့ စိတ်ထဲမှာ ဘာဆိုဘာမှ ပြောရမှန်းကို မသိတော့တာ။ ကျွန်တော် ယောင်ပြီး လက်ထဲက မီးမရှိတဲ့ ဆေးပေါ့လိပ်ကို ဖွာနေမိတယ်။ ကျွန်တော့်ကို ပြန်တည်ပြီးကြည့်တဲ့ လမင်းရဲ့ မျက်ဝန်းတွေက ပြန်စူးရှလာတယ်။

အဲဒီအချိန်မှာဗျာ ။ ။ ။ လိုင်ဗရီလှေကားထစ်က ငနဲတွေဆီက ''ဟေ့ ။ ။ ။ ကောင်မလေး၊ ကောင်လေးကို လွှတ်လိုက်'' ဆိုတဲ့အသံ ပေါ်လာပြီး တဟားဟား ဝိုင်းဟားကြတယ်။ အဲဒီအသံကြောင့် အခြေအနေက ပိုဆိုးသွားတယ်။ တော်တော်မလုပ်သင့်တဲ့ ကိစ္စဗျာ ။ ။ ။၊ ကျွန်တော်လည်း အုပ်စုကောင်းရင် ဒီလို အရည်မရ အဖတ်မရတွေ အရင်က လုပ်ဖူးပါတယ်။ ပြီးတော့လဲ ဘာမှမဟုတ်ဘူး မေ့သွားတာပဲ။ ပြန်တွေ့ရင်တောင် အဲဒီစုံတွဲကို မှတ်မိတာမဟုတ်ဘူး။ ခံရတဲ့လူအတွက်ကတော့ မသက်သာဘူး။ ဘဝထဲကနေ လာတဲ့ ခံစားမှုတစ်ခု ခင်ဗျ။ မလုပ်သင့်တာဗျာ ။ ။ ။။ လမင်းလည်း အဲဒီစကားသံကြောင့် တော်တော်ရှက်သွားပုံရတယ်။

''ကဲ ။ ။ ။ ဘာဒီလိုလဲ ပြော ။ ။ ။ ပြော ။ ။ ။ ဟုတ်တယ်၊ ငါသွားတော့


BURMESE CLASSIC .com

မှာနော်''

''မဟုတ်တူးဟ၊ ဟို ။ ။ ဟို ။ ။ ။ အဲဒါ စာအုပ်ငှားတော့လေ ။ ။ ။ အဲ ။ ။ ။ ကျေးဇူးတင်တာလို့ ။ ။ ။ နင့်ကို လက်ဖက်ရည်တိုက်မလို့ ကဲန်တင်းကို ခဏလိုက်ခဲ့ပါလား''

''ဘာ ။ ။ ။ ကဲန်တင်းကို ဟုတ်လား''

''မဟုတ်တူးဟ ။ ။ ။ ကဲန်တင်း ။ ။ ။ ကို ။ ။ ။''

တော်တော်ညံ့ပြီး အသုံးမကျတဲ့ စကားပါဗျာ။ လမင်းက လည်း နည်းမလည်ဖြစ်ပြီး တအံ့တဩ ခါးကလေးကုန်းပြီး ကျွန်တော့် မျက်နှာနား ကပ်အော်တယ်။ ''ဘာ ။ ။ ။ ကဲန်တင်းကို ။ ။ ။ ဟုတ်လား'' တဲ့။ ဟုတ်တယ်လေ ။ ။ ။။ တစ်နှစ်ကျော်ကျော်ခင်ပြီးတဲ့ သူငယ်ချင်းကို စာအုပ် ငှားလို့ လက်ဖက်ရည်တိုက်တယ်ဆိုတာ သဘာဝမှ မကျဘဲ။ ဘတ် ။ ။ ။ ခနဲ ရော့ ။ ။ ။ နင့်စာအုပ်ဆို ပြန်ပေးရင်လဲ ရတာပဲ။ သူငယ်ချင်းတွေနဲ့ ပေးလိုက်ရင်လဲ ရတာပဲ။ အစီအစဉ်တွေ ပျက်တာရော၊ ရင်ခုန်တာရော နဲ့ အကုန်ရောပြီး ကျွန်တော်လည်း ပါးစပ်ထဲရှိတာ ပြောချလိုက်တာ။ သဘာဝမကျတာကတော့ ကမ်းကုန်ပဲဗျာ။

ခဏလေး ငြိမ်သွားတုန်းမှာဗျာ ။ ။ ။

''ကြော်ညာတွေ ဝင်မနေနဲ့၊ ပော့ကောင်မလေး ကောင်လေးကို လွှတ်လိုက်'' ။ ။ ။ ဆိုတဲ့ အသံဆိုးကြီးက ကြားရပြန်ရော။ ပြီးတော့ ဝိုင်းရယ် ကြသေးတယ်။ စဉ်းသာ စဉ်းစားကြည့်တော့။ ကျွန်တော်လည်း မျက်နှာကို ထူပူသွားတာပဲ။ လမင်းလည်း မျက်နှာကို ရဲသွားတာပဲ။

''ထားတော့ ။ ။ ။ ကဲန်တင်းမှာ ဘယ်သူတွေ ရှိလဲ''

''သက်ထား ရှိတယ်''

''ဒါဆိုလည်း ပြီးရော ။ ။ ။ သွား''

ဆတ်ခနဲလှည့်ထွက်သွားတဲ့ လမင်းနောက်ကို ကျွန်တော် ယောင်

www.burmeseclassic.com


တောင်တောင်နဲ့ လိုက်လာမိတယ်။ တစ်ညလုံး စဉ်းစားထားတာတွေ နည်းနည်းတော့ လွဲကုန်ပြီဆိုတာ သေချာတယ်။ သက်ထားဆိုတာ လမင်းနဲ့ အရမ်းတွဲတဲ့ ကောင်မလေးဗျ။ ကောင်မလေးက ဟော့ရှော့ ကလေးဗျာ ။ ။ ။ ကြည့်လိုက်ရင် အမြဲတမ်း မြူးနေတာပဲ။ လူကလည်း ပိန်လိုက်တာမှ ခလုတ်တိုက်ရင် ခါးကျိုးပြီး နှစ်ပိုင်းဖြစ်သွားမလားတောင် ထင်ရတာမျိုး။ တစ်ခါတစ်လေ ဂျင်းဘောင်းဘီ အပွကြီးတွေ ဘာတွေ ဝတ်သေးတယ်။ ဆံပင်ကလည်း တိုလိုက်တာမှ စာကလေးကို ခရုကက် ညှပ်ပေးထားတဲ့ အတိုင်းပဲ။ စကားကလည်း များလိုက်တာ မပြောနဲ့တော့

ဒါပေမယ့် ။ ။ သိတယ်မဟုတ်လား။ လူက အမြဲမြူးပြီး ဟော့ရှော့ ဆိုတော့ လိုက်တဲ့ကျောင်းသားတွေ တော်တော်များတာ။ သူကတော့ တစ်ယောက်လိုက်လေ တစ်ခါမြူးလေပဲ။ ငြိမ်ငြိမ်အေးအေးနေတတ်တဲ့ လမင်းနဲ့ သက်ထား ပေါင်းမိတာ ကျွန်တော် စဉ်းစားလို့မရဘူး။ ဒါပေမယ့် သူတို့က သိပ်ခင်တာ ခင်ဗျ။

အဲဒီကောင်မလေး ကန်တင်းမှာ ဘယ်လိုလုပ်ရှိမှာလဲ။ ကျွန်တော် လန့်ပြီး ပါးစပ်ထဲရှိတာပြောလိုက်တာကိုး ။ ။ ။ လိုင်ဗရီရှေ့က ကျောင်းသား တွေ နောက်တာရယ်၊ ဒေါသထွက်နေတဲ့ လမင်းရယ်၊ လွဲသွားတဲ့ ကျွန်တော့်အဖြစ်ရယ် အားလုံးပေါင်းပြီး ပြောချလိုက်တာ။ ခုမှတော့ မတတ်နိုင်ဘူးလေ။ လမင်းက ရှေ့က လျှောက်နေရင်း ကျွန်တော့်ကို လှည့်ကြည့်လို့ ပြုံးပြလိုက်ရသေးတယ်။

သိတယ်မဟုတ်လား ။ ။ ။ မိန်းကလေးတွေ အထာအတိုင်းပဲလေ။

လမင်းက ကျွန်တော့်ကို မျက်စောင်းထိုးပြီး ပြန်လှည့်သွားတာ ပေါ့။ ကန်တင်းရောက်ရင် ကျွန်တော် ဘာပြောရမလဲ။ ကျွန်တော်ကတော့ အရိုးသားဆုံးပဲ လုပ်ရမှာပဲ။ ကျွန်တော် လွဲခဲ့သမျှ လမင်းနားလည်အောင် ပြောပြပြီး၊ တောင်းပန်ပြီး စာထည့်ထားတဲ့ စာအုပ်ကို ပေးရမှာပဲ။


BURMESE CLASSIC .com

ဟောက်တော့လဲ ခံရမှာပေါ့။

အချစ်ဆိုတာ ဒီလိုပဲ မဟုတ်လား . . .

ကိုယ့်ဆရာရေ . . .။

●

လူစိတ်ဆိုတာ တော်တော်ပြောရခက်ပါတယ်။

ဒါကြောင့်မို့လည်း ဘာသာတရားတွေ အမျိုးမျိုးရှိနေတာပေါ့။ ထားပါတော့ . . .။ ကဲန်တင်းကို လှမ်းမြင်ရမှ ကျွန်တော်တွေးမိတာတွေကို ပြောချင်တာပါ။ ကျွန်တော်က နောက်က ခေါ်ရင်း ဝင်တိုက်မိမလို ဖြစ်လို့ လမင်း စိတ်တိုသွားတယ်။ လိုင်ဗရီရှေ့က ကျောင်းသားတွေ နောက်လို့ စိတ်တိုသွားတယ်။ တစ်ခါ ကဲန်တင်းမှာ သက်ထားကို မတွေ့ရင် ဒေါသဖြစ်တော့မှာ သေချာနေပြီ။ ဒီကြားထဲ ကျွန်တော်က ရည်းစားစာ ထပ်ပေးဦးမယ်ဆိုတော့ သေပြီပေါ့။

ဒီတော့ တောင်းပန်ရုံတောင်းပန်ပြီး စာအုပ်ကို ခပ်တည်တည် ပေးလိုက်မယ်။ စာအုပ်ထဲမှာ ရည်းစားစာတွေ ဘာတွေပါတာ မပြောဘူး ပေါ့ဗျာ။

အဲဒီတော့ နောက်အတွေးတစ်ခုက ထပ်ဝင်ပြီး ကျွန်တော့်ကို မေးခွန်းတွေမေးတယ်။

''ကဲ . . . စာအုပ်ကို ဘာမှမပြောဘဲ ပေးလိုက်တော့ အဖြေ တောင်းတော့မှ စာအုပ်ထဲမှာ ဘာမှမတွေ့ပါဘူး၊ ငါ သိတောင် မသိဘူး''

www.burmeseclassic.com


လို့ ပြောရင် ဘာလုပ်မလဲ။

စိတ်နှစ်ခွနဲ့ ကျွန်တော် ထူပူနေတုန်းမှာပဲ လမင်းက ကဲန်တင်းက ခုံတစ်ခုံမှာ ဝင်ထိုင်တယ်။ ပြီးတော့ . . လမင်းက ပတ်ဝန်းကျင်ကို လျှောက်ရှာတယ်။ ကျွန်တော်က ထူပူနေတဲ့ အတွေးထဲမှာ အကြောင်းပြချက် တစ်ခုခုကို အတင်းလိုက်ရှာနေတယ်။

''နင် ညာတယ် မိုးဆွေ၊ ဘယ်သူမှ မရှိဘူး၊ ငါပြန်မယ်''

''မဟုတ်ဘူး လမင်း၊ ငါ တောင်းပန်ပါတယ်ဟာ . . .။ ငါ ခုနကအထိ နင့်ကိုညာခဲ့မိပါတယ်။ နောင် ဘယ်တော့မှ နင့်ကို ငါ မညာတော့ပါဘူး။ ခဏလေးတော့ ထိုင်ပါဟာ . . .။ ငါ နင့်ကို အမှန် အတိုင်း ဝန်ခံစရာတစ်ခု ရှိလို့ပါ၊ နော် . . . လမင်း''

စကားဆုံးတော့ လမင်းက ကျွန်တော့်ကိုကြည့်တယ်။ မျက်ဝန်း တွေကတော့ ခုနကလို မဟုတ်တော့ဘူးဗျ။ ဒါပေမယ့် နှုတ်ခမ်းကတော့ တင်းလိုက်တာ စေ့နေတာပဲ။ သူ့ဒွေးအိမ်ရှေ့က သံတံခါးအတိုင်းပဲ။ မာတယ်၊ အေးစက်တယ်၊ ခိုင်ခံ့တယ်ပေါ့ဗျာ။ တစ်နှစ် သူငယ်ချင်းဖြစ်ပြီး သား ဆိုတော့ ကျွန်တော်သိပါတယ်။ လမင်း ဒီလို နှုတ်ခမ်းမျိုးထား ပြီဆိုရင် ဘာကိုဖြစ်ဖြစ် အပြတ်သားဆုံး ရင်ဆိုင်တော့မယ် ဆိုတာပါပဲ။ ခက်တာက ကျွန်တော် ဘာပြောရမှန်း မသိသေးဘူး။

ကျွန်တော့်ဦးနှောက်ထဲ အသိစိတ်တွေဝင်သွားပုံကဗျာ . . . ကားတွေ အရမ်းရှုပ်နေတဲ့ ဆူးလေလမ်းပေါ်မှာ ဆိုင်ကယ်တစ်စီး ဝေ့ကာဝိုက်ကာ ဝင်သွားတဲ့ အတိုင်းပဲ။

''လမင်း''

''ဘာလဲ . . . ဟုတ်တယ်''

ဆတ်ခနဲထူးရင်း မျက်နှာကို ခက်မာမာ လှည့်ထွက်သွားတာပါ။ ကျွန်တော် ကြောက်သွားတယ်။ ပြီးတော့ ချက်ချင်း ဝမ်းနည်းသွားတယ်။

နောက်တော့ အားငယ်တယ်။ ထူးဆန်းတာက အဲဒီခံစားချက်တွေလည်း ပြီးတော့ ကျွန်တော့ အသိစိတ်က ငြိမ်ပြီး ရင်ဘတ်က ဟောင်းလောင်း ပွင့်သွားတာပဲ။

''လမင်း''

''ဘာလဲဆို . . . ဟုတ်တယ်''

''မဟုတ်ဘူး လမင်း၊ နင် စိတ်မဆိုးပါနဲ့၊ ငါ နင့်ကို စာအုပ် ပြန်ပေးပါ့မယ်၊ ဒါပေမယ့် . . . အဲဒီစာအုပ်ထဲမှာ နင့်အတွက် ငါ့ ရည်းစားစာ ပါတယ်''

"ဘာ . . . ဘာ . . . "

ပထမ 'ဘာ' က အံ့ဩတာ၊ ဒုတိယ 'ဘာ' က အရမ်းဒေါသ ထွက်ပြီး ကျုံးအော်တာ ကိုယ့်ဆရာရေ။ လန့်လွန်းလို့ ကျွန်တော့်ရင်ထဲက ဝိညာဉ်က ခန္ဓာကိုယ်ချည်း ထားခဲ့ပြီး သူ့လွတ်ရာကို ထွက်ပြေးသွားတယ်။ ကဲန်တင်းဟာ ကျွန်တော့်အသိစိတ်ထဲမှာ ခဏတိတ်သွားတာပေါ့။ ဒါပေမယ့် ဒီကောင်လည်း (ကျွန်တော့်ဝိညာဉ်ကိုပြောတာ) ဘာဆက်ဖြစ်မယ်ဆိုတာ ကို သိချင်ပုံပေါ်တယ်။ မရဲတရဲ ပြန်ဝင်လာတယ်။ ကျွန်တော် မှိန်ထူပြီး ဘာမှ မပြောဖြစ်ဘူး၊ မပြောနိုင်ဘူး။

"ဘာ . . . ဘာ . . ."

လမင်းက နီရဲနေတဲ့ မျက်နှာကို ရှေ့တိုးပြီး ထပ်အော်တယ်။ လောကကြီးမှာ မပေးနိုင်တာကို အတင်းတောင်းတာရယ်၊ မဖြေနိုင်တာ ကို အတင်းမေးတာရယ် အဲဒီနှစ်ခုဟာ တော်တော်ဆိုးတယ်လို့ ကျွန်တော် ထင်တယ်။ ဒါပေမယ့် မတတ်နိုင်ဘူးလေ . . .။ ကျွန်တော်က ပြောပြီးပြီပဲ၊ ရအောင် ဆက်ရတော့မှာပေါ့။

''မဟုတ်ဘူး လမင်း။ ငါ . . . ငါ ရှင်းပြမယ်ဟာ၊ ဟို . . . ငါ နင့်ကို . . . အဲဒါ . . . သိပ်ချစ်တယ်။ ဒါ တကယ်ပါဟာ . . . အဲဒီထက်ပိုပြီး

www.burmeseclassic.com


တော့လည်း ငါ ဘာမှ မပြောတတ်ဘူး။ ဒီတော့ဟာ ငါ ပြောတတ်သမျှတွေ အားလုံးကို စုပြီး စာထဲမှာ ရေးထားပါတယ်။ ပထမတော့ အဲဒီစာကို နင်မသိအောင် ထည့်ပေးလိုက်မလို့ပါ။ ဒါပေမယ့် အဲဒီလို မရိုးသားတာကို နင် ပိုအထင်သေးသွားမှာစိုးလို့ ဖွင့်ပြောတာပါ''

ကျွန်တော် စကားတွေပြောနေတုန်း လမင်း မျက်နှာက တဖြည်းဖြည်း ပြန်တည်ငြိမ်သွားတယ်ခင်ဗျ။ သူ့အသိစိတ်ရော ခံစားမှုကိုရော သူ ထိန်းသိမ်းနိုင်သွားတယ်၊ မိန်းကလေးတွေမှာ အားကျဖို့ အကောင်းဆုံး ထူးခြားမှုဟာ အဲဒါပဲ ကိုယ့်ဆရာရေ ။ ။ ။။ ကျွန်တော်ကတော့ အခုထိ ဆောက်တည်ရာ မရနိုင်သေးဘူး။ တုန်လှုပ်တုန်း၊ ရင်ခုန်နေတုန်းပဲ။

''လမင်းရယ်၊ ငါ့ကို ခွင့်လွှတ်ပါဟာ ။ ။ ။ နော် ။ ။ ။ နောက်တစ်ခု စိုးရိမ်တာက ငါ အခုလို မပြောပဲ ပေးလိုက်ရင် စာပါမှန်း နင်မသိမှာ စိုးလို့ပါ၊ ငါ့ကို ခွင့်လွှတ်ပါဟာ ။ ။ ။ နော်၊ လမင်း ။ ။ ။ နော်''

လမင်းက ချက်ချင်း မျက်နှာလွှဲသွားပေမယ့် မျက်နှာနီရဲနေတယ်ဆိုတာကိုတော့ ကျွန်တော်မြင်လိုက်တယ်။

''နင် ။ ။ ။ နင် ။ ။ ။ စာအုပ်ကို ယူပါနော်''

“ ။ ။ ။ ။ ။ ။ ။ ။ ။”

''ယူမယ် မဟုတ်လားဟင်၊ ယူပါ လမင်းရယ်နော် ။ ။ ။''

လမင်း ကျွန်တော့်ဘက်ကို ဝုန်းခနဲလှည့်ရင်း ဆံပင်တွေကို ဒေါသတကြီးနဲ့ ပင့်တင်ပါတယ်။

''ဒီမှာ မိုးဆွေ၊ စာအုပ်ထဲမှာ ရည်းစားစာပဲ ရေးထား ရေးထား၊ လက်ပစ်ဗုံးပဲ ထည့်ထားထား၊ ငါ့ကို စာအုပ်သာ ပေးပါတော့၊ ဟုတ်တယ် ငါ ။ ။ ။ ရှက်လှပြီ''

သွားပြီပေါ့ဗျာ ။ ။ ။၊ ဟုတ်တယ်လေ ။ ။ ။ ကျွန်တော်က စာအုပ်ယူပါဆိုတာကိုသာ အမျိုးမျိုးတောင်းပန်နေတာ၊ စာအုပ်ကျတော့ ထုတ်မှ


BURMESE CLASSIC .com

မပေးဘဲ။ ယောကျ်ားဆိုတာက လုပ်ပြီးမှ အမှားကို သိတဲ့ မျိုးနွယ်စုပါ။ မိန်းကလေးတွေကတော့ အဲဒီလို မဟုတ်ဘူး ကိုယ့်ဆရာ၊ သူတို့က အမှားကို ကြိုသိတတ်ကြတယ်၊ လုပ်ချင်ရင်တော့ လုပ်ပစ်လိုက်ကြတာပဲ။

"ဟာ . . . အေး . . . မဟုတ်ဘူး . . . Sorry နော်"

ကျွန်တော်လည်း ပြာလောင်မွန်ထူ ကိုယ့်ကိုကိုယ် ကျိန်ဆဲရင်း လွယ်အိတ်ထဲက စာအုပ်ကို နှိုက်တယ်။ လမင်းကတော့ တစ်ဘက်ကို မျက်နှာလွှဲထားတယ်။ အားနာလိုက်တာ မပြောပါနဲ့တော့။ မွန်ထူပြီး ရှာလို့လား မသိဘူး။ လမင်းစာအုပ် မတွေ့ဘူး ခင်ဗျ။ အချိန်ကြာလေ အားနာဖို့ကောင်းလေဆိုတာသိလို့ ကျွန်တော်လည်း လွယ်အိတ်ကို အစွန်းကုန်ဖွင့်ပြီး ရှာတယ်၊ မတွေ့ဘူး။

ကျွန်တော့် လွယ်အိတ်ထဲမှာက စာအုပ် ငါးအုပ်ပဲရှိတာပါ။ ဒါပေမယ့် လမင်းရဲ့စာအုပ်ကိုမတွေ့ဘူး။ ကျွန်တော် အားနာ အံ့သြတုန်လှုပ်စိတ်နဲ့ လွယ်အိတ်ထဲက ပစ္စည်းတွေအားလုံး စားပွဲပေါ်ကို သွန်ချလိုက်တယ်။

စာအုပ်လေးအုပ်၊ Hero ဖောင်တိန်တစ်ချောင်း၊ စီးကရက်တစ်ဘူး၊ Gas မီးခြစ်တစ်လုံး၊ ခဲတံနှစ်ချောင်း . . .။ ကမန်းကတမ်း စာအုပ်တွေကို လျှောက်ဖွတော့ သွန်းနှင်းအိမ်ရဲ့ စာအုပ်ကို သွားတွေ့တယ်။ ဘုရားဂေါတမ . . . ကယ်တော်မူပါ။

"လမင်း လမင်း"

"ကျန်တာတွေ နောက်မှပြော . . . ပေး . . . စာအုပ်ပေး"

"အဲဒါ မဟုတ်ဘူးဟ၊ ဟို . . . ခဏလေး . . . ခဏလေးနော်၊ အခု ပြန်လာခဲ့မယ် . . . ခဏလေး"

●

www.burmeseclassic.com


တုန်လှုပ်မှုအပြည့်နဲ့သာ ကျွန်တော် ပြေးလာခဲ့တာ။ ပထမ ဘယ်ကို ပြေးတယ်ဆိုတာ ကိုယ့်ကိုယ်ကို မသိဘူး။ ကိုယ့်ဆရာလည်း ကြုံဖူးမှာပါ။ အိမ်နားမှာ မီးလောင်တဲ့အခါ လန့်ဖျတ်ပြီး ဘာမှန်းမသိတာ တွေ ကောက်လုပ်လိုက်သလိုမျိုးလေ။ ဟုတ်တယ် ။ ။ ကျွန်တော်က သိပ် သည်းခြေခိုင်တဲ့ကောင်မဟုတ်ဘူး။ အထူးသဖြင့် ရှက်ပြီ၊ အားနာပြီ၊ တုန်လှုပ်ပြီဆိုရင် ပိုဆိုးတယ်။

ရည်ရွယ်ချက်မရှိ ပြေးလာပြီးမှ အဲဒီလို ဖြစ်နေတယ်ဆိုတာ သတိရပြီး ရပ်ရတယ်။ အနားမှာ သွားလာနေတဲ့ ကျောင်းသားတွေက လည်း တအားပြေးလာရာက ရပ်ပြီး ဟိုကြည့်ဒီကြည့် ဖြစ်နေတဲ့ ကျွန်တော့် ကို ငေါလို့ ထင်ကြမှာပဲ။ ဘာလဲ ။ ။ ။ ဘာပါလိမ့် ။ ။ ။ ဘာလဲ ။ ။ ။ လို့ ကျွန်တော့်စိတ်ထဲမှာ ကြိမ်ဖန်များစွာ အော်မေးနေမိတယ်။ ဘာမှပြန်ဖြေသံမှ မကြားရဘူး။

နောက်မှ ဂျပ်ဆင်ရှေ့က ဝက်သားတုတ်ထိုးဆိုတာကို သတိရပြီး ဂျပ်ဆင်ရှေ့ကို ပြေးလာခဲ့မိတယ်။ ဂျပ်ဆင်ကို ချိုးကွေ့လိုက်တော့ ရေတမာ ပင်အောက်က တုတ်ထိုးဆိုင်မှာ ကုန်းကုန်း ကုန်းကုန်းနဲ့ စားစရာရွေးနေတဲ့ ဟိုနှစ်ကောင်ကို တွေ့တော့မှ ဟားခနဲ သက်ပြင်းချရတယ်။ စိုးရိမ်ပူပန် တာလည်း တော်တော်လျော့သွားတာပေါ့ဗျာ။ ဟုတ်တယ်လေ ။ ။ ။ ရည်းစား စာ ပေးပါ့မယ်ပြောပြီးမှ စာပါတဲ့ စာအုပ်က မရှိတော့တာ ။ ။ ။။ ဘယ် လောက် ဆိုးသလဲ။ ထီပေါက်ပြီး ထီလက်မှတ်ပျောက်တာထက်တောင်

ဆိုးသေးတယ်။ လောကဓံရှစ်ပါးထဲက ဘယ်ထဲ ထည့်ရမှန်းတောင် မသိတော့ဘူး။

''တော် ။ ။ ။ တော်ပါသေးရဲ့ဟာ၊ ကံကောင်းလို့၊ နင် ။ ။ ။ နင်တို့မှ ရှိသေးရဲ့လားလို့ ။ ။ ။''

အရှိန်နဲ့ မောကြီးပန်းကြီး ပြေးဝင်လာတဲ့ ကျွန်တော့်ကိုကြည့်ပြီး ဟိုနှစ်ကောင်လန့်သွားတယ်။ သွန်းနှင်းအိမ်က ''ကုလားနဲ့ညား'' လို့တောင် လန့်ယောင်သေးတယ်။

''သွားစမ်းပါ၊ ခေါ်တုန်းကတော့ အိုက်တင်ခံနေပြီးမှ ခုမှတော့ မကျွေးနိုင်ပါဘူး၊ ဦးလေး အချင်းညှာ လှီးပေးဦး''

''စားချင်ရင်တော့ ကိုယ့်ကိစ္စ ကိုယ်ရှင်း၊ ဒါပဲ''

''မ ။ ။ ။ မဟုတ်ဘူး၊ စာအုပ် ။ ။ ။ စာအုပ်ပေးတာ ။ ။ ။ မှားသွားလို့အဲဒါ လာပြန်ယူတာ''

''စာအုပ် ။ ။ ။''

သင်းသင်းသာက အချဉ်ရည်နှစ်ပြီးသွားတဲ့ တုတ်ထိုးကို မစားသေးဘဲ ရပ်တယ်။ တို့ထားတဲ့အချဉ်ရည်က ပေါက်ခနဲ သူ့ထမီပေါ် ကျတာကို သေသေချာချာ သုတ်နေတယ်။ ကျွန်တော်က ဒီမှာ အသည်းအသန်ဖြစ်နေတာကို လုံးဝဂရုမစိုက်ဘူး။ ဒီလိုပါပဲ ။ ။ ။ လူဆိုတာ ကိုယ့်ကိစ္စပဲ အရေးကြီးတတ်ကြတာမျိုး မဟုတ်လား။

''အေးလေဟာ ။ ။ ။ နင်တို့စာအုပ်နဲ့ လမင်းစာအုပ် မှားသွားတာ''

''အေး ။ ။ ။ ဟုတ်တယ်၊ ငါတို့လည်း နင်ပေးတဲ့ စာအုပ်ကို လွယ်အိတ်ထဲ မထည့်ဘဲ ဒီအတိုင်း ကိုင်လာကြတာ။ ဒီကျမှ စာအုပ်ပေါ် အချဉ်ရည်ကျလို့ ငုံ့ကြည့်တော့မှ သိတာ။ အချဉ်ရေ ပေသွားတယ်ဟ''

''ပေပေဟာ ။ ။ ။ အရေးကြီးလို့ အဲဒီစာအုပ် ပေးပါဆိုမှ''

''မရှိတော့ဘူးဟာ၊ ခုနက ဝင်းအောင်ရဲ့ ကောင်မလေး မွှေးမွှေး

www.burmeseclassic.com


ဒီနားက ဖြတ်လာတန်နဲ့ ငါတို့ ပေးလိုက်ပြီ''

''ဘာ ။ ။ ။ မွှေးမွှေးနဲ့ ဒီစာအုပ်က ဘာဆိုင်လို့လဲ၊ သွားပါပြီဟာ ။ ။ ။ မွှေးမွှေးနဲ့ ဘာဆိုင်လို့ ပေးလိုက်ရတာလဲဟ၊ သေပါတော့ သေပါပြီ''

မျက်စိမျက်နှာပျက်နှင့် လေသံစိမ်းစိမ်းနဲ့ တအားကြုံးအော်တဲ့ ကျွန်တော့်ကို ကောင်မလေးနှစ်ယောက် အံ့သြပြီး စိတ်ဆိုးသွားကြပုံ ရတယ်။

''အောင်မာ ။ ။ ။ ငါတို့က စာအုပ်များလာမှန်းသိတော့ အတန်းထဲ သွားမယ့် မွှေးမွှေးကို ပေးလိုက်တာ။ ။ ။ ငါတို့က ဒီကပြီးရင် လှည်းတန်း ဈေးမှာ ဖိနပ်တွေ သွားကြည့်ဦးမှာမို့ လမင်းစိတ်မပူရအောင် ပေးလိုက်တာ၊ နင်ကများ ။ ။ ။ အော်ရတယ် ရှိသေး''

''နေစမ်းပါအုံး ။ ။ ။ စာအုပ်က နင့်ဘာသာ မှားပေးတာလေ ။ ။ ။၊ ဘာဖြစ်လို့ လာအော်နေရတာလဲ''

ခက်တယ်ဗျာ ။ ။ ။။ လောကကြီးဆိုတာက အဆင်မပြေချင်ရင် ဘာတစ်ခုမှ အဆင်မပြေတဲ့ အရပ်ဗျ။ မှန်စရာရှိရင် အားလုံးမှန်တာ၊ ခံစားတဲ့ကောင်ခံ၊ စားရမယ့်ကောင်စံဒါပဲ။

''မဟုတ်တူးဟာ ။ ။ ။ အေးပါ ။ ။ ။ အေးပါ၊ ကဲ ။ ။ ။ မွှေးမွှေး ဘယ်ဘက်ကို သွားလဲ''

''အတန်းထဲသွားတာပဲ၊ သူ ကြိုက်တဲ့လမ်းက သွားမှာပေါ့''

ရှင်းပြရင်လဲ အရှည်ကြီး၊ ရှင်းပြဖို့ အချိန်ကလည်းမရှိ၊ ဆက်ပြောနေရင်လည်း ဒီနှစ်ကောင် ဘုတော်မှာပဲဆိုတာ သိလို့ ကျွန်တော် ပြေးထွက်ခဲ့တယ်။ ခုနက တစ်ချက်ကလေး အေးသွားတဲ့ရင်ကို ဝုန်းခနဲ ပြန်စပူလာတယ်။ လမင်း ။ ။ ။။ ရည်းစားစာပေးမယ် ပြောပြီးမှ ကဲန်တင်းမှာ တစ်ယောက်တည်းကျန်ခဲ့တာ။ သူ့အရှက်ကို ကျွန်တော် သုံးကြိမ်ခွဲခဲ့သလိုများ ဖြစ်နေမလား။ နည်းနည်းကြာရင်

စောင့်ရော စောင့်ပါဦးတော့မလား ။ ။ ။

ကျွန်တော် ဘာမှမသိတော့ဘူး။ အရူးတစ်ယောက်လိုပဲ၊ မွှေးမွှေး နောက်ကို ပြေးလိုက်ရင်း ရှာရတယ်။ မွှေးမွှေးဆိုတာ ကျွန်တော့်အတန်း ဖော် ကောင်မလေးပါ။ ကျွန်တော်နဲ့ခင်တဲ့ ဝင်းအောင်ဆိုတဲ့လူနဲ့ ဘာညာ ပေါ့ဗျာ။ ကောင်မလေးက ခပ်ပိန်ပိန် ။ ။ ။ ပါးစပ်ပြပြကလေး၊ စကားများလိုက် တာကလည်း စာကလေးပါးစပ်မှာ စက်သေနတ် တပ်ထားတဲ့အတိုင်းပဲ။ လမင်းက တော်တော်ခင်နေလို့သာ သည်းခံနိုင်တာ။

သူ့ရည်းစား ဝင်းအောင်ဆိုတဲ့လူက ကျွန်တော်နဲ့ ရင်းနှီးပါတယ်။ (၁၀)တန်းကို ငါးနှစ်ကျပြီး တက္ကသိုလ်ရောက်တာ။ လူကသာအညာသား၊ Style ကတော့ ဟန်ကြီးပန်ကြီး အစားထဲက ။ ။ ။ နှစ်ယောက်တည်းရှိရင် ကိုမိုးဆွေတို့၊ မိုးဆွေတို့ ခေါ်တတ်ပေမယ့် ကောင်မလေးတွေ ရှေ့ကျရင် ကိုယ့်ညီတို့၊ မောင်ရင်တို့ လုပ်တတ်တဲ့လူမျိုး။ ကျွန်တော်ကလည်း အဲဒီလိုပြောင်းလဲတတ်တဲ့လူဆို အလွန်မုန်း။ နောက်မုန်းတာတစ်ခုက လက်ဖက်ရည်ဆိုင်ထိုင်ရင် သူ့ပါးစပ်မှာ ပြွတ်နေတဲ့ ဝက်ခြံတွေကို တဗျစ် ဗျစ်ညှစ်တတ်တာပဲ ။ ။ ။ သူကတော့ မသိဘူး။ ကြည့်ရတဲ့လူကတော့ ပျို့ချင်လာတာပဲ။ တစ်ခါတစ်လေ အဆံတွေဘာတွေ ရလာရင် သူက သေသေချာချာ ရှုစားတော်မူသေးတယ်ခင်ဗျ။

စိတ်ရင်းကလေးကတော့ ကောင်းရှာပါတယ်။ ကျွန်တော် တစ်ခါ ဖျားနေတုန်းက ဘာမီတွန်နဲ့ ကိုယ်ပူကျဆေး ဝယ်ပေးဖူးတယ်။ ကိုယ့်ညီ သက်သာရဲ့လား ။ ။ ။ လို့ ခဏခဏမေးတာလေးတော့ သည်းခံရတာပေါ့ လေ ။ ။ ။

ကျွန်တော် ပြေးရင်းလွှားရင်း တွေးမိတာတွေပါ။ အမိုးစကြံန် ကလေးကထွက် ပထဝီဌာန ကော်ရစ်တာကို ကျော်ပြီးတော့ ကျွန်တော် အပြင်မှာ ကမန်းကတမ်းရှာရတယ်။ မွှေးမွှေး ။ ။ ။ အခုတော့ မွှေးမွှေးမှ

www.burmeseclassic.com


မွှေးမွှေးပဲ။

လူတစ်ယောက်ဟာ အမြဲတမ်းတော့ ကံဆိုးမနနိုင်ဘူးခင်ဗျ။ မွှေးမွှေးကို အုတ်ခုံကလေးရှေ့မှာ လှမ်းတွေ့ရတယ်။ အုတ်ခုံကို မှီပြီး ရပ်နေတဲ့ဝင်းအောင်ကို ခါးကုန်း၊ လက်လှုပ်၊ ဆံပင်ခါနဲ့ ရန်တွေ့နေပုံပဲ။ သူ့လက်ထဲက စာအုပ်ဟာ လမင်းရဲ့ စာအုပ်ဗျာ။ အဝေးကြီးက မြင်ရတာပေမယ့် ကျွန်တော် ကျိမ်းသေသိတယ်။ ကဲ ။ ။ ။ တစ်သန်းကြေး လောင်းမလား ။ ။ ။။

ကျွန်တော် ဝုန်းခနဲပြေးဝင်သွားရင်း မွှေးမွှေးလက်ထဲက စာအုပ်ကို လှမ်းယူရတယ်။ သူတို့ကတော့ လန့်သွားတာပေါ့လေ။

''ဟဲ ။ ။ ။ ဘာဖြစ်တာလဲ မိုးဆွေ''

ကျွန်တော် မောနေလို့ ဘာမှပြန်မပြောနိုင်ဘူး။

''စာအုပ်မှားလို့ လမင်းကို ပြန်ပေးလိုက်ဆိုပြီး သွန်းနှင်းတို့ ပေးလိုက်တာ''

''ဟုတ်တယ် ။ ။ ။ ဟုတ်တယ်၊ အဲဒါ လိုက်ယူတာ၊ တော်ပါသေးရဲ့''

''ကိုယ့်ညီကလည်းကွာ ။ ။ ။ စာအုပ်မှားတာပဲ အမောတကောနဲ့ မင်းကြည့်ရတာ ပင်ပန်းလိုက်တာ''

ကျွန်တော် ဘာမှပြန်မရှင်းပြတော့ဘူး။ လက်ထဲရောက်လာတဲ့ စာအုပ်ကို တဖြည်းဖြည်း လှန်ရတယ်။ သွားပြီ ။ ။ ။ စာရွက်သာ ကုန်သွားတယ်၊ စာက မတွေ့တော့ဘူး။ အကျိုးတော့ နည်းပြီ။

''စာ ။ ။ ။ စာ ။ ။ ။ ဒီစာအုပ်ထဲမှာ စာတစ်စောင် မတွေ့ဘူးလား။ စာလေ ။ ။ ။''

''စာ ။ ။ ။''

''ဟုတ်တယ် ။ ။ ။၊ အဲဒီစာအုပ်ထဲမှာ စာအိတ်ပန်းရောင်ကလေးနဲ့ ထည့်ထားတဲ့ ငါ့စာ''

''ငါလည်း ဒီလိုပဲ ကိုင်လာတာ ။ ။ ။ ဖွင့်တောင်မကြည့်ဘူး၊ ဘာမှ မလုပ်ရသေးဘူး''

''ဒုက္ခပါပဲဟာ ။ ။ ။ အဲဒီစာက ငါ လမင်းကို ပေးဖို့ ရေးထားတဲ့စာဟ၊ ပြဿနာပဲ ။ ။ ။၊ နင် လမ်းမှာများ ကျသေးလား''

''ညီလေးကလည်းကွာ ။ ။ ။ စာတစ်စောင်ပျောက်တာပဲ၊ ဝေသာလီ ပြည် ဘီလူးကျသလောက် ခြောက်ခြားတုန်လှုပ် နေရတယ်လို့ကွာ''

''နေဦး မိုးဆွေ ။ ။ ။၊ ခုနကတုန်းက မွှေး . . သူ့ကို ဒီစာအုပ်နဲ့ လေးငါးချက်လောက် ဆော်လိုက်သေးတယ်။ မိုးဆွေရယ် ။ ။ ။ နင်ပဲစဉ်းစားကြည့်၊ ရည်းစားငုတ်တုတ်ရှိရက်နဲ့ သူက မအိနဲ့ မေသကြိန်တို့ လေ့စီးချင်တာကို အင်းယားကန်မှာ လေ့လိုက်လော့်ပေးသတဲ့။ ကဲ ။ ။ ။ စဉ်းစားကြည့်စမ်း၊ မွှေးက ဘယ်နေရာ ရောက်သွားသလဲ''

''မဟုတ်ဘူး ညီလေးရာ ။ ။ ။ ကိုယ်ရှင်းပြမယ်၊ လူဆိုတာ သူ့ ပတ်ဝန်းကျင်နဲ့ လျှော်ညီတဲ့ ။ ။ ။''

''ဟာ ။ ။ ။ တော်ပြီဗျာ ။ ။ ။ ဘာမှ မကြားချင်တော့ဘူး၊ မွှေးမွှေး နင် သူ့ကို ဘယ်နားမှာ ရိုက်တာလဲ''

လိုအပ်တာထက် ပိုကျယ်ပြီး ပိုအရေးကြီးနေတဲ့ ကျွန်တော့ပုံစံကို ကြည့်ပြီး သူတို့နှစ်ယောက် တော်တော်အံ့ဩသွားပုံရတယ်။ ကျွန်တော် ဟာ ဘယ်တုန်းကမှ ဒီလို ခပ်ရင့်ရင့်စကားလုံးနဲ့ လေသံကို သုံးတတ်တဲ့ကောင် မဟုတ်ဘူးဆိုတာ သူတို့ သိမှာပါ။ ကျွန်တော်ကလည်း သူတို့ကို စော်ကားတာ မဟုတ်ပါဘူး။ အခြေအနေက ကိုယ့်ဆရာ သိတဲ့အတိုင်းပဲလေ ။ ။ ။။

''ဟို ။ ။ ။ ဂျပ်ဆင်ဘေးက ပေါင်းမိုးအဝင် လမ်းကလေးအစပ်မှာ''

တွမ်(မ)ဟန့်ရဲ့ ဖော်ရက်(စ)ဂမ့်ကို သတိရတယ်။ ဖော်ရက်(စ)ရေ ပြေး ။ ။ ။ ပြေး ။ ။ ။ ဆိုသလိုပဲ၊ ကျွန်တော် ဘာကိုမှ ဂရုမစိုက်ဘဲ ပြေးလာ

www.burmeseclassic.com


ခဲ့တယ်။ တိုးဌေး ရှောင်ရှားပေးလိုက်ရတဲ့ ကျောင်းသားတွေက ကျွန်တော့်ကို တအံ့တသြ ကြည့်ကြတယ်။

''ဟ ... ဘာဖြစ်တာလဲ၊ တောကဘကြီး သေတာ အမွေရလို့လား''

''မဟုတ်ဘူးတဲ့ ... သူ့မိန်းမ မီးဖွားတာ ဖြစ်လိမ့်မယ်''

''ဒီလောက် အရေးတကြီး ဖြစ်နေရင် အဆောင်မှာ မီးပြန်လာတုန်း ရေတင်ဖို့ ဖြစ်ရမယ်''

မဟုတ်ဘူး...

ကမ္ဘာမီးလောင်နေတာပါ...။

ချနင်းခံရမယ့် သားကောင်က ...

ကိုယ်တိုင်ဖြစ်နေလို့။

●

ဖိနပ်ခြေရာ၊ စက္ကူစုတ်၊ ငှက်ပျောခွံ၊ ခဲလုံး၊ ကျွတ်ကျွတ်အိတ်၊ ကွမ်းတံတွေး၊ ဖီးထုတ်ခွံ၊ အဖုံးမရှိသော ဘောလ်ပင်တစ်ချောင်း ... မှလွဲ၍ ဘာမှမရှိ။

ရင်တွေ ပူလိုက်တာမှ ချွေးတွေထွက်နေလိုက်တာမှဗျာ ...၊ ကျွန်တော့်ကို ပက်လက်လှန်ပြီး ကြက်ဥတစ်လုံး ရင်ဘတ်ပေါ် ဖောက်ချလိုက်ရင် ချွေးနဲ့ကြော်ထားတဲ့ ကြက်ဥကြော်တစ်လုံးရမှာ အမှန်ပဲ ကိုယ့်ဆရာရေ...။

မြေကြီးနဲ့ နဖူး ထိမတတ် တကုန်းကုန်းရှာနေတဲ့ ကျွန်တော့်ကို သူတို့ဘာသာ အရှိန်နဲ့လျှောက်လာတဲ့ ကျောင်းသားတွေက ခဏရပ်ကြည့်ပြီး မေးကြပါတယ်။ လက်စွပ်ပျောက်တာလား . . .၊ ဆွဲကြိုးလား . . .၊ ဘာပျောက်လို့လဲဟင် . . . စသည်ဖြင့်ပေါ့။ ကျွန်တော် ဘာမှပြန်မပြောနိုင်ပါဘူး။ ကျောင်းသားချင်း ဂရုဏာနဲ့မေးတဲ့ သူတို့မျက်နှာတွေကို ကျွန်တော် မစော်ကားရက်ဘူးဗျာ . . .။ သူတို့ကိုတောင် အားနာနေမိတယ်။

ကော်ရစ်တာတစ်လျှောက်လုံးရော၊ ဂျပ်ဆင်ဘေးရော၊ ကော်ရစ်တာ မြက်ခင်းတစ်လျှောက်လုံးရော . . . ကျွန်တော်ရှာပြီးပြီ၊ ဘာတစ်ခုမှမတွေ့ဘူး။ ကျွန်တော် အပ်ပျောက်တာ မဟုတ်ပေမယ့် အပ်ပျောက်သလိုကို ရှာခဲ့ပါတယ်။ ဒါပေမယ့် ပန်းနုရောင် စာအိတ်နဲ့ တူတာဆိုလို့ ဘာတစ်ခုမှ မတွေ့ရဘူး။

သွားပြီ . . .။

ကျွန်တော် သတိလက်လွတ်ဖြစ်ပြီး ကော်ရစ်တာအစပ်က မြက်ပင်တွေ . . . ထိကရုန်းပင်တွေကို လျှောက်ကန်နေမိတယ်။ သွားပြီ . . . ဆိုတာက လွဲပြီး ဘာကိုမှ စိတ်ထဲမှာ တွေးလို့မရဘူး။

လမင်း ကဲန်တင်းမှာ စောင့်နေမှာလား။ နာရီဝက်နီးပါးလောက် ကြာပြီဆိုတော့ စိတ်ဆိုးပြီး ထထွက်သွားဖို့က ပိုများတယ်။ အဲဒီလိုဆိုရင် တော်သေးတာပေါ့။ ဟုတ်တယ်လေ . . . လူဆိုတာ ပြဿနာတက်ရင် ချစ်တာတွေ ဘာတွေ ဘေးချိတ်၊ ကိုယ်သက်သာဖို့ပဲ တွေးကြတာ မဟုတ်လား။ ကျွန်တော် ပြန်လာတဲ့အထိများ စောင့်နေလို့ကတော့ သွားပြီပေါ့ ကိုယ့်ဆရာရယ်။ သိကြားမင်း နကင်းကြီးနဲ့ဆင်းပြီး ကျွန်တော့ဘက်က လာကူညီရင်တောင် သိကြားမင်းပါ အတီးခံရမယ့်ကိန်း မဟုတ်လား။

အဲဒီလိုတွေးနေရင်း . . . လက်ထဲမှာကိုင်ထားတဲ့ လမင်းရဲ့စာအုပ်


BURMESE CLASSIC .com

www.burmeseclassic.com


ကို သတိရတယ်။

ဟုတ်တယ်ဗျို့ ။ ။ ။ စာအုပ်က ကျွန်တော့်လက်ထဲမှာပဲ။ ဒီစာအုပ်ထဲမှာ စာတစ်စောင်မြန်မြန်ရေးပြီး ပေးလိုက်လို့ မရဘူးလား။

“သေပါတော့ကွာ ။ ။ ။”

ကျွန်တော့နဖူးကို အားရပါးရ ရိုက်လိုက်တာ ။ ။ ။ လူတောင် အောက်ခြေလွတ်ပြီး လဲတော့မတတ်ပဲ။ ဟုတ်တယ်လေ ။ ။ ။ ဒီလောက် တုံးရသလား။ ကျွန်တော် ဝမ်းသာအားရ အိတ်ကို လက်နဲ့ဖိစမ်းလိုက်တော့ ဖောင်တိန်က အိတ်ထဲမှာ မရှိဘူး။ ဟုတ်တယ်လေ ။ ။ ။ ကျွန်တော် လွယ် အိတ်ထဲက ပစ္စည်းတွေအားလုံး လမင်းရှေ့က စားပွဲပေါ်မှာ သွန်ချခဲ့တာ မဟုတ်လား။

ကျွန်တော့်ဘဝရဲ့ ကံကြမ္မာကို နည်းမျိုးစုံနဲ့ ကျွန်တော် အထင်သေး လှောင်ပြောင်ရင်း ။ ။ ။ ကော်ရစ်တာမှာ လျှောက်သွားနေတဲ့ ကျောင်းသား ကျောင်းသူတွေနောက်ကို လိုက်နေမိတယ်။ ကျွန်တော့်ရှေ့မှာ ကျောင်းသူ တစ်အုပ်ရှိတယ်။ နောက်မှာက ကျောင်းသူနှစ်ယောက်။

ဒါပေမယ်. ။ ။ ။ ဘော့လ်ပင်ခဏငှားပါလို့ ကျွန်တော်ပြောလို့မထွက် ဘူး။ လမ်းလျှောက်နေတဲ့ ကျောင်းသူတစ်ယောက်ဆီက ဘောလ်ပင်တစ် ချောင်းငှားဖို့ဆိုတာ ရည်းစားစာပေးရတာထက် ခက်တယ်ဆိုတာ ကျွန်တော် သိလာတယ်။ ဟုတ်တယ်လေ ။ ။ ။ သူ့အရှိန်နဲ့ သူ့ဇောနဲ့သူ သွားနေတဲ့ ဘယ်ကျောင်းသူက ကျွန်တော် စာရေးတာကို ရပ်စောင့် ပေးနေမှာလဲ။

ယောင်တောင်တောင်နဲ့ ကျွန်တော် ကျောင်းသူအုပ်စုကြီးနဲ့ မျှောလိုက်လာရင်း မြကျွန်းသာ ကဲန်တင်းအမိုးစွန်းကို လှမ်းမြင်ရတော့မယ့် ကော်ရစ်တာအကွေ့ကို ရောက်လာတယ်။ ကျွန်တော် ဆက်မသွားရဲတော့ ဘူး။ နှလုံးသားက ခြေထောက်ကို ဘရိတ်နင်းလိုက်တာပါ။

''ဒီနားကပဲ စောင့်မယ်ဟာ . . . သိပ်နီးသွားရင် မကောင်းဘူး''

''အေးပါ . . . ရပါတယ်၊ ဒါနဲ့ နေပါဦး . . . သက်စံက သူ့ကို ဘယ်လို ဆုံးဖြတ်လိုက်တာလဲ''

''ဒါတော့ဟာ . . . သိတယ်မဟုတ်လား၊ သူက သိပ်အညှို့ခံတဲ့ လူလေ၊ ဒီလိုကွာ . . .''

''ဟို . . . ခဏဗျာ၊ ဘောလ်ပင်လေး တဆိတ်လောက် ငှားပါ လား . . .''

''ဘောလ်ပင်''

ကော်ရစ်တာထောင့်ချိုးမှာ ခဏစောင့်မယ်ဆိုတဲ့ ကောင်မလေး တွေဆီက အကူအညီတောင်းတာပါ။ ကောင်မလေးတွေက နားလည်ကြပုံ မရဘူး။

''ဟုတ်ပါတယ်၊ ကျွန်တော် ဒီ . . . ဒီနားမှာပဲ စာတစ်ကြောင်း နှစ်ကြောင်း ရေးချင်လို့ပါ၊ ဟို . . . ဘောလ်ပင်က ဟိုလေ၊ ကျပျောက် သွားလို့ အရေးကြီးလို့ပါ''

ရင်ခုန်၊ အူကြောင်၊ အရေးကြီး၊ ချွေးပြန်၊ မျက်နှာပျက်နေတဲ့ ကျွန်တော့်ပုံစံကို ကြည့်ပြီး ကောင်မလေးတွေ နားလည်ပုံမရပါဘူး။ ကျွန်တော့်ကို တစ်ချက်အကဲခတ်ရင်း သူ့ရင်ဘတ်မှာ ထိုးထားတဲ့ ဘောလ်ပင်ကို ငုံ့မကြည့်ဘဲ ချွတ်ပေးပါတယ်။

''ကျေးဇူးပဲဗျာ . . . အရေးကြီးလို့ပါ၊ ခဏပါနော်''

''ရပါတယ် . . . မကြာရင် ပြီးတာပဲ၊ ဒီလိုကွ၊ သူက မနေ့က . . .''

ကျွန်တော် ကျန်တဲ့အသံတွေ တစ်သံမှ မကြားတော့ဘူး။

ဘောလ်ပင်အဖုံးကို ဆွဲဖွင့်ပြီး စာရွက်အလွတ်တစ်ခုမှာ ကောက် တည်ပြီး 'လမင်း' လို့ ရေးချလိုက်တယ်။ ဒီတော့မှ ကျွန်တော့်လက်တွေ အရမ်းတုန်နေတယ်ဆိုတာ သိရတာ။ လက်ရေးက လုံးဝပဲ။ ရေးရတာ

www.burmeseclassic.com


လည်း စာရွက်နဲ့ ဘောလ်ပင်မထိသလိုပဲ။ ခက်တာက ကျွန်တော် ဘာဆက်ရေးချရမှန်း မသိတော့ဘူး။ ကျွန်တော့်လက်ထဲမှာ ဘောလ်ပင်က လည်နေတယ်၊ ဘာစာလုံးမှ ကျမလာဘူး။

ကျွန်တော် စိတ်လှုပ်ရှားပြီး မော့ကြည့်တော့ ခုနက ဘောလ်ပင်ငှားတဲ့ ကောင်မလေး ကျွန်တော် ပုံစံပျက်နေတာကို မြင်ပြီး သူ့ပြောလက်စ စကားကိုရပ်ရင်း ကျွန်တော် ရေးနေတာကို လှမ်းကြည့်တယ်။

နေရာက နီးနီးကလေးရယ် ． ． ．။ ဒါပေမယ့် ကျွန်တော်ရွှေ့သွားလို့လည်း မကောင်းဘူးလေ။ သူ့ဆီက ငှားထားတာ မဟုတ်လား။ ရိုးရိုးသာမန်စာရေးရင်းတောင်မှ ကိုယ်ရေးနေတာကို တခြားသူတစ်ယောက်က နံဘေးက ကြည့်ရင် တော်တော်ရေးရခက်တာ။ ရည်းစားစာဆိုတော့ ပိုဆိုးတာပေါ့။ ဒီကြားထဲ လမင်းက စောင့်နေမှာလား၊ ဒေါသထွက်နေပြီလား၊ ထထွက်သွားပြီလား စသည်ဖြင့် စိတ်လှုပ်ရှားမှုတွေကလည်း ရှိသေးတယ်။

''လမင်း'' ဆိုတဲ့ စကားလုံးကလွဲပြီး ကျွန်တော် ဘာကိုမှရေးမချနိုင်ခဲ့ဘူး။ ရည်းစားစာဆိုတာက တိတ်ဆိတ်နေတဲ့ညမှာ တစ်ယောက်တည်းရေးရင်တောင် တော်တော်စဉ်းစားပြီးမှ ရေးလို့ရတာမျိုး ． ． ．။ အခုလို အခြေအနေနဲ့ဆိုတော့ သွားရောပေါ့ဗျာ။

ကျွန်တော် စိတ်ဂဏာမငြိမ်ဖြစ်ရင်း ဘောလ်ပင်ကို လှည့်ရင်း အဝေးကို ငေးရင်း စဉ်းစားတယ်။ တအားခုန်နေတဲ့ရင်နဲ့ ဆန့်ငင်ဆန့်ငင်ဖြစ်နေတဲ့ ရင်ထဲမှာ ဘာစကားလုံးမှ မရှိတော့ဘူး။ ကျွန်တော့်ဝိညာဉ်က အသိစိတ်ထဲမှာ ငိုကြွေးနေပြီ။ ''လမင်းရယ်၊ နင့်ကို ငါ အဲဒီလောက်ချစ်တာပါ'' လို့ အော်ရင်းနဲ့ပေါ့။ ဒါပေမယ့် ကျွန်တော် ဘာတစ်လုံးမှ မရေးချနိုင်ဘူး။

နောက်ဆုံး ကျွန်တော် စာရွက်နဲ့ဘောလ်ပင်ကို တည်ချလိုက်တယ်။ ဟုတ်တယ် . . .။ ''ငါ နင့်ကို သိပ်ချစ်တယ်'' လို့ပဲ ရေးလိုက်တော့မယ်။ ဒါပေမယ့် မရေးရဲဘူး။

ပထမဦးဆုံးပေးတဲ့ စာဆိုတာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ကျွန်တော် သိတယ်။ ဒီလောက်ပဲ ရေးပြီးပေးလိုက်ရင် ကျွန်တော်ရဲ့ ဖြူစင်မြင့်မြတ်တဲ့ အချစ်က တန်ဖိုးမဲ့သွားမှာပေါ့။ ပျက်ချော်ချော်ဖြစ်သွားမှာပေါ့။ ဘယ်စကားလုံးကမှ ရင်ထဲက ခံစားချက်ကို ပြည့်စုံအောင် ရေးပြလို့ မရပါဘူး။ အချစ်ဆိုတာကို ဒီလိုရေးတာမျိုးကျပြန်တော့လည်း ကျွန်တော် မလုပ်ရဲဘူး။

တစ်ညလုံးရေးထားပြီး ပျောက်သွားတဲ့ စာတွေထဲမှာ ဘာတွေရေးထားတယ်ဆိုတာလည်း ကျွန်တော် မမှတ်မိတော့ဘူး။ စာရေးဆရာတစ်ယောက်လိုပေါ့။ ဘာခံစားချက်နဲ့ ရေးတယ်ဆိုတာ သိပေမယ့် ဘယ်စကားလုံးတွေက အတိအကျ အမိအရ သုံးထားတယ်ဆိုတာ မမှတ်မိနိုင်တော့ဘူး။

''ဘာလို့ ဒီလောက်ကြာနေတာလဲဟာ . . .''

''Sorry ဟာ . . .၊ ဆရာမနဲ့ စကားပြောနေလို့ ကြာပြီလား''

''ကြာပြီပေါ့ ခွန်မျိုးရ၊ နင် အချိုးမပြေတာတွေ သိပ်များနေပြီနော်။ ဒီမှာ သက်စံက စိတ်ဆိုးနေတာ''

''တောင်းပန်ပါတယ်ဟာ၊ ငါလည်း စကားဖြတ်တာပဲ . . . မရတာနဲ့ ''

''တော်ပြီ . . . တော်ပြီ ပြောမနေနဲ့တော့ သွားမယ်''

ဘောလ်ပင်ငှားထားတဲ့ ကောင်မလေးက စိတ်ဆိုးပြီး ထွက်သွားမှ နောက်ကောင်မလေးတစ်ယောက်က လှည့်ကြည့်တယ်။ ကျွန်တော် ဘာရေးရမှန်း မသိသေးဘူး၊ အချိန်မရှိတော့ဘူး။ မျက်စိမှိတ်ပြီး ''ချစ်တယ်

www.burmeseclassic.com


အရမ်းချစ်တယ်’‘ ပဲ ရေးရတော့မှာ။

‘‘ဟဲ့ သက်စံ သက်စံ၊ နင့် ဘောလ်ပင်လေ’’

‘‘အရေးထဲ၊ ကဲ ့ ့ ့ ပြီးပြီလား၊ ယူခဲ့တော့’’

ကံကြမ္မာဆိုတာ စက္ကူဖြတ်တဲ့ ဓားကြီးလိုပဲ ကိုယ့်ဆရာရေ ့ ့ ့ တိတိကျကျကို ကျလာတာ။

ဘာတတ်နိုင်မှာလဲ ့ ့ ့။

ဘောလ်ပင်အဖုံးကို ပိတ်ပြီး ပေးလိုက်ရတာပေါ့။

●

ကဲန်တင်းမှာ လမင်းရှိမနေပါစေနဲ့လို့ ဆုတောင်းရင်း ကျွန်တော် လျှောက်လာခဲ့တယ်။

ဟုတ်တယ်လေ ့ ့ ့ ကိုယ့်ဆရာပဲ စဉ်းစားကြည့်၊ ရည်းစားစာပေးမယ်လို့ပြောပြီးမှ ဘာမှ မပေးဘဲ ရှေ့ကနေ နာရီဝက်လောက်ပျောက်သွားတဲ့ လူတစ်ယောက်ကို ဘယ်မိန်းကလေးက စောင့်နေမှာလဲ။ လမင်းထထွက်သွားမှာ သေချာတယ်။ ဘယ်လို ဒေါသမျိုး ရက်ရွံ့မှုမျိုးနဲ့ ထွက်သွားမလဲတော့ ကျွန်တော် မသိဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ထွက်သွားပါစေလို့ပဲ ကျွန်တော် ဆုတောင်းတယ်။ နောက်မှ ဘယ်လို ရှင်းရ ရှင်းရ၊ အခု လမင်းကို ရင်မဆိုင်ချင်တာကတော့ တကယ်ပဲ။ ဟုတ်တယ်လေ ကိုယ့်ဆရာရဲ့ ့ ့ ့၊ လူဆိုတာ ပစ္စုပ္ပန်မှာ ငြိမ်းချမ်းသာယာချင်တာ သဘာဝပဲ မဟုတ်လား။

ဒါပေမယ့် ကျွန်တော် ကံဆိုးပါတယ်။

ဒါမျိုးကျတော့ မလွဲဘူးဗျို့ . . . တည့်တည့်ကိုတိုးတာ။ လမင်းက ခုံမှာ ရှိနေတုန်းပဲ။ ကျွန်တော့်ဝိညာဉ်က တံခါးကြီးကြားမှာ ညှပ်သေတဲ့ အိမ်မြှောင်တစ်ကောင်ထဲ ဝင်သွားသလို ခံစားရပါတယ်။

ကျွန်တော် ဝင်ထိုင်တော့ လမင်းက ဝုန်းခနဲ ထရပ်တယ်။

"မို . . . ဆွေ . . . နင် . . ."

ဒေါသထွက်လွန်းလို့ လမင်းဟာ စကားကို ဆက်မပြောနိုင်တော့ဘူး။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ပြီး သူ့ရင်က နိမ့်ချည်မြင့်ချည် ဖြစ်နေတယ်။ တကယ်ပါဗျာ . . . ကျွန်တော် ဝန်ခံပါတယ်။ အဲဒီအချိန်မှာတောင် ကျွန်တော်က လမင်းရဲ့ ရင်ဘတ်ကို တစ်မျိုးတွေးနေမိသေးတယ်။ လူ့စိတ်ဆိုတာ တော်တော် ဆန်းကျယ်ပါတယ်။

''နင် . . . နင် ငါ့ကိုထပ်ပြီး စော်ကားဖို့ ဘာရှိသေးလဲဟင်၊ ဟုတ်တယ်''

''မဟုတ်ဘူး လမင်းရယ်၊ ငါ ရှင်းပြပါရစေဦးဟာ''

''မလိုဘူး မိုးဆွေ၊ ပေး ငါ့စာအုပ် ပေး၊ ငါ ပြန်မယ်''

''ငါ . . . ငါ ရှင်းပြတာ ခဏလေး နားထောင်ပေးပါဟာ၊ ပြီးမှ ငါ့ကို နင်ကြိုက်တဲ့အပြစ်ပေးပါ။ ခဏလေးပါဟာ . . . ထိုင်ဟာ . . . လူတွေကြည့်နေတယ်ဟ''

လမင်းက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်တယ်။ ဘာမှန်းမသိဖြစ်နေတဲ့ ကျွန်တော်တို့နှစ်ယောက်ကို လှမ်းကြည့်နေတဲ့ လူလေးငါးယောက် ရှိနေတာတော့ အမှန်ပဲ။ လမင်းလည်း တစ်ချက် တွေခနဲ ဖြစ်ပြီးတော့ ပြန်ထိုင်တယ်။

''ငါ . . . ငါ နင့်ကို ပေးဖို့ စာ . . . ဒီစာအုပ်ထဲမှာ ထည့်ထားတာ၊ အဲဒါ အခု ဟိုလေ . . . ပျောက် . . . ပျောက်သွားတယ်ဟာ''

BURMESE CLASSIC .com

www.burmeseclassic.com


''မလိုပါဘူး၊ ငါ အဲဒီစာကို စောင့်နေတာ မဟုတ်ဘူး၊ ငါ့စာအုပ်ကို လိုချင်လို့ စောင့်နေတာ''

မိန်းကလေးဆိုတာ သခ်နုပတ္တိဉာဏ် တော်တော်လေးကို ကောင်းပါတယ်။ လမင်း သူ့သိက္ခာကို၊ အရှက်ကို ကာကွယ်သွားပုံက တော်တော်လေးကို လှတယ်ဗျာ။ ကျွန်တော်ဆို ဘာစကားလုံးက အကောင်းဆုံးဆိုတာကို ရွေးနိုင်မှာ မဟုတ်ဘူး။

''ငါ ◦ ◦ ◦ အဲဒီစာကို ရှာနေလို့ ကြာနေတာပါဟာ၊ စာက လုံးဝ မတွေ့တော့လို့ အဲဒါ ◦ ◦ ◦ ငါ ◦ ◦ ◦ နှုတ်ကနေပဲ ဖွင့်ပြောပါရစေ ◦ ◦ ◦ နော် ◦ ◦ ◦ လမင်း''

''ဘာ ◦ ◦ ◦ ဘာပြောတယ်''

လမင်း ပါးပြင်ပေါ်မှာ သွေးကြောလေးတွေ ဖျတ်ခနဲ ဖောင်းတက်လာတယ်။ ပြောရဦးမယ်ဗျ။ လမင်းရဲ့ ညာဘက် ပါးမို့မို့ကလေး အစွန်းအောက်ဘက် မေးရိုးသွယ်သွယ်ကလေးရဲ့ ကြားမှာ အဘက်ဘက်ကို ဖြာထွက်နေတဲ့ သွေးကြောအနီရောင် အစုကလေးတစ်ခု ရှိတယ်။ လွတ်လပ်ရေးနေ့မှာ ဖောက်တဲ့ မီးပန်းတွေ ဖြာထွက်သလိုမျိုး။ လမင်း ရှက်ရင် အမြဲတမ်းပဲ အဲဒီ သွေးကြောကလေးတွေက ဖျတ်ခနဲ ရဲသွားလေ့ ရှိတယ်။ ဘယ်လောက် မိတ်ကပ်လိမ်းလိမ်း အဲဒီ သွေးကြောကလေးတွေက ရှက်ရင် ရဲတာပဲ။ ကျွန်တော် အဲဒီ သွေးကြောကလေးတွေကို အရမ်းချစ်တာပဲ။

''ငါ နှုတ်ကနေပဲ ပြောပါရစေ ◦ ◦ ◦ လို့''

ကျွန်တော်ကလည်း လည်ရတော့တာပေါ့ဗျာ။ ဟုတ်တယ်လေ ချစ်တယ်ဆိုတဲ့ စကားမျိုးက စာနဲ့ရေးရင်သာ ဖွဲ့နွဲ့ရတာ၊ နှုတ်က ပြောရင် တစ်ခွန်းတည်းနဲ့ လုံလောက်တယ်။ လက်လည်း လက်ခံတယ်။ သဘာဝလည်း ကျတယ် မဟုတ်လား။ စာနဲ့ဆိုရင်တော့ ဖွဲ့နွဲ့မှ လက်ခံ

တာလေ။

လမင်း ငြိမ်သွားတယ်ခင်ဗျ။ ဘာမှ မပြောတော့ဘူး။ ရင်ခုန်ပြီး ငြိမ်သွားတာမျိုးတော့ မဟုတ်ပါဘူး။ နင့်ဝင္ဂနဲ့နင် ခံပေတော့ လမင်းရေ . . . ဆိုတဲ့ ပုံစံမျိုးနဲ့ ငြိမ်သွားတာပါ။ ဘယ်လိုပဲ ငြိမ်ငြိမ် ကျွန်တော်ကတော့ ရင်တွေ ဘာတွေ ခုန်တာပါပဲ။ ကျွန်တော် ''နင့်ကို ငါ အရမ်းချစ်တယ် လမင်းရယ် . . .''လို့ပဲ ပြောမယ်။ ခဏငြိမ်ထားလိုက်တယ်။ ကျွန်တော် စကားကို ခိုင်မာလေးနက်စေချင်လို့ပါ။

''ကဲ . . . စပြီ လမင်း . . . တဲ့ကွ''

လမင်းဆိုတဲ့ နာမည်ကို ကြားလိုက်ရပြီး ကျွန်တော့်တို့ခုံနဲ့ တစ်ခုံကျော်က ဟားဟားဟီးဟီး ရယ်သံတွေ ထွက်လာတယ်။ ကျွန်တော် ရော လမင်းပါ ကြောင်ပြီး လှည့်ကြည့်တော့ ကောင်မလေးတွေ တစ်အုပ်ကို တွေ့တယ်။

''နင်တို့ကလည်းဟာ . . . နာမည်ပဲရှိသေးတယ်လေ၊ မရယ်ကြနဲ့ ဦးပေါ့''

''အေးပါ . . . လော်စပီကျယ်ရယ် ဆက်ဖတ်၊ ဆက်ဖတ်''

''လမင်းတဲ့ . . . အိပ်မပျော်တဲ့ ကိုယ့်ညကောင်းကင်မှာ လမင်းရှိတယ် . . . တဲ့၊ အဲဒီလမင်းထဲမှာ ကိုယ်ချစ်တဲ့ လမင်းက ရှိနေတယ်တဲ့ ဟ . . . ဟား ဟား ဟား . . . ဟား . . . ဟား''

''ကမ္ဘာမြေကြီးသည် ကြောက်စရာကောင်းသော တော်လည်းသံကြီးနှင့်အတူ အိုးထိန်းစက်ကဲ့သို့ ချာချာလည်လေသည်'' ဆိုတဲ့ စကားကို ကျွန်တော်ကိုယ်တိုင် ခံစားလိုက်ရတယ်။ အဲဒီခုံက ကောင်မလေးတွေ ဖတ်ပြီး တဟားဟား ဝိုင်းရယ်နေကြတဲ့စာက ကျွန်တော့်စာ။ ဒါ . . . ကျွန်တော် တကယ်ရေးထားတဲ့ စကားလုံးတွေ။ ဒါပေမယ့် အဲဒီကောင်မလေးတွေကို ကျွန်တော် လုံးဝမသိဘူး။

www.burmeseclassic.com


''လမင်းရယ် . . . မင်းဟာ မိုးဆွေဆိုတဲ့ကောင်ရဲ့ ရင်ထဲမှာ လင်းလက်ခဲ့တာ တစ်နှစ်ကျော် ကြာခဲ့ပါပြီတဲ့ကွ၊ ဟား . . . ဟား . . . ဟား''

"မို . . . ဆွေ . . . နင် . . . နင် ဝါကို . . . ဒါ . . . တမင်လုပ်တာ၊ တမင်အရှက်ခွဲတာ . . . နင် . . . နင် . . ."

"မဟုတ်ဘူး လမင်း . . . မဟုတ်ဘူး၊ ငါ . . . ငါ . . . ရှုံးပြီ . . . ဟ . . . ဟ . . . ဟ"

ကျွန်တော် ရုတ်တရက် ဘာဖြစ်သွားမှန်း မသိတော့ဘူး။

ဘယ်သိတော့မလဲ။ ဒေါသလည်းထွက်၊ ရှက်လည်းရှက်တဲ့ လမင်းက မတ်တပ် ဝုန်းဆိုရပ်ပြီး သူ့လွယ်အိတ်နဲ့ ကျွန်တော့မျက်နှာကို တီးလိုက်တာကိုး . . .။ ပထမတစ်ချက်နှစ်ချက်တော့ ထိတာပေါ့ဗျာ။ လမင်း က ကဲဟာ . . ကဲဟာ . . ကဲ . . ကဲလို့ အော်ပြီး ဆက်တိုက်ရိုက်လိုက်တာ ကျွန်တော်လည်း ပထမတော့ လန့်ဖြန့်ပြီး လက်နဲ့ ကာပါသေးတယ်။ နောက်တော့ ရင်ထဲမှာ တအားဝမ်းနည်းသွားပြီး လက်နဲ့ မကာတော့ဘဲ ဒီအတိုင်း ခေါင်းငုံ့ပေးထားလိုက်တယ်။

အကာအကွယ်မရှိတော့တဲ့ ကျွန်တော့်ခေါင်းကို လွယ်အိတ်က သုံးလေးချက် ထိပြီးတော့မှ ရပ်သွားတယ်။ ဒါပေမယ့် ကျွန်တော် ခေါင်းကို မမော့ပါဘူး။ ကန်တင်းဟာ တိတ်သွားတယ်။ လမင်းဟာ ဒေါသဖြစ်ဖြစ်နဲ့ ကျွန်တော့်ကို တီးပြီးမှ သူမှားသွားပြီဆိုတာကို သိလို့ လွယ်အိတ်ကို ကိုင်ပြီး ကျွန်တော့်ရှေ့မှာ ရပ်နေမှာပဲ၊ သူ နောင်တရသွားမှာပဲလို့ ကျွန်တော်ထင်တယ်။

ကျွန်တော် ဆက်ငြိမ်လိုက်သေးတယ်။

ကျွန်တော့်စိတ်ကူးက အခုလို ငြိမ်နေလိုက်ပြီးမှ ဖြည်းဖြည်းချင်း ခေါင်းကိုမော့ပြီး လမင်းကို ရုပ်ရှင်တွေ ဘာတွေထဲကလို ပြောမှာ။ စကားလုံးကတော့ ''ရိုက်ပါ လမင်းရယ်၊ နင် မကျေနပ်ရင် ငါ့ပါးကို

ရိုက်ပါ'' ဘာညာပေါ့။

ကျွန်တော် အားယူပြီး ခေါင်းကို အသာမော့လိုက်တယ်။

ဒါပေမယ့် ကျွန်တော့ရှေ့မှာ လမင်းက ရှိမနေတော့ပါဘူး။ ဘယ်တုန်းက ထွက်သွားမှန်းကို မသိဘူး။ ကျွန်တော်ရင်ဆိုင်ရတာ ကျွန်တော့်ကို တအံ့တဩနဲ့ ဝိုင်းငေးနေကြတဲ့ ကဲန်တင်းထဲက ကျောင်းသားတွေရဲ့ မျက်လုံးတွေပါ။ ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း ရှက်ပြီး ဝိုင်းကြည့်နေကြတဲ့ ကျောင်းသားတွေကို ပြုံးပြနေမိတယ် ကိုယ့်ဆရာရေ။ ကျွန်တော့်မွေးနေ့ပွဲကို တက်လာတဲ့ ဧည့်သည်တွေကို ပြုံးသလိုကို ပြုံးပြနေမိတာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လည်း မသိတော့ဘူး။

နောက်ဆုံးမှ ကျွန်တော့်စာကို ဖတ်ပြီး ဝိုင်းဟားတဲ့ ကောင်မလေးတွေနဲ့ မျက်လုံးချင်းဆုံတယ်။ ကျွန်တော် တစ်ချက်ပြုံးပြပြီး သူတို့ဝိုင်းကို ဝင်ထိုင်လိုက်တယ်။

▲ ▲ ▲

www.burmeseclassic.com


(နှစ်)

''ညီမနာမည်က လော်စပီကျယ်ပါ၊ သူက လုံမိန်တဲ့ ॰ ॰ ॰၊ သူ့နာမည်က အထူးသဖြင့် ॰ ॰ ॰၊ ဒီဘက်က မရမ်းပြားတဲ့ မမ''

''ဟင် ॰ ॰ ॰ ညီမတို့ နာမည်တွေကလည်း ॰ ॰ ॰''

လော်စပီကျယ်ဆိုတဲ့ ကောင်မလေးက တခွီးခွီး တဟီးဟီးနဲ့ အားရဝမ်းသာ ရယ်ပါတယ်။ မနေ့က သူတို့ ရယ်သံတွေက တမာလို ခါးပေမယ့် ဒီနေ့တော့ ဂျယ်လီလို ချိုပါတယ်။ လမင်းက ကောင်မလေး လေးယောက်ကို တအံ့တဩ ကြည့်နေတယ်။ ကောင်မလေးတွေကလည်း သူတို့နာမည်တွေကို အံ့ဩသွားတာကို ဝမ်းသာတဲ့အနေနဲ့ အချင်းချင်း လက်ဝါးရိုက် လက်သီးနဲ့ထု လုပ်ကြပါတယ်။

''ကဲ ॰ ॰ ॰ လော်စပီကျယ် မမကို မင်းပဲ ရှင်းပြလိုက်တော့ကွာ''

''ဒီလို မမရဲ့ ॰ ॰ ॰၊ ညီမက အုပ်စုထဲမှာ အသံအပြဲဆုံး၊ ရယ်ရင် အသံအကျယ်ဆုံးမို့ သူတို့က ဒီနာမည်ပေးတာ။ ဒီကောင်က မရမ်းပြား အရမ်းကြိုက်တယ်လေ ॰ ॰ ॰။ တစ်နေ့ကို လေးငါးထုပ်စားတာ။ အထူးသဖြင့် ကတော့ စကားပြောရင် အထူးသဖြင့်॰॰ ဆိုတဲ့ စကားလုံးကို အမြဲတမ်း

သုံးလို့၊ ဒီကောင် လုံမိန်ကတော့ ရေချိုးရင် ဆပ်ပြာနဲ့မတိုက်ဘဲ ဆပ်ပြာမှုန့်နဲ့ တိုက်တတ်လို့ မမရဲ့''

အရေးထဲ ကြော်ငြာဝင်နေတဲ့ ကောင်မလေးတွေကို ကျွန်တော့် ရင်ထဲက ကလိကလိဖြစ်နေတာ။ ဒါပေမယ့် လမင်းက စကားဆုံးလို့ အားရပါးရရယ်တော့ ဘယ်ဆိုးလို့တုန်းလို့ တွေးမိတယ်။ ဟုတ်တယ်လေ၊ မနက်က သွန်းနှင်းအိမ်နဲ့ သင်းသင်းသာ ရှင်းပြတာကိုလည်း လမင်းက လက်မခံဘူး။ မွှေးမွှေးနဲ့ ဝင်းအောင်ရှင်းပြတာကိုလည်း နားမထောင် နိုင်ဘူး ပိတ်ပြောတာ။ ဒီကောင်မလေးတွေကျတော့ သိပ်မရင်းနှီးဘူး မဟုတ်လား . . .၊ လူမှုရေး ထားရတာပေါ့။

ဘာပဲဖြစ်ဖြစ်ပေါ့လေ . . . သူတို့ကြောင့် လမင်း ရယ်ရယ်မောမော ဖြစ်လာတာကိုတော့ ကျေးဇူးတင်ရမှာပေါ့။ ကျွန်တော့်ဘက်ကို လှည့် ကြည့်တဲ့ အထူးသဖြင့် . . . ဆိုတဲ့ ကောင်မလေးကို မျက်စပစ်ပြရတယ်။ ကျွန်တော့်မှာ ခုထိ သနားစရာကောင်းအောင် နေထားရတဲ့ မျက်နှာကို အခုထိ မဖြုတ်ရသေးဘူး။ သူတို့ ရှင်းပြတောင်းပန်ပြီး လမင်းက ကျေနပ်သွားမှဖြစ်မှာ။ ဒါတောင်မှ ကျွန်တော့်မှာ ဆက်စရာတွေက တစ်ပုံကြီး ရှိသေးတယ် ကိုယ့်ဆရာရေ . . .။

''ဒီလို . . . မမရဲ့၊ မနေ့က ကဲန်တင်းကိုလာရင်း ဂျပ်ဆင်ဘေးလမ်း ကလေးမှာ ဒီစာကိုတွေ့တာ၊ အထူးသဖြင့်တော့ မကောက်သင့်ဘူးပေါ့ နော်။ ဒါပေမယ့် အထူးသဖြင့်၊ လုံမိန်နဲ့ လော်စပီကျယ်က ကောက်မယ် လို့ ပြောတာနဲ့ ကောက်ခဲ့ကြတာ''

''ဟုတ်တယ် မမ၊ လုံမိန်တို့က အမြဲတမ်း အပျော်ပဲလေ။ ရည်းစားစာဆိုတာ ရင်ခုန်ချင်သူ ဖတ်ရင်သာ ဖီလင်လေ . . .။ တခြားသူ ဖတ်ရင် သိပ်ရယ်စရာကောင်းတာ။ အဲဒါနဲ့ အပျော်ဆိုပြီး ဖတ်ဖို့ ကောက် လာမိတာပါ''

www.burmeseclassic.com


''ဟုတ်ပါတယ် မမရယ်၊ ညီမလေးတို့လည်း ဘာရယ်ရှယ်ချက်မှ မရှိဘဲ ဖတ်ကြတာပါ။ မမ ဟိုအစ်ကို့ကို စွပ်စွဲသလို စော်ကားတာ ကြိုတင်ကြံစည်တာ ဘာမှ မပါပါဘူး''

''အံ့သြစရာကောင်းအောင် အထူးသဖြင့် တိုက်ဆိုင်သွားတာပါ။ မမက အထူးသဖြင့် နားလည်ပေးပါလို့လည်း အထူးသဖြင့်. . . တောင်းပန်ပါတယ်''

စကားဝိုင်းက ခဏငြိမ်ပြီး တိတ်သွားတယ်။ လမင်းက ကျွန်တော့်ကို ဆတ်ခနဲ မျက်စောင်းထိုးတယ်။ အဲဒီ မျက်စောင်းကို ဘာသာပြန်ရင် နင်ဟာလေ တော်တော်အသုံးမကျတဲ့ ကောင်ပဲ၊ သိလား. . . မိုးဆွေဆိုတဲ့ စကားပဲ ဖြစ်မှာပါ။ ဒီလောက်ဆို ဘယ်ဆိုးလို့တုန်းပေါ့။

''မမ. . . ညီမတို့ကိုရော ကိုမိုးဆွေကိုပါ ခွင့်လွှတ်ပေးပါလို့ အထူးသဖြင့် တောင်းပန်ပါတယ်။ အထူးသဖြင့်ကတော့ ကိုမိုးဆွေပေါ့''

''ဟာ. . . ရပါတယ် ညီမရယ်၊ မမလည်း ဟိုလေ ရှက်တာပေါ့။ ဟုတ်တယ်၊ ရည်းစားစာဆိုတာက သိတဲ့အတိုင်းလေ ရှက်တာပေါ့''

လမင်း တကယ်ရှက်တယ်ဆိုတာ ကျွန်တော် ယုံပါတယ်။ အခုတောင် သူ့ညာဘက်ပါးပေါ်က သွေးကြောကလေးတွေ ရဲနေတာ ကျွန်တော် တွေ့နေရတာပဲ။ ဒါပေမယ့် လမင်းက တည်တည်ငြိမ်ငြိမ်ပါပဲ။ ကျွန်တော် အကူအညီတောင်းထားလို့ လောက်စပီကျယ်တို့အုပ်စု အကူအညီ လာပေးတယ်ဆိုတာကို သိသည့်တိုင်အောင် အေးအေးဆေးဆေးပါပဲ။

မိန်းကလေးဆိုတာ ဒါပါပဲ ခင်ဗျ။ သူတို့က အချက်အလက်သမားတွေ။ ဘယ်လောက်ပဲ ပြဿနာကြီးပါစေ၊ အချက်အလက်သာ အစီအစဉ်တကျ တင်ပြနိုင်ရင် သူ့ကို ခွင့်လွှတ်တာပဲ။ ဒီစိတ်ထားမျိုးဟာ လှပါတယ်။ ဒါပေမယ့် အဲဒီအချက်အလက်ပေါ်မှာ အားကိုးလွန်းတဲ့

မိန်းကလေးတွေ အညာမိလို့ ဘဝဆုံးတာ မကြာခဏ တွေ့ရတယ်။ ဟုတ်တယ်လေ . . . လိမ်တဲ့ကောင်ဆိုတာက ပိရိပြီးသား၊ အကျိုးအကြောင်း ခိုင်လုံပြီးသား၊ စနစ်တကျ လုပ်ပြီးသား မဟုတ်လား။ ဒါကြောင့်မို့ မိန်းကလေးဆိုတာ နှာခေါင်းမပါရင် ဘာညာဆိုပြီး ရေးကြတာပေါ့။ အမှန်တော့ နှာခေါင်းမပါတာ မဟုတ်ပါဘူး။ အချက်အလက်ကို အားကိုးလွန်းတာပါ။ သူတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်ထက် ပတ်ဝန်းကျင်က သတ်မှတ်ချက်ကို ပိုပြီးတော့ အပြစ်လွတ်ချင်လို့ ဂရုစိုက်ကြတာပါ။

ကျွန်တော်က အမှန်အကန်ကောင်ဆိုတော့ ပြဿနာမရှိဘူးပေါ့လေ . . .။ လုတယ်ပေါ့။ ဒါပေမယ့် ချစ်သူတွေဖြစ်ကြရင်တော့ ဒီအချက်ကို ရှင်းပြဖို့ ကျွန်တော် ကြိုးစားရလိမ့်မယ်။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း မုန့်ဆီကြော် ဘယ်မှာနေတာတွေ ဘာတွေ မသိဘူး၊ နှုတ်ခမ်းနာနဲ့ တည့်ကို မတည့်ဘူးဆိုတဲ့ ကောင်မျိုး ခင်ဗျ။

''ဟုတ်ပါတယ် မမရယ် . . .၊ အခု လော်စပီကျယ်တို့က ရှင်းပြပြီးပြီပဲ၊ ကျေနပ်ပေးပါနော် . . . ပြီးတော့ . .''

''ရပါတယ် . . . မမ နားလည်ပါတယ်၊ ဒါ . . . ညီမလေးတို့ကြောင့်နော် . . . သိလား''

မိန်းကလေးဆိုတာ တရားသူကြီးနဲ့လည်း တူသေးတယ်ခင်ဗျ။ အချက်အလက်သာ ခိုင်လုံလို့ကတော့ တစ်သက်တစ်ကျွန်းလည်း ချချင်ချမှာ။ ကွင်းလုံးကျွတ်လည်း လွတ်ချင်လွတ်မှာ။ ကျွန်တော်သာ မရှင်းနိုင်လို့ကတော့ ကျွန်တော့်ညတွေက သွားပြီပေါ့ဗျာ . . .။ ပြတင်းပေါက်က အပြင်ကို လှမ်းမြင်ရသလို မှောင်မည်းနေမှာပဲ။

မိန်းမတစ်ယောက်ရဲ့ အချစ်ဆိုတာ သူ့ရင်ထဲက ၅၀%။ ပတ်ဝန်းကျင်သတ်မှတ်ထောက်ခံချက်က ၅၀% ဆိုတာ သေချာတယ်။

ကဲ . . . တစ်သန်းကြေး လောင်းမလား။

www.burmeseclassic.com


''ရပါတယ် မမရယ် . . .၊ ဒီတော့လေ အထူးသဖြင့် ညီမလေးတို့ ကံစမ်းမဲပေါက်ထားတဲ့ ဒီရည်းစားစာကို မမက ပြန်လက်ခံပေးဖို့ အထူး သဖြင့် တောင်းပန်ပါတယ်''

''အာ . . . ညီမကလည်း ဒါတော့ မဟုတ်သေးဘူးလေ၊ မဖြစ်နိုင် ဘူး . . . ဟုတ်တယ်''

''လမင်းကလည်းကွာ . . .၊ ညီမလေးတွေကို အားနာစရာ . . .၊ သွန်းတို့ ဖြေရှင်းပေးပြီးပြီပဲ၊ မိုးဆွေစာကို ယူလိုက်ပေါ့''

သွန်းနှင်းအိမ်ရဲ့ စကားဆုံးပေမယ့် လမင်းက ပြုံးပြီး ခေါင်းကို ရှစ်ခါ ကိုးခါလောက်ခါတယ်။ ကျွန်တော့်အထင် ခေါင်းခါတာတွေ သိပ်များနေသလိုပဲ။ ပြီးတော့ . . ပြုံးထားလိုက်တာကလည်း အကြာကြီးပဲ။ ''ဒါမျိုးတွေ မိစ္ဆေလမင်းတို့ကို ချိုးလို့မရဘူး'' ဆိုတဲ့ သဘောမျိုး။

''မမ လက်ခံတာ ညီမလေးတို့ ရှင်းပြတဲ့ တိုက်ဆိုင်မှုကိုပါ။ စာကိုတော့ မရဘူး . . . ဟုတ်တယ်၊ ဒီစာကို မမ မယူနိုင်ဘူး''

ကျွန်တော်နဲ့ အကြိမ်တစ်သန်းလောက် သဘောတူပြီး ညှိထား တဲ့ ကောင်မလေးတွေရော သူငယ်ချင်းတွေပါ စိတ်ညစ်ပြီး ကျွန်တော့်ကို လှည့်ကြည့်ကြတယ်။ ဒီတော့ ကျွန်တော်လည်း ကုတ်ကုတ်ကလေး ငြိမ်ထိုင်နေခဲ့တဲ့ နေရာကထ မျက်နှာသေကလေးနဲ့ပဲ ပြောရတော့တာ ပေါ့။

''လမင်းရယ် . . . သူတို့ ရှင်းပြတာကို နားလည်ပြီဆိုရင်တော့ ငါ့စာကို နင်လက်ခံဖို့ ကောင်းပါတယ်ဟာ၊ ငါက . . .''

''ဒီမှာ မိုးဆွေ၊ ငါက မိန်းကလေး၊ ရည်းစားစာကို ဒီလို လူရှေ့သူရှေ့မှာ ယူဖို့ လုံးဝ အစီအစဉ်မရှိဘူး။ ငါ ဒီကို လာတာ ရည်းစားစာ ယူဖို့မဟုတ်ဘူး။ ညီမလေးတွေ ရှင်းပြတာကို နားထောင် ဖို့ လာတာ''

''အတူတူပဲလေဟာ ● ● ●၊ ငါ ဖြစ်ခဲ့တာတွေကို နင် အခု ● ● ●''

''တော်ပြီ မိုးဆွေ၊ နင် လူလည်မကျနဲ့၊ ဒီပုံစံမျိုးနဲ့ ငါ ရည်းစား စာကို ဘယ်တော့မှ မယူဘူး''

''မဟုတ်ပါဘူး လမင်းရယ်၊ ငါ ● ● ●''

ထပ်မပြောပါနဲ့တော့ မိုးဆွေ၊ ဒီပုံစံမျိုးနဲ့ လုံးဝ မယူနိုင်ဘူးလို့ ပြောပြီးပြီ''

တင်းမာပြတ်သားတဲ့ အဲဒီစကားကြောင့် ကျွန်တော် စိတ်ဓာတ် ကျသွားလိုက်တာ မပြောပါနဲ့တော့၊ သေချင်စော်ကို နံရောပဲ။ လမင်းက ပြောပြီးတော့ မျက်နှာကို တခြားဘက်လွှဲသွားတယ်။ အားလုံးလည်း ကြံရာမရဖြစ်ပြီး ဘာပြောရမှန်း မသိကြတော့ဘူး။

လမင်းရယ် ● ● ● နင့်ကို ငါ အရမ်းချစ်ပါတယ်လို့ စိတ်ထဲမှာ အကြိမ်ကြိမ်အော်နေတာပဲ သိတော့တယ်။

"ကဲ ● ● ● ဒါဆိုရင် မမ၊ ကိုမိုးဆွေက ဘယ်လိုပုံစံမျိုးနဲ့ အထူးသဖြင့် ပေးရင် ယူမလဲ''

ရုတ်တရက် ထွက်လာတဲ့ အထူးသဖြင့်ရဲ့ စကားကြောင့် ကျွန်တော် အံ့သြပြီး အထူးသဖြင့်ကို ဝမ်းသာသွားတယ်။ ဟုတ်တယ် လေ ● ● ●။ လမင်းက ဒီလိုပုံစံမျိုးနဲ့ မယူဘူးပဲ ပြောတာ၊ စာကို မယူတာမှ မဟုတ်ဘဲ ● ● ●။ ကျွန်တော်ဆိုတဲ့ ကောင်ကလည်း တုံးစရာရှိရင် အဲဒီလိုမျိုး တုံးတဲ့ကောင်။

''ကောင်းပြီ ● ● ● မနက်ဖြန် သူကိုယ်တိုင် လာပေးရမယ်။ မနက်ဖြန် ကန်ဘောင်ပေါ်မှာ ကိုးနာရီဆုံမယ်၊ ဘာတစ်ခုမှ မလွဲစေ မချော်စေ ရဘူး။ ပြီးတော့ ● ● ● ဘယ်သူငယ်ချင်းမှလဲ ရှိမနေစေရဘူး၊ ဒါပဲ''

●

BURMESE CLASSIC .com

www.burmeseclassic.com


''ဒါတော့ မင်းဘာသာ တုံးတာပဲမိုးဆွေ၊ လမင်းပြောတဲ့စကား ထဲမှာ ပါပြီးသားပဲ၊ အဲဒီဘာ ． ． ．အခွင့်ထူးခံတို့ ဘာတို့ ကောင်မလေးတွေ ကို သိပ်ချီးမွမ်းနေစရာ မလိုပါဘူး၊ ကိုယ်ဆိုရင် ချက်ချင်းသိမှာပဲ ． ． ． မင်းကိုက တုံးတာ''

ကိုယ်က တုံးပါတယ်လို့ ဝန်ခံထားရက်နဲ့ တုံးတယ်လို့ အပြောခံ ရတာတော့ နည်းနည်းတင်းတာပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော် သူ့စကားကို ပြန်မငြင်းပါဘူး။ ဘာမှ မဖြစ်သလို၊ မသိသလိုဘဲ နေလိုက်တယ်။ 'အထူးသဖြင့်' ကို 'အခွင့်ထူးခံ' လို့ ဝင်းအောင်က မှားပြောတာကိုလည်း ကျွန်တော် ပြင်မပေးပါဘူး။ ဝင်းအောင်နဲ့ ကျွန်တော် ဘော်ဒါတွေပေမယ့် သူ့ကို စိတ်ပျက်တယ်ဗျာ။ တစ်ခုခု အခွင့်အရေးရတာနဲ့ ဆရာကြီးလုပ်ဖို့ပဲ ချောင်းနေတာ။

အခုလည်း ကျွန်တော့်ဆီက ပုံဆွဲဖို့ဆိုပြီး ငှားထားတဲ့ ခဲတံနဲ့ သူ့ ဆင်ဝက်ခြံကြီးကို ထိုးနေတယ်။ သူ့ဝက်ခြံကြီးကလည်း ညှစ်ထားလိုက် တာ ယောင်ကိုင်းပြီး အဝမှာ သွေးတွေ ဘာတွေ စို့လို့၊ ပါးပြင်တစ်ခုလုံးမှာ လည်း ယောင်ဖို့ တာဆူနေတဲ့ ဝက်ခြံတွေ၊ မှည့်ဖို့ ကြိုးစားနေတဲ့ ဝက်ခြံတွေက ပြွတ်လို့၊ တော်တော် စိတ်ပျက်ဖို့ကောင်းတဲ့ လူမျိုးပါ။

''လမင်းမို့ကွာ ． ． ．သိလား၊ ကိုယ်သာဆို မောင်ရင့်ကို ပညာပြ ထားဦးမှာ ． ． ．၊ မောင်ရင် ကံကောင်းတယ် မှတ်''

''ဟော့လူ ． ． ．ကျုပ်ခဲတံနဲ့ ဝက်ခြံကို မထိုးနဲ့ဗျာ''


BURMESE CLASSIC .com

ကျွန်တော့်စကားကို သူကလည်း အရေးမထားပါဘူး။ ဝက်ခြံကို ထိုးနေတာပါပဲ။ တဖိဖိနဲ့ အဲဒီခံတံကို ကျွန်တော် ပြန်မယူတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ဘယ်နဲ့ဗျာ ။ ။ ။ သွေးစတွေပေနေတဲ့ စက်ခြံကြီးကို ခဲတံနဲ့ ထိုးနေလိုက်တာ ။ ။ ။။

''မနက်ဖြန်တော့ မင်းအရေးကြီးတယ် မိုးဆွေ၊ လမင်းက လုံဝ တရားဝင် သတိပေးပြီးသားဆိုတော့ မင်း ဘာမှလွဲလို့ မရတော့ဘူး။ မနက်ဖြန်အတွက်တော့ မင်းဟာ ရေဆေးပန်းချီကားတစ်ကား ဆွဲတာနဲ့ တူတယ်၊ မှားရင် သွားပြီ ။ ။ ။ နောက်ကင်းဗတ်(စ)တစ်ခုပြောင်း ။ ။ ။ ဒါပဲ''

မျိုးဆွေသန်းက ငွေတောင် ဆေးပေါ့လိပ်ကလေးဖွာကာ ဖွာကာနဲ့ အညာလေကလေး အိညှက်ညှက်နဲ့ ဝင်ပြောတယ်။ သူ ပြောတာ ကျွန်တော် လက်ခံပါတယ်။ ဒါပေမယ့် ရေဆေးပန်းချီတွေ ဘာတွေ ပါလာတာတော့ မကြိုက်ဘူး။ ဒီကောင်က ဘာပဲပြောပြော ပန်းချီကို မရမက ထည့်ပြောတတ်တဲ့ကောင်။ ကဲ ။ ။ ။ ကိုယ့်ဆရာပဲ စဉ်းစားကြည့်၊ ရေဆေးဆွဲဖို့ ဒေါက်မှာတင်လိုက်တဲ့ ကင်းဗတ်(စ)စနဲ့ လမင်း တူမလားဗျာ။ ဘယ်ပန်းချီဆရာက မဆွဲရသေးတဲ့ ကင်းဗတ်(စ)စတစ်ခုကို ကျွန်တော် လမင်းကို ချစ်သလို ချစ်မှာတဲ့လဲ။ မှားလို့ ။ ။ ။ နောက်တစ်ခုပြောင်းရတော့ ရော ဘာအရေးလဲ။ သူ့ဥပမာက ပန်းချီကို မပါပါအောင် ဆွဲထည့်ရတော့ ဟားစရာကြီးပေါ့။ ဒါပေမယ့် သူ့ကို ကျွန်တော် မဟားပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီကောင်က ခဲတံငှားပြီး ဝက်ခြံ တစ်ခါမှ မထိုးတဲ့အတွက် ကျွန်တော် သူ့ကို ပိုခင်တာတော့ အမှန်ပဲ။

''ဟော့ကောင် မင်းကို ဝင်ကူညီပေးတဲ့ ကောင်မလေးတွေက ဘယ်သူ ။ ။ ။၊ သွက်သွက်လက်လက် ကလေးတွေကွ၊ ခင်ဖို့ကောင်းတယ် ။ ဘယ်သူ ။ ။ ။''

ကျွန်တော်က တမင်ရွဲ့ပြီး လောက်စပီကျယ် ။ ။ ။ လို့ ဖြေလိုက်

BURMESE CLASSIC .com

www.burmeseclassic.com


တယ်။ ဒီလောက်ဆို ကျွန်တော် သဘောပေါက်ပါတယ်။ မျိုးဆွေသန်း ဆိုတဲ့ကောင် အထူးသဖြင့်ကို စိတ်ဝင်စားနေပြီဆိုတာ. . .။ ဒီကောက်က ဒီလိုပဲ ကောင်မလေးတွေဆို တော်တော်စိတ်ဝင်စားတာမြန်တယ်။ သူက သူ့ကိုယ်သူ ပန်းချီအမြင်ရှိတာတဲ့။ အလကား ညာနေတာ . . . ကျွန်တော် ကတော့ စိတ်ကယောက်ကယက် ဖြစ်နေတာလို့ပဲ မြင်တယ်။

''ဟာ . . . အဲဒီ ကာတွန်းရုပ်ကလေးကို ပြောတာမဟုတ်ဘူး။ မျက်လုံးလှလှလေးနဲ့ ကောင်မလေးကို ပြောတာလေ . . .''

''ကောင်မလေးတွေက အကုန်လုံး ဗရုတ်ကလေးတွေနော် . . . ငလောင်ကလေးတွေ၊ ဟေ့လူ . . . ကျုပ်ခဲတံနဲ့ ဝက်ခြံကို မထိုးနဲ့ဗျာ . . .''

ကျွန်တော်လည်း ချဉ်တင်တင်ရှိတာနဲ့ တော်တော်အသံကျယ် ကျယ်ကလေး အော်လိုက်တယ်။ ဒီတော့မှ ဝင်းအောင်က ခဲတံကို လွယ်အိတ်နဲ့ သုတ်တယ်။ တော်တော်ညစ်ပတ်တဲ့ လူဗျာ . . .။

''မနက်ဖြန် မင်းတစ်ယောက်တည်း သွားရမှာ မိုးဆွေ၊ ဘာမှ ထပ်မလွဲစေနဲ့၊ သိပ်မတုံးနဲ့ပေါ့ကွာ . . .။ မင်းကို ကူညီမယ့်သူ ရှိတာ မဟုတ်ဘူး''

အခုကိစ္စလည်း သူကပဲ ကူညီခဲ့သလို ဘာလိုလိုနဲ့ နေရာတကာ ဆရာကြီးလုပ်တာကို ကျွန်တော်ကလည်း အရမ်းမုန်းပဲ။ မျိုးဆွေသန်း ကလည်း ဆက်မမေးတော့ပါဘူး။ ဟိုဘက်ဝိုင်းကို ငေးနေတယ်။

''စိတ်ချ . . . မနက်ဖြန် ဘာမှမလွဲစေရဘူး။ ဖြစ်ခဲ့တာတွေကလည်း ကျုပ်တုံးတာ မဟုတ်ဘူး၊ ကံမကောင်းတာလို့ပဲ ပြောလို့ရမယ်''

''မင်းက ငတုံးပါကွာ''

●

ကျောင်းကပြန်ရောက်တော့ လမင်းပြန်ပေးလိုက်တဲ့ ရည်းစားစာကို ကျွန်တော်ကြည့်တယ်။ စာက ပျော့ဖတ်ပြီး နည်းနည်းညစ်နေပြီဗျာ။ ပျော့ဖတ်နေတာမှ ညနေဈေးသိမ်းပြီး ငါးသည်ဗန်းထဲမှာ မရောင်းရဘဲ ကျန်ခဲ့တဲ့ ငါးပနော် ပျော့သလို ပျော့စိနေတာ . . .။ ဒါပေမယ့် အထဲမှာ ကျွန်တော်ရေးထားတဲ့ စကားလုံးတွေကတော့ သူတို့အဓိပ္ပာယ်နဲ့ သူတို့ ရှိနေဆဲပါပဲ။

ကျွန်တော် စာပြန်ကူးဖို့ ပြင်ဆင်ရတယ်။ ကျွန်တော် အသစ်တစ်စောင် ထပ်မရေးပါဘူး။ ရေးပြီးသားကိုပဲ ပြန်ကူးမှာပါ။ ဟုတ်တယ် . . . ဒီစာဟာ ကျွန်တော့်အတွက် လာဘ်မကောင်းပေမယ့် ဒီစာထဲမှာ ကျွန်တော် ရေးထားတဲ့ စကားလုံးတွေကို ကျွန်တော် အရမ်း သဘောကျနေတယ်လေ။ ကျွန်တော် တကယ်ခံစားပြီး သေသေချာချာ ရေးထားတာ မဟုတ်လား။ နောက်တစ်စောင်ရေးလို့ နောက်ထပ်တစ်မျိုး ထွက်လာတာမျိုးကို ကျွန်တော် မကြိုက်ဘူး။

ကျွန်တော် စာရွက်ဖြူဖြူကလေးမှာ စကားလုံးတစ်လုံးစီကို သတိတကြီး ကူးရတယ်။ ကျွန်တော့်လက်ရေးက လှပါတယ်။ မိန်းကလေး တော်တော်များများက ကျွန်တော့်လက်ရေးကို မြင်ရင် အံ့သြသွားကြတယ်။ လမင်းကတောင် တစ်ခါပြောဖူးတယ်။ မိုးဆွေဆီမှာ လှတာဆိုလို့ လက်ရေးပဲ ရှိတယ်တဲ့။ ကျွန်တော့်ကို ခပ်နှိမ်နှိမ်ပြောမှန်း ကျွန်တော် သိပါတယ်။ သူ့ကို ကြိုက်နေတာသိလို့ တမင်ပြောတာလည်း ဖြစ်ချင်ဖြစ်မှာ

www.burmeseclassic.com


ပါပဲ။ ဒါပေမယ့် ကျွန်တော်ကတော့ စိတ်မဆိုးပါဘူး။

ကျွန်တော်သန်းတစ်ရာတန် စာရွက်ပေါ်က စကားလုံးတွေလို သတိတကြီးနဲ့ ရည်းစားစာကို ရေးနေမိတယ်။ ရည်းစားစာရေးပြီးတော့ ပြန်ဖတ်ရတာလဲ အမောပေါ့။ နောက်ဆုံး စိတ်ချကျေနပ်သွားတော့မှ လွယ်အိတ်ထဲထည့်ပြီး အိပ်ယာဝင်ရတယ်။

ဒါပေမယ့် ကျွန်တော် အိပ်လို့မရတော့ဘူးခင်ဗျ။

ကျွန်တော့်စိတ်က ရေလှိုင်းတွေ ပြန်ဆင်းပြီးကာစ သောင်ပြင်လို နူးညံ့ချောမွေ့နေတယ်။ ဘယ်အတွေး ဝင်လာဝင်လာ လက်ခံပြီး လိုက်တွေးနေမိတယ်။ လမင်းနဲ့ စတွေ့တာ၊ ခင်သွားတာ၊ ပေါက်စီစားရင် လမင်းက ဘေးနားက အသားစတွေကို ဖွဲ့စားတတ်တာ၊ ငယ်ငယ်တုန်းက အဘွားနဲ့ ဘုန်းကြီးကျောင်းမှာ ဥပုသ်စောင့်တာ၊ မိုးရွာရင် စမ်းချောင်းထဲ ရေချိုးရင်း ဖားဂုံညှင်း တွေ့အောင်ရှာ . . . ပိန်းရိုးနဲ့ချိုးရိုက်၊ ဒေါကန်ပြီး ဖောင်းထလာတဲ့ ဖားဂုံညှင်းကို ဘောလုံးဆိုပြီး ကန်ကြတာ . . .။ အဲဒီတုန်းက တော်တော်ပျော်ဖို့ ကောင်းတယ်ဗျာ . . .။ မိုးလည်းစဲရော ဖားလဲ ပျော့စိပြီး သွားပြီပေါ့။

အတွေးတွေဟာ ရပ်လို့မရတော့ဘူး။ အဆက်အစပ်မရှိဘဲနဲ့ လည်း ရောက်လာကြတာပဲ။ တရားသဘောနဲ့ ဆိုရင်တော့ အဲဒီ အတွေး တွေကို စောင့်ကြည့်နေရမှာတဲ့။ ကျွန်တော်လည်း အူတူတူနဲ့ အတွေးတွေကို လျှောက်ပြီး စောင့်ကြည့်နေမိတယ်။ အဲဒီတော့ဗျာ . . . ဝင်လာလိုက်တဲ့ အတွေးတွေ . . . မနည်းပါဘူး။ အတွေးထဲမှာ ဝင်းအောင်ကိုတောင် ဝက်ခြံပျောက်ဆေးတွေ ဘာတွေ ဝယ်ပေးလိုက်သေးတယ်။

ခက်တာက ကျွန်တော် ဘယ်လိုမှ အိပ်လို့မရတော့တာဘဲ။

စိတ်ကကြည်လင်ပြီးတော့၊ ခန္ဓာကိုယ်ကလည်း လန်းဆန်းနေတယ်။ ဒါနဲ့ ကျွန်တော်ထပြီး ဆေးလိပ်သောက်တယ်။ ကျွန်တော်


BURMESE CLASSIC .com

ရည်းစားစာကို ပြန်ဖတ်တယ်။ ပြူတင်းပေါက်က မြင်နေရတဲ့ လရောင်ကို ငေးနေမိတယ်။ လမင်းကိုတော့ ရှာလို့မတွေ့ပါဘူး။

ခုချိန်လောက်ဆိုရင်တော့ လမင်းအိပ်ပျော်နေမှာပဲ။ မိန်းကလေးတွေက ကျွန်တော်တို့ထက် စိတ်လှုပ်ရှားမှု နည်းတယ်လို့ ကျွန်တော်ထင်တယ်။ သူတို့က မနက်ဖြန် ဘာဖြစ်မလဲ၊ ဘယ်လို ကြုံရမလဲဆိုတာတွေကို ကြိုမတွေးတတ်ကြဘူး။ 'မတွေးချင်ဘူးဟာ . . .' ဆိုရင် မတွေးဘဲနေလို့ထိုင်လို့ရတာ . . . မိန်းကလေးတွေရဲ့ တကယ်ထူးခြားတဲ့ အောင်မြင်မှုပဲ၊ ကျွန်တော်တို့ကတော့ မရရေးချ မရဘဲ။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေမယ့် လမင်းကို ကျွန်တော် လှမ်းပြီး မနာလိုဖြစ်နေမိတယ်။ ကျွန်တော်သာ အိပ်ပျော်သွားရင် မနက်ဆိုတာ ခဏလေးနဲ့ ရောက်လာမှာ . . .။ အခု အိပ်မပျော်တော့ အကြာကြီး စောင့်နေရတာပေါ့။ အချိန်ကို ချုံ့လို့ရတာ အိပ်တဲ့နည်း တစ်နည်းပဲ ရှိတယ်မဟုတ်လား။ ကျွန်တော့်သူငယ်ချင်း ကောင်မလေး တစ်ယောက်ပြောတာ သတိရတယ်။ သူ့အစ်ကိုတစ်ယောက်က နိုင်ငံခြားကနေ ပြန်လာရင် သူ့အတွက် လက်ကိုင်အိတ်ရယ်၊ အင်္ကျီရယ်ဝယ်လာမယ်လို့ ပြောတယ်တဲ့။ ပြန်လာဖို့က (၂) လလောက် လိုသေးတယ်တဲ့။ အဲဒီနေ့ကစပြီး အားရင် သူအိတ်တာပဲတဲ့ ခင်ဗျ။ ဒါမှ သူ့အစ်ကိုကို စောင့်ရတဲ့အချိန် မြန်မှာတဲ့။ ဘာပဲဖြစ်ဖြစ် . . . အဲဒီအတွေးကို ကျွန်တော် တော်တော် သဘောကျတယ်ဗျာ။

ကျွန်တော်ကတော့ အိပ်လို့မရတော့ဘူး။ ဒါနဲ့ ခဲတံကို သေသပ်အောင် ပြန်ချွန်လိုက်၊ လမင်းကိုပေးမယ့် စာအိတ်ထောင့်ကလေး ခေါက်နေတာကို အကောင်းအတိုင်းရအောင် ပြန်ဆန့်လိုက်၊ မနက်ဖြန် ဘာမှမလွဲစေရဘူးလို့ ကတိပေးလိုက်၊ အမှောင်ထဲကို ငေးလိုက်နဲ့ တောင်စဉ်ရေမရတွေ လျှောက်လုပ်နေရတယ်။

www.burmeseclassic.com


ကျွန်တော့်မှာ ဝယ်ထားတဲ့စာအုပ်တွေ ရှိပါတယ်။ ဒါပေမယ့် ကျွန်တော် ဘာစာမှ မဖတ်ချင်ဘူးကွာ။ ဒီညတော့ ကိုယ့်စိတ်ကလေးနဲ့ ကိုယ်ပဲ နေချင်တယ်။ တစ်ခုခု စိတ်လှုပ်ရှားစရာရှိရင် ညဘက် အိပ်မရ တတ်တာက ကျွန်တော့်မှာ အကျင့်ဖြစ်နေပြီ။ မျိုးဆွေသန်းကတော့ တစ်ခါအကြံပေးဖူးတယ်။ အိပ်မရရင် စာအုပ်တစ်အုပ်ဖတ်လိုက်တဲ့။ ဇာတ်လမ်းဇာတ်ကွက် သိပ်မပါတဲ့ အတွေးခေါ်တို့ ဒဿနတို့လို ပျင်းဖို့ကောင်းတာမျိုးကို ဖတ်တဲ့။ အဲဒါ မျက်လုံးလေးပြီး အိပ်ပျော်သွား ရောတဲ့။

ဒီနည်းနဲ့တော့ စာရေးဆရာတွေ၊ အတွေးအခေါ် ပညာရှင်တွေကို မစော်ကားသင့်ဘူးပေါ့ဗျာ။ ကြည့်ပါဦး. . . ဘယ်လောက်ရုပ်ဆိုးမလဲလို့။ ကိုယ်က ခွေခေါက်ပြီး အိပ်ပျော်လို့ အဲဒီစာရေးဆရာနာမည်ပါတဲ့ စာအုပ်က ဘေးနားမှာ ဖွာလန်ကျဲကျပြီး ပွင့်လို့၊ ကိုယ့်ဆရာပဲ စဉ်းစားကြည့်တော့။

မနက် အာရုံတက်ချိန်ရောက်တော့မှ လေးအေးကလေးတိုက်လာပြီး ကျွန်တော် အိပ်ချင်လာတယ်။ အိပ်ချင်တော့လဲ ခဏလေးပဲ ကိုယ့်ဆရာ ရာ. . .။

●

ရင်ထဲကို အသိစိတ်ပြန်ဝင်လာချင်း ကျွန်တော် အပြင်ကို လှမ်းကြည့်တော့ နေရောင်က တော်တော်ကို ရင့်နေပြီ။ ကျွန်တော် အိမ်ကထွက်တော့ (၈း၁၅)။ အမေပြင်ပေးထားတဲ့ မုန့်ဟင်းခါးနဲ့

www.burmeseclassic.com


ထမင်းတောင် ကျွန်တော်မစားခဲ့ပါဘူးဗျာ။ ဘာတစ်ခုမှ မလွဲစေနဲ့ဆိုတဲ့ လမင်းရဲ့ စကားကို ပြန်ကြားရင်း ညက အိပ်မရတဲ့ ကိုယ့်ကိုယ်ကို ဒေါသဖြစ်နေခဲ့တယ်။ အမှန်ဆို ကျွန်တော် အိပ်ဖို့ မကောင်းဘူး။ မိုးအလင်းကို ထိုင်ကို စောင့်နေသင့်တာ . . .။

မှတ်တိုင်ကိုရောက်တော့ ရုံးချိန်ဆိုတော့ လူတွေက ပွတ်ခဲနေတာပေါ့ . . .။ ကားတွေပေါ်မှာလဲ လူတွေကို တင်လာလိုက်တာဗျာ . . . တစ်စင်းကို လူတစ်သန်းလောက်များ တင်လာကြသလား မသိဘူး။ ကိုရွှေဒရိုင်ဘာတွေက မှတ်တိုင်မှာ ရပ်စောင့်နေတဲ့ လူအုပ်ကြီးကို ငဲ့တောင် မကြည့်ဘူးခင်ဗျ။ ရပ်ပေးဖို့ဆိုတာ ဝေလာဝေး။ နေ့ခင်းဘက် လူချောင်ရင်တော့ မှတ်တိုင်မှာ အကြာကြီးရပ်ပြီး စပါယ်ယာက မှတ်တိုင်တွေကို တန်းစီရွတ်ပြနေပုံနဲ့ တခြားစီပဲ။

ကားရပ်တော့လဲ မှတ်တိုင် ကျော်ရပ်တာတို့၊ မှတ်တိုင်နား မရောက်ခင်မှာ ရပ်တာတို့နဲ့ ပညာပြသေးတယ် ခင်ဗျ။ လူအုပ်ကြီးက ဟိုဘက်ပြေးလိုက်၊ ဒီဘက်ပြေးလိုက်နဲ့ဗျာ . . . တော်တော်ကို စိတ်ပျက်ဖို့ကောင်းတယ်။ (၁၀)မိနစ်လောက်ကြာတော့ ကျွန်တော် ချွေးတွေချဲလာတယ်။ စိတ်လည်း ပူလာတယ်၊ ဒေါလည်း ကန်လာတယ်။ ဒီနေ့ ကျွန်တော် နောက်ကျမှရောက်လို့ ဘယ်နည်းနဲ့မှ မဖြစ်ဘူးဗျာ။ ကျွန်တော် လွဲလို့ မရဘူး။

ကျွန်တော် အံကိုကြိတ်ပြီး လွယ်အိတ်ကို စလွယ်သိုင်းပစ်လိုက်တယ်။ ရာမလို လျှင်မြန်မှုမျိုးနဲ့ ဒသဂီရိလို ခွန်အားမျိုးကို ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ ထည့်ထားလိုက်တယ်။ ဒါပေမယ့် ကားပေါ်ကို ပါသွားတော့ ဟနုမာန်လို ပါသွားတာဗျို့။ နောက်ဘက်က လူအုပ်တွေကြားထဲမှာ လက်တစ်ချောင်း၊ ခြေတစ်ချောင်း ချိတ်မိရုံ တလွင့်လွင့်နဲ့ ပါသွားတာပါ။

အထဲက လူဆင်းဖို့ဆိုတာ စိတ်မကူးနဲ့၊ ဂိတ်ကနေ ပတ်စီးလာ

www.burmeseclassic.com


တဲ့ ကျောင်းသား၊ ကျောင်းသူတွေချည်းပဲ။ ကားလေးက ဘယ်မှတ်တိုင်မှာမှ မရပ်ဘူး၊ ကျောင်းကိုပဲ ရောက်အောင် မောင်းနေတယ်။ ကျောင်းရောက်မှ သူလည်း လူထပ်တင်ရမှာကိုး ... ။ ဟံသာဝတီအဝိုင်းကိုလည်း ကွေ့ရော တွယ်စီးနေတဲ့ လူတွေအားလုံး လွင့်ခနဲ ယိမ်းအသွားမှာ ကျွန်တော့်ခြေထောက်ထဲက ဖိနပ်က တိုက်မိပြီး ကျသွားတယ်။

''ဟာ ... ဖိနပ်ကျပြီ၊ ကျွန်တော့်ဖိနပ် ကျပြီ၊ ဖိနပ်ကျပြီဗျို့''

ဒီလောက်ကြပ်နေတဲ့ လူတွေကြားမှာ အော်တာတောင် ကျွန်တော့်အော်သံကို တစ်ယောက်မှ မတုန့်ပြန်ကြဘူး။ လူမရှိတဲ့ ကွင်းပြင်ကြီးထဲမှာ အော်တာ ကျနေတာပဲ။

''ဟေ့လူ ... ဖိနပ်ကျသွားတယ် အော်နေတယ် မဟုတ်လား''

''အဝိုင်းကွေ့ကြီးမှာ ဘယ်လိုလုပ် ရပ်လို့ရမလဲကွ၊ အစကတည်းက ကိုယ့်ဘာသာ သတိထားပါလား၊ အရေးထဲ ကြော်ငြာလာဝင်မနေနဲ့၊ မောင်းထား ဆရာရေ ... လှည်းတန်းကို ရောက်အောင်သာ ... ကစ်၊ နောက်မှာ ကုလားကြီးတို့ကား ပါလာတယ်''

တံတားဖြူမှတ်တိုင်ရောက်တော့ ကျွန်တော် ဒေါသထွက်လိုက်တာ မပြောပါနဲ့တော့။ ကားပေါ်ကဆင်းပြီး ကျွန်တော် တစ်ခွန်း လှမ်းဆဲလိုက်တယ်။ ကိုရွှေစပါယ်ယာက ကျွန်တော့်ကို Fly Kiss တောင် လုပ်ပြသွားသေးတယ်။ ကျွန်တော် ဘာလုပ်ရမှန်းမသိဘဲ တစ်မိနစ်လောက်တော့ ကြောင်တက်တက် ဖြစ်နေသေးတယ်။ နောက်တော့မှ သတိရတယ်၊ လှည်းတန်းဈေးမှာ ဈေးသွားဝယ်ရင် ရတာပဲလို့ ... ဟုတ်တယ် ကျွန်တော့်မှာလည်း ဖိနပ်တစ်ရံဖိုးတော့ ပါပါတယ်။

နာရီကို ငုံ့ကြည့်တော့ (၉)နာရီထိုးပြီးလို့ (၈) မိနစ်လောက်စွန်းနေပြီ။ ဒီကနေ လှည်းတန်းကိုသွားရင် အသွားအပြန် ဆယ့်ငါးမိနစ်လောက်တော့ ရှိမယ်ထင်တာပဲ။ လမင်းက ရောက်နေပြီလား ... ။

BURMESE CLASSIC .com

ကျွန်တော် ဆုံးဖြတ်ချက်ချပြီး လှေကားကနေ ကန်ဘောင်ပေါ် တက်လာခဲ့တယ်။ လမင်း ရောက် မရောက် သိချင်လို့ပါ။

ကိုယ့်ဆရာရေ ကိုယ့်မျက်စိတောင် ကိုယ်မယုံချင်စရာဘဲ၊ လမင်းက ရောက်နေပြီဗျို့။ ခုံကလေးမှာ ထိုင်လို့၊ ကန်ဘက်ကို ငေးလို့။ ပုံမှန်ဆိုရင်တော့ ဝမ်းသာစရာကြီးပေါ့ဗျာ . . .။ ဒါပေမယ့် ခုတော့ ပြဿနာဖြစ်သွားပြီပေါ့။ သေချာတယ် . . . လမင်း (၉)နာရီထဲက ရောက်နေတာပဲ နေမှာ . . .။ ကျွန်တော် လှည်းတန်းကို အခုနေ ပြန်သွားလို့ မဖြစ်နိုင်တော့ဘူး။ ကျွန်တော် မလာဘူးဆိုပြီး လမင်း ပြန်သွားရင်သေပြီပေါ့ဗျာ။ ဖိနပ်တစ်ဖက်တည်းနဲ့လည်း မသွားရဲဘူး။ ကိုယ့်ကို အဖြေပေးမယ့် မိန်းကလေးတစ်ယောက်ဆီ ဒီလိုသွားဖို့ဆိုတာ ဘယ်သူမှ လက်ခံမှာ မဟုတ်ဘူး။ ဘာတစ်ခုမှ မလွဲစေနဲ့ဆိုတဲ့ လမင်းရဲ့ စကားကလည်း ရှိသေးတယ် မဟုတ်လား။

အဲဒီအချိန်မှာ လမင်းက လက်ကနာရီကလေးကို မြှောက်ကြည့်တာ တွေ့ရတယ်။ ကျွန်တော့်ရင်ထဲမှာ ဗလောင်ကို ဆူသွားတာပဲ။ ကျွန်တော် ထူပူကြောင်အန်းပြီး လှည့်ပတ်ကြည့်တော့ ကျွန်တော်တက်လတဲ့ လှေကားအပေါ်ဆုံးထစ်မှာ ကျောင်းသားတစ်ယောက် ထိုင်နေတယ်။ ကျွန်တော်လည်း မထူးတော့ဘူးဆိုပြီး စွန့်စားရတော့တာပဲ။

ကျွန်တော် သူ့အနားသွားရပ်တော့ သူက မော့ကြည့်တယ်။ ကျွန်တော် ပြုံးပြတော့ သူကလည်း ပြန်ပြုံးပြတယ်။ ဘယ်ဆိုးလို့တုန်း။ ဒီကျောင်းသား ကြည့်ရတာ အူတူတူပုံစံပါ။ အသားဖြူဖြူ မျက်လုံးမှေးမှေး . . .။ ဆံပင်ကို ပါးပါးကလေးညှပ်ပြီး ခေါင်းလိမ်းဆီနဲ့ ရအောင် ထောင်ထားတယ်။ ထောင်နေတဲ့ ဆံပင်အဖျားမှာ ခေါင်းလိမ်းဆီတွေ စွန်းနေလိုက်တာဗျာ . . . တစ်ဘူးလုံးများ လိမ်းလာသလား ထင်ရတယ်။

www.burmeseclassic.com


ဖိနပ်ကို ခိုးကြည့်တော့ ခပ်လတ်လတ်ဗျ။ ကျွန်တော်နဲ့တော့ နည်းနည်း ကြီးမယ် ထင်တယ်။ ခြေသည်းတွေကလည်း ညစ်ပတ်လိုက်တာ မပြောနဲ့ တော့။

''ဟို. . .အစ်ကို. . .ဘာလုပ်နေတာလဲ''

''ဒီလိုပါပဲ၊ ကိုယ့်ရည်းစားကို စောင့်နေတာလေ''

သူ့ကြည့်ရတာ အကြွားသန်မယ့် ပုံစံပဲ။ ဒါပေမယ့် သဘောတော့ ကောင်းပုံရပါတယ်။ တော်ရုံကျောင်းသားဆို မင်းက ဘာလုပ်မလို့လဲ တွေ. . .ဘာတွေ လာမှာပေါ့။ ကျွန်တော် သနားအောင် နားလည်အောင် ပြောရင် ကူညီမယ့်ပုံစံ သူ့မှာ ရှိပါတယ်။

''ဒီလို. . .အစ်ကိုရာ၊ ကျွန်တော် ဒုက္ခရောက်လာလို့ပါ''

''ဟား. . .ဟား. . .ဒါမျိုးတော့ မရဘူး ကိုယ့်လူ၊ ဘာလဲ. . . နယ်ကနေ ရန်ကုန်ကို လာတာပါ၊ လူကွဲသွားလို့ အသိလည်း မရှိ၊ စားစရာလည်း မရှိလို့ လမ်းစရိတ် ကူညီပါ၊ ဟုတ်တယ် မဟုတ်လား၊ မရဘူးကိုယ့်လူ. . .ပိုက်ဆံ အပိုမပါဘူး၊ ကိုယ့်ကောင်မလေးနဲ့ အပြင် သွားလည်ဖို့ပဲ ပါတာ၊ သွား. . .သွား''

''မဟုတ်ပါဘူး. . .အစ်ကိုရာ၊ ကျွန်တော်လည်း ကျောင်းသားပါ၊ တကယ်ပါ၊ ကျွန်တော် ရှင်းပြပါရစေ''

ကျွန်တော် အားလုံးရှင်းပြတော့ ကိုယ့်ဆရာက ကျွန်တော့်ကို ငုံ့ကြည့်တယ်။

''အဲဒီတော့ ကိုယ် ဘာအကူအညီ ပေးရမလဲ''

''ဟို. . .ကျွန်တော့်ကို အစ်ကို့ ဖိနပ်ကလေး ခဏငှားပါ''

''ဟေ. . .ဟ . . .ဘယ်ဖြစ်မလဲ၊ ကိုယ်ကလည်း ကောင်မလေးနဲ့ ချိန်းထားတာ၊ မဖြစ်နိုင်ပါဘူးကွာ''

''လုပ်ပါ အစ်ကိုရာ. . .ကျွန်တော် ခဏလေးပဲ စီးသွားမှာပါ၊

www.burmeseclassic.com


အစ်ကိုကောင်မလေးကလည်း လာမှ မလာသေးတဲ့ဟာ၊ အဖြေရပြီးတာနဲ့ ချက်ချင်း ပြန်လာပေးပါ့မယ်၊ ဟိုမှာ ထိုင်နေတာ ကျွန်တော့်ကောင်မလေး ပါ''

သူ့ကို လှမ်းပြတော့ လမင်းက နာရီကို မြှောက်ကြည့်တာ တွေ့ရတယ်။ ဒီတစ်ခါတော့ ညာဘက်ကိုလှည့်ပြီး တစ်ချက်နှစ်ချက် ရှာတယ်။ ကျွန်တော်လည်း အရမ်းကို စိုးရိမ်နေပြီ။

''ကျောင်းသားချင်း ကူညီပါ . . . အစ်ကိုရာ၊ အစ်ကို့ကျေးဇူးကို တစ်သက်မမေ့ပါဘူး၊ ကျွန်တော့်အတွက် အရမ်းအရေးကြီးနေတဲ့ အချိန်မို့ ပါ၊ ကူညီပါ အစ်ကိုရာ . . . နော်''

သူလည်း လမင်းကို လှမ်းကြည့်လိုက်၊ ကျွန်တော့်ကို ကြည့် လိုက် စိတ်လှုပ်ရှားလို့ နှုတ်ခမ်းကို ကိုက်လိုက်နဲ့၊ တော်တော်စဉ်းစားရ ကြပ်နေတယ်နဲ့ တူပါတယ်။

''ကဲ . . . ရော့ကွာ၊ ဟော့ကောင် မြန်မြန်လုပ်နော်၊ ကိုယ့် ကောင် မလေးက လာတော့မှာ''

''ဟုတ်ကဲ့ . . . စိတ်ချပါ၊ ခဏလေးပါ''

''ငါ မင်းဘေးကခုံမှာ ရှိမယ်၊ သိလား . . .''

မောလိုက်တာ ကိုယ့်ဆရာရာ . . .။

●

BURMESE CLASSIC .com

www.burmeseclassic.com


ကျွန်တော့်နံဘေးကို ဝင်ထိုင်တော့ လမင်းက တစ်ချက် လှည့်ကြည့်ပြီး တစ်ဘက်ကို မဆိုသလောက်လေး ရွှေ့သွားတယ်။ လမင်းမျက်နှာမှာ ကျွန်တော့်ကို ကြိုဆိုဖို့ပြုံးတာ၊ ဒါမှမဟုတ် အရောက် နောက်ကျလို့ စိတ်တိုနေတာ ဘာတစ်ခုမှ မရှိပါဘူး . . .။ ပုံမှန်ပါပဲ။

''လမင်း''

''ဘာလဲ . . .''

ကျွန်တော့်ခေါ်သံမှာက တုန်ရီမှုနဲ့ မျှော်လင့်ချက် ပါတယ်။ လမင်းပြန်ထူးသံမှာက အေးစက်မှု ပါတယ်။ ကျွန်တော်ကလည်း ခေါ်သာ ခေါ်ရတာ ပြောစရာက ထွေထွေထူးထူး သိပ်ရှိတာ မဟုတ်တော့ ညက သေသေချာချာ ယူလာတဲ့စာကို ထုတ်ပေးလိုက်တယ်။

လမင်းက ခပ်ယဲ့ယဲ့လေးပြုံးရင်း စာကိုယူပြီး တစ်ချက်မှ မကြည့်ဘဲ လွယ်အိတ်ထဲ ထည့်တယ်။

''မဟုတ်ဘူးလေ . . .၊ လမင်း စာကို မဖတ်ကြည့်တော့ဘူးလား''

''ဘာလို့ ဖတ်ရမှာလဲ၊ ဒီစာက ငါဖတ်ပြီးသားပဲ . . . ဟုတ်တယ်''

လမင်းက ကျွန်တော့်ကို ပြန်မကြည့်ဘဲ ပြောတယ်။ ကျွန်တော့် ရင်ထဲ တစ်ချက်ထင့်ပြီး ဘာမှန်းမသိတဲ့ ကြောက်စရာတစ်ခုကို တွေ့လိုက် ရသလိုပဲ။

''မဟုတ်ဘူးလေ၊ နင် . . . နင် ငါ့ကို အဖြေ မပေးတော့ဘူးလား''

''အံမယ် . . . နင့်ကို ငါ အဖြေပေးမယ်လို့ ဘယ်တုန်းက ပြောခဲ့ဖူး

www.burmeseclassic.com


လို့လဲ၊ နင် ငါ့ကို စာတစ်စောင်ပေးတာ အလွဲလွဲ အချော်ချော်နဲ့ ဟိုလူသိ ဒီလူသိ၊ ဟိုလူနဲ့ ရှင်းရ၊ ဒီလူနဲ့ရှင်းရ ႉ ႉ ႉ ဟုတ်တယ်၊ ငါ ဘယ်လောက် သိက္ခာကျတယ် မှတ်သလဲ၊ အဲဒါကြောင့် စာပြန်ပေးဖို့ ပြောတာ၊ အဖြေပေးမယ်ဆိုတဲ့စကား တစ်ခွန်းမှ မပါဘူး''

ကျွန်တော့်ကမ္ဘာဟာ ပျောက်သွားတယ်။ မိန်းမတွေဟာ တော်တော်ကြောက်ဖို့ ကောင်းတာပဲဗျာ ႉ ႉ ႉ။ ကျွန်တော့်မှာတော့ စိတ်ကူးတွေ ယဉ်လိုက်ရတာ ညက အိပ်လို့တောင်မရဘူး။ အခုတော့ ႉ ႉ ႉ ဒီစာကို ပြန်ပေးခိုင်းတာ ထိခိုက်သွားတဲ့ သူ့သိက္ခာကို ပြန်ဆယ်ဖို့သက်သက်ကိုး ႉ ႉ ႉ။ မိန်းမတွေဟာ နှုတ်ခမ်းနီဆိုးထားတဲ့ ထောင်ချောက်တွေပဲ။ ကျွန်တော် ဘာဆက်ပြောရမှန်း မသိတော့ဘူး ႉ ႉ ႉ။

''စာကို ပြန်လက်ခံတာပဲ ကျေးဇူးတင်ဦး၊ အားလုံးက ဝိုင်းပြောကြလို့ သိလား''

''ဒါ ႉ ႉ ႉ ဒါဆို ငါ့ကို နင် ႉ ႉႉ ဟား ႉ ႉ ႉ လမင်းရာ ႉ ႉ ႉ၊ နင် ငါ့ကို အဖြေမပေးတော့ဘူးလား''

လမင်းက ဟက်ခနဲ မချိုမချဉ်ရယ်တယ်၊ ပြီးတော့ ႉ ႉ ႉ ႉႉ ကန်ရေပြင်ကို တစ်ချက်ကြည့်ရင်း ႉ ႉ ႉ

''ဒါတော့ ငါ စဉ်းစားဦးမယ်လေ''

ကျွန်တော့်ထောင်ချောက်တံခါးက ဂျိမ်းခနဲ မပြည်ဘဲ အဲဒီစကားသံတွေနဲ့ ပိတ်သွားတယ်။ အဲဒီ ႉ ႉ ႉ စဉ်းစားမယ်ဆိုတဲ့ အချိန်ကာလ ဘယ်လောက်ထိ ကြာမှာလဲ။ ပန်းပွင့်တွေ ကမ္ဘာပေါ်မှာ ဘယ်နှစ်ပွင့် ပွင့်ပြီးမှတဲ့လဲ။ HOTEL ကြီးတွေ ဘယ်နှစ်လုံး ဆောက်ပြီးမှတဲ့လဲ။ ဘယ်မင်းသား ဘယ်မင်းသမီး အကယ်ဒမီ ရတဲ့အထိလဲ၊ ဘယ်မော်ဒယ်လေး ရုပ်ရှင်ကားကြီး ရိုက်ပြီးတဲ့ အထိလဲ ႉႉ။

''မလုပ်ပါနဲ့ လမင်းရယ်၊ ငါ့ကို အဲဒီလိုတော့ မလုပ်ပါနဲ့''

www.burmeseclassic.com


''ကောင်းပြီလေ ့ ့ ့၊ ဒါဆို အခုပေးလိုက်ရမလား''

လမင်းက ထောင်ချောက်တံခါးကို ပြန်ဖွင့်ပေးတယ်။ 'မနေချင်သွားပေါ့ မတားပါဘူး' ့ ့ ့ဆိုတဲ့ ပုံစံ။ ဒါတော့ ကျွန်တော် ဘယ်လက်ခံရဲပါ့မလဲ။ ခုနေ ့ ့ ့ပေးဆို အဖြေက 'No'ပဲ နေမှာပေါ့။

''မဟုတ်ဘူးဟာ ့ ့ ့၊ ငါ ဘယ်လောက်ထိ စောင့်ရမှာလဲ''

''ဒါတော့ ဘယ်သိမလဲ၊ ကဲ ့ ့ ့ကဲ ငါတို့ ပြောစရာရှိတာ ပြောပြီးပြီ၊ သူငယ်ချင်းတွေ ဟိုဘက်ပန်းခြံမှာ ထိုင်နေကြတယ်၊ သွားရအောင်''

အဲဒီမှာ ကျွန်တော် ပြဿနာစတက်တယ်။ အဖြေ ခုမရတာကတော့ သေချာပြီ၊ ခက်တာက ဖိနပ်ကိစ္စလေ ့ ့ ့။ ကျွန်တော် ထသွားရင် ဟိုလူက လိုက်တောင်းမှာပေါ့။

''သွားနှင့်ဟာ ့ ့ ့ငါ ပြီးရင် လိုက်လာခဲ့မယ်''

လမင်း ဆတ်ခနဲ လှည့်ကြည့်တယ်။

''ဘာလဲ ့ ့ ့နင်က အခုကတည်းက ငါ့စကားကို နားမထောင်ချင်တဲ့ သဘောလား''

ကျွန်တော် နားလည်ပါတယ်။ စဉ်းစားဦးမယ် ပြောလိုက်တာနဲ့ ကျွန်တော်ဟာ သူ မဝယ်သေးပေမယ့် သူပိုင်တဲ့ ကျွန်တစ်ယောက်လို နေရတော့မယ် ဆိုတာကိုပါ။ ဒါပေမယ့် ကျွန်တော့်ပြဿနာနဲ့က အခုတော့ ဘယ်ဖြစ်မလဲ။

''မဟုတ်ပါဘူးဟာ ့ ့ ့၊ ငါ ဒီမှာ ခဏလေး ထိုင်နေချင်လို့ပါ၊ နင်သွားနှင့်''

''နင်ဟာ အလကားပဲ မိုးဆွေ''

လမင်းပြောရင်း တစ်ဘက်လှည့်သွားတယ်။ အပေါင်းအသင်းတွေက ကျွန်တော်ဟာ သူ့စကားကို နားမထောင်ဘူးလို့ ထင်မှာ သူ

ကြောက်ဟန်တူတယ်။

''နင် လိုက်မလား . . . မလိုက်ဘူးလား''

ကျွန်တော်လည်း ဘာပြောရမှန်း မသိဘူး။ အဲဒီအချိန်မှာပဲ ဟိုဘက်ခုံက အသံကြားတယ်။

''ဟဲ့ . . . ကိုဝင်းနိုင် လာလေ . . .၊ သွားကြရအောင်''

''ဩော် . . . အေး ခဏလေးကွာ၊ ဒီမှာ ခဏလောက် ထိုင်ရအောင်''

''ဟာ . . . ကိုဝင်းနိုင်ကလည်း (၁၀)နာရီခွဲပြီတာ၊ အခု(၉း၂၀)နာရီ တောင်ရှိနေပြီ . . . လက်မှတ်က ဟိုကျမှ ဝယ်ရမှာ၊ ထိုင်နေလို့ ဖြစ်မလား''

''ရပါတယ်ကွာ . . . အပြင်က ဝယ်ပြမှာပေါ့၊ မာမာကလည်း ခဏလေးပါ''

''ဒီမှာ ကိုဝင်းနိုင် . . . ရှင်က ပြောလိုက်ရင် မာမာ . . . မာမာနဲ့ ကျွန်မမှာ ဘာများ မာရတာ ရှိသလဲ၊ ရှင့်သူငယ်ချင်းတွေ ခေါ်ရင်တော့ ငေါက်ခနဲ ဖင်ပေါ့သလား မမေးနဲ့၊ ရှင် အခု ထမလား မထဘူးလား''

ရှေးလူကြီးသူမတွေ ထားခဲ့တဲ့ ''ခြေနှစ်ချောင်းနဲ့ နားရွက်ဆို မကယ်နဲ့'' ဆိုတဲ့ စကားပုံကို ဒီလူတော့ ရှိသေသွားပြီပေါ့ဗျာ။ ကျွန်တော့် ဘက်ကို လှမ်းကြည့်နေတဲ့ မျက်လုံးက ကြောက်စရာကြီး . . .။ ကျွန်တော် ဘာလုပ်ရမလဲ . . .။ ထသွားပြီး သူ့ဖိနပ်ကို ပြန်ပေးလိုက်ရမလား။

ဟင့်အင်း . . . လူဆိုတာ ကိုယ့်အတ္တကိုပဲ ကိုယ်ချစ်တတ်တဲ့ သတ္တဝါ မဟုတ်လား။

''ကဲ . . . မိုးဆွေ''

''ငါ ကတိပေးတယ်ဟာ . . . နင်ထွက်သွားပြီး ငါးမိနစ်ကြာတာနဲ့ ငါ လိုက်လာခဲ့မယ် . . . ကဲ''

''နေစမ်းပါဦး . . . နင်က ဘာတွေ မရိုးမသား လုပ်ထားလို့လဲ''

BURMESE CLASSIC .com

www.burmeseclassic.com


ကိုယ့်ဆရာရေ . . . ကျွန်တော်လည်း ဘာပြန်ပြောရမှန်းကို မသိတော့ဘူး။ မိန်းကလေးတွေဟာ ခက်တယ်ဗျာ . . .၊ သူတို့ပြောတဲ့အတိုင်း မလုပ်တာနဲ့ ကျွန်တော်တို့က မရိုးသားဘူးလို့ ထင်တတ်ကြတယ်။

''ဒီမှာ . . . ဖိနပ်ပြန်ပေးပါ''

လေသံက တော်တော်ကို မာတယ်ဗျာ . . . သွားပြီပေါ့။ ကိုယ့်လူကလည်း မတတ်သာတဲ့အဆုံး သူ့အတွက်ကိုပဲ သူချစ်လိုက်ဟန် တူပါရဲ့။ လမင်းက တအံ့တသြနဲ့ သူ့ခြေထောက်ကို သူငုံ့ကြည့်တယ်။

''ဘာဖိနပ်လဲ''

''ဘာ . . . ဖိနပ်ကမှာလဲ၊ ကျွန်မလူဆီက ယူထားတဲ့ဖိနပ် ပြန်ပေးပါ''

''ခက်ရချည်ရဲ့ . . . ရှင့်လူဆီကဖိနပ်ကို ဘာလုပ်ရမှာလဲ၊ ရှင်စိတ်မှန့်သေးရဲ့လား၊ ဖိနပ်ဆိုတဲ့ပစ္စည်းကို အတောင်းခံရတာတောင်မှ တော်တော်ရှက်ဖို့ ကောင်းနေပြီနော်''

''ရှက်တတ်ရင် ငုတ်တုပ်သေသွားဖို့တောင် ကောင်းတာပေါ့၊ ရှင့်လူရှင် မေးကြည့်ပါလား''

လမင်းက ဝုန်းခနဲ ထရပ်တယ်။ ကိုယ့်လူကလည်း ပြေးလာရင်း မာမာဆိုတဲ့ ကောင်မလေးကို ဆွဲရှာပါတယ်။

''မာမာ . . . အဲဒီလို မပြောရဘူးလေ''

''မိုးဆွေ . . . နင် . . . နင် ဘာတွေလုပ်ထားတာလဲ''

''မဟုတ်တူး လမင်း၊ ဟိုလေ . . . ငါဟာ . . . ကဲ . . . ကဲဗျာ . . . ရှေ့ရေး . . . ခင်ဗျားဖိနပ်''

ကျွန်တော်တို့ ဖိနပ်တစ်ရံနဲ့ ဖိနပ်တစ်ဖက် လဲကြတဲ့အချိန်မှာ လမင်းကကြည့်ပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတာပဲ။ မျက်နှာလည်း ရဲလို့ . . .။ မာမာဆိုတဲ့ ကောင်မလေးကတော့ ခပ်ထေ့ထေ့ပြုံးလို့


BURMESE CLASSIC .com

'ငုတ်တုပ်သေပါလား' ဆိုတဲ့ အပြုံးမျိုး။

''မဟုတ်ဘူး လမင်းရယ် ဒီလိုပါ . . .၊ ငါ ရှင်းပြမယ်၊ ငါဒီနေ့ ကျောင်းကိုလာတော့ . . .''

''တော်ပြီ . . . မိုးဆွေ . . . နင်ဟာ အလကားကောင်ပဲ သိလား၊ ပြီးပြီ . . . နင်နဲ့ ငါနဲ့ ပြီးပြီ''

လမင်း ဒေါသတကြီး အော်ရင်း ချာခနဲ လှည့်ထွက်သွားတယ်။ ကျွန်တော် သေနတ်နဲ့ အပစ်ခံလိုက်ရတဲ့ ပန်းတစ်ပွင့်လို ဖွာလံကျဲ ကျန်ခဲ့တယ်။

သူငယ်ချင်းတွေရှိတဲ့ ပန်းခြံထဲကို ရောက်သွားတော့ လမင်းက ငိုနေပြီ။

သူငယ်ချင်းတွေကလဲ ကျွန်တော့်ဆီ ပြေးလာပြီး ဘာဖြစ်တာလဲလို့ တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြတယ်။

ကျွန်တော်က မာမာတို့စုံတွဲကို လမင်းဆီ လွှတ်ပြီး ရှင်းပြခိုင်းရတယ်။ သူတို့ စုံတွဲလည်း ကျွန်တော် မျက်နှာငယ်ကလေးနဲ့ ရှင်းပြတာကို နားထောင်ပြီး ကျွန်တော့်ကို နားလည်သွားဟန်တူပါတယ်။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း ဒီလိုပဲလေ . . .။ တစ်ခါတည်း ဘယ်တုန်းက ပြီးခဲ့ဘူးလို့လဲ။ ဟိုလူ့အကုအညီတောင်းရ၊ ဒီလူ့ရှင်းပြခိုင်းရနဲ့ ရှုံးနေပြီ မဟုတ်လား . . .။

ကျွန်တော်ရှင်းပြတော့ သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတယ်။

''အင်း . . . ကိုမိုးဆွေ ကြုံရတာတွေက အထူးသဖြင့် တိုက်ဆိုင်ပြီး အထူးသဖြင့်ကို အံ့ဩဖို့ ကောင်းနေတယ်''

''ငါ ပြောခဲ့သားပဲ မောင်ရင့်ကို . . .၊ မောင်ရင်ဟာ ငတုံးပါလို့''

''ဂျာနယ်လစ် တစ်ယောက်အတွက် ဆိုရင်တော့ ဇာတ်လမ်း

www.burmeseclassic.com


ကောင်းတစ်ပုဒ်ပဲ . . .၊ တစ်ကော်လံစာ ရပြီ''

သင်းသင်းသာ စကားဆုံးတော့ မျိုးဆွေသန်းက ဝင်ပြောတယ်။

''မင်း ဖြစ်တာတွေက ပန်းချီသဘောနဲ့ဆို ကျူဗလစ်ဆင်နည်းနဲ့ ဆွဲရမှာကွ၊ သရီးဒိုင်မေးရှင်း မဖြစ်ဘူး၊ ဖိုးဒိုင်မေးရှင်း ဖြစ်နေတယ်''

ကျွန်တော့်သူငယ်ချင်းတွေ ဘာပဲပြောပြော ခေါင်းပဲ ညိတ်နေရတယ်။ သူတို့ ဘာပဲပြောပြော မှန်မှာပဲလို့လဲ တွေးနေမိတယ်။ မရမ်းပြားဆိုတဲ့ကောင်မလေးက မရမ်းပြားတစ်ခု ထုတ်စားရင်း . . .

''ဟော့ကောင်တွေ လာ . . . ဟိုမှာ မမကို ဝိုင်းပြောပေးရအောင်၊ မမ တစ်ယောက်တည်းလား''

ကျွန်တော် နီးရာခုံတန်းမှာ ထိုင်မှန်းမသိကို ထိုင်ချလိုက်မိတယ်။ ကျွန်တော့်ဝိညာဉ်တွေဟာ ရှုပ်ထွေးနေတယ်။ နေရောင်ရှိရာဘက်ကို မျက်စိမှိတ်ပြီး မျက်လုံးထဲ ပေါ်လာတဲ့အရောင်တွေ ဝါ၊ စိမ်း၊ နီ၊ ခရမ်း၊ ပန်းရောက်တွေ အဆုပ်လိုက် . . . အဆုပ်လိုက် ရုန်းကြွလှုပ်ရှားသလိုလို လှုပ်ရှားနေတာ။

နာရီဝက်အတွင်း ဆက်စပ်လို့မရတဲ့ အဖြစ်တွေကို ကျွန်တော် ရင်ဆိုင်ခဲ့ရတယ်။ အဲဒီအဖြစ်တွေကို ကျွန်တော် အစီအစဉ်အတိုင်းတောင် ပြန်မမှတ်မိတော့ဘူး။ ကျွန်တော့်ကို တော်တော် မျက်နှာပြောင်ပြီး တော်တော့်ကို ချောက်တွန်းတတ်တဲ့ နတ်ဒေဝါ တစ်ပါးပါးကများ လိုက်နှောင့်ယှက်နေသလားလို့တောင် ထင်ရတယ်၊ မျိုးဆွေသန်းနဲ့ ဝင်းအောင်ကလည်း ကျွန်တော့်နံဘေးမှာ ဝင်ထိုင်ပါတယ်။

မျိုးဆွေသန်းက ဝင်းအောင်ကို ပန်းချီဆရာကြီး ဦးလူတင်အကြောင်း ပြောပြနေတယ်။ ဝင်းအောင်ကလည်း 'ဟင် . . . ဟုတ်လား' 'ဩော် . . .' 'ကောင်းတယ်ကွာ' စတဲ့ စကားတွေနဲ့ လိုက်ညာနေတယ်။ ကျွန်တော်သိတာပေါ့။ ဝင်းအောင်ဆိုတဲ့လူက ပန်းချီအကြောင်း နကန်း

www.burmeseclassic.com


တစ်လုံးတောင် သိတာ မဟုတ်ဘူး။ လီမွှော်နဲ့ အစိမ်း ရောရင်တောင် ဘာအရောင်ထွက်သလဲ သိတာမဟုတ်ဘူး။ ဒါပေမယ့် မျိုးဆွေသန်းကတော့ တက်တက်ကြွကြွကို ပြောနေတာပဲ။ အေးလေ . . . သူပြောတဲ့အထဲမှာ လည်း ဘာတွေမှန်ပြီး၊ ဘာတွေက ညာနေတာလည်းမှ မသိတာ။ ဒါပေမယ့်ဗျာ . . . နှစ်ယောက် အံကိုက်နေပုံက အမြင်ကပ်ဖို့ အရမ်းကောင်းပဲ။

ကျွန်တော် ဒီလောက်ဖြစ်နေတဲ့အချိန်မှာ သူတို့ ကျွန်တော့်ကို နည်းနည်းတော့ ဂရုစိုက်ဖို့ ကောင်းတာပေါ့။ အားပေးစကားဖြစ်ဖြစ်၊ အပြစ်တင်စကားဖြစ်ဖြစ် ပြောဖို့ကောင်းတာပေါ့။ အခု သူတို့လုပ်နေတဲ့ပုံက သတင်းစာထဲက ကိုယ်နဲ့မသိတဲ့ နာရေးတစ်ခုကို အေးအေးဆေးဆေး ဖတ်နေပုံမျိုး။ ကျွန်တော့်ဒုက္ခကို ဘယ်လိုမှကို မနေကြဘူး။

''အရောင်တွေထဲမှာ အရိပ်ဖမ်းတဲ့ နေရာမှာတော့ ဆရာကြီးရဲ့ ရေဆေးတွေကို ကိုယ်အကြိုက်ဆုံးပဲ''

''ကြည့်ချင်တယ်ကွာ''

''ဟော့ကောင်တွေ လမင်းက ဘာတဲ့လဲ''

''ဘယ်သိမလဲကွ၊ ဟိုမှာ ပြောနေကြတာပဲ . . . ကြည့်ချင်ရင် ကိုယ့် မိတ်ဆွေတစ်ယောက်ဆီမှာ လေးကားလောက်ရှိတယ်လေ၊ ကြည့်မလား''

''သိပ်ကြည့်တာပေါ့၊ တော်တော့်ကို စိတ်ဝင်စားနေပြီ''

ကျွန်တော်ကလည်း ဘာမှ မပြောတော့ပါဘူး။ ဆေးပေါ့လိပ်ပဲ ထုတ်ဖွာနေလိုက်တယ်။ ခဏကြာတော့ လမင်းတို့ အုပ်စုကြီး ထလာ ကြတယ်။ လမင်းက အားလုံးရဲ့ အလယ်မှာ ဝင်နေတယ်။ ကျွန်တော့်ကို လည်း မကြည့်ဘူး။ ကျွန်တော်က ထလည်း မရပ်ရဲဘူး။ အုပ်စုကြီး ကျွန်တော့်အနားက ဖြတ်သွားတော့ လမင်းက ခေါင်းငုံ့ရင်း . . . ဆံပင်တွေ အားလုံးကို ညာဘက်ကို ချပစ်လိုက်ပြီး၊ သူ့မျက်နှာကို ဖွက်ယူသွားတယ်။ ထူးခြားတာက ခုနက ရန်ဖြစ်ခဲ့တဲ့ မာမာဆိုတဲ့ ကောင်မလေးက

www.burmeseclassic.com


လမင်းရဲ့လက်ကို ကိုင်လို့ခင်ဗျ။

ကျွန်တော်တို့ကို ကျော်သွားတဲ့ အုပ်စုထဲက ကိုဝင်းနိုင်ဆိုတဲ့ လူက ဖယ်နေခဲ့ပြီး ကျွန်တော့်အနားကို လာရပ်တယ်။

''ကဲ . . . ကိုယ့်လူ . . . ကဲန်တင်းတဲ့ . . . ကဲန်တင်း''

''ကျွန်တော် မိုးဆွေပါ''

''ကျွန်တော်က ဝင်းနိုင်ပါ''

ကျွန်တော် ထိုင်ရာက ထပြီး လက်ဆွဲနှုတ်ဆက်လိုက်ကြတယ်။ သူ့လက်ကို ဆုပ်ကိုက်လိုက်ရလို့လား မသိဘူး . . .၊ ကျွန်တော် နည်းနည်း တော့ အားရှိသွားတယ်။

ကဲန်တင်းရောက်တော့လည်း မထူးပါဘူးဗျာ . . .။

လော်စပီကျယ်တို့ သုံးယောက်ရယ် . . .၊ သင်းသင်းသာတို့ နှစ်ယောက်ရယ် . . .၊ အခုမှသိတဲ့ မာမာဆိုတဲ့ ကောင်မလေးရယ် . . .၊ လမင်းရယ်က Fancy နားဆွဲတွေအကြောင်း၊ ပလပ်တီနမ် ဆွဲကြိုးတွေ အကြောင်း ပြောနေကြတယ်။ အသစ်ဖွင့်မယ့် ရန်ကင်းစင်တာကို သွားကြည့်မယ် ဆိုတာတွေကိုပဲ ဖိပြောနေကြတယ်။

ကိုဝင်းနိုင်နဲ့ ကျွန်တော့်သူငယ်ချင်း နှစ်ယောက်ကလည်း ဒီနှစ် အော်စကာရသွားတဲ့ Shakespere in love ကားထဲက ( ) ဂွင်းနက်ပါးလ်ထရိုး အကြောင်းကို ပြောနေကြတယ်။ ကျွန်တော်ကတော့ လက်ဖက်ရည်ချိုကျတစ်ခွက်၊ ဆေးပေါ့လိပ်တစ်လိပ်နဲ့ ဘာပြောရမှန်းမသိ၊ ပြောဆိုရင်လည်း ဘာမှပြောချင်စိတ်တော့ မရှိပါဘူး။ ကျွန်တော့် အကြောင်းကို (ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကို) နည်းနည်းတော့ ပြောဖို့ ကောင်းတာပေါ့ဗျာ . . .။

အဆိုးဆုံးက လမင်းပဲ ခင်ဗျ။

ကျွန်တော့်ကို ဂရုမစိုက်တဲ့အပြင် တစ်ချက်မှကို လှည့်မကြည့်

ဘူး။ ပြောနေတဲ့စကားထဲမှာ အရမ်းစိတ်ဝင်စားနေအောင် လုပ်ထားတယ်။ ရယ်ရင်တောင် သူ့ရယ်သံက အကျယ်ဆုံးပဲ။ ကျွန်တော့်ကို လုံးဝ ဂရု မစိုက်ဘူးပေါ့လေ . . .။ မိန်းကလေးတွေဟာ ယောကျ်ားလေးတစ်ယောက် ကို ဘယ်လို နှိပ်စက်ရမယ်ဆိုတာ သိပ်သိတာပဲ။

နာရီဝက်လောက်ကြာတော့ ကျွန်တော့် အထီးကျန်မှုက တော် တော့်ကို ခါးသီးလာတယ်ဗျာ။ ထူးခြားတာဆိုလို့ သွန်းနှင်းအိမ်က ကျွန်တော့်ကို မျက်စိလှမ်းမိတ်ပြတာပဲ ရှိတယ်။ အဲဒါလည်း ဘာ အဓိပ္ပာယ်ဆိုတာ . . . ကျွန်တော် မသိပါဘူး။

ကျွန်တော် မတ်တပ် ထရပ်လိုက်တယ်။

''မောင်ရင် ဘယ်တုံး''

''လှည်းတန်းဈေးမှာ ဖိနပ်သွားဝယ်ရဦးမယ်''

ကျွန်တော် ဒါပဲပြောပြီး အားလုံးကို ထားခဲ့ပြီး ထွက်ခဲ့ပါတယ်။

ဒီ့ပြင်ရော ကျွန်တော် ဘာလုပ်နိုင်မှာ မို့လို့လဲ။

လမင်းရေ . . .

မင်းနဲ့ ငါ့ကမ္ဘာက မိုင်ပေါင်းဘယ်လောက် ဝေးကွာသွားပြီတဲ့လဲ။

●

လမင်း အိမ်ထဲကို လှမ်းဝင်လိုက်တော့ မေမေက V.D.O တွေ၊ ရုပ်ရှင်တွေထဲကလို ''ဟော . . . သမီးလေးတောင် ကျောင်းက ပြန်လာပြီလား'' ဟု မပြောပါ။ ကျောက်တစ်ပွင့်ကို ကြည့်နေသော


BURMESE CLASSIC .com

www.burmeseclassic.com


မှန်ဘီလူးမှ မျက်နှာကိုပင် မခွာ။ ဒါပေမယ့် မေမေက သူ့ဆိုင်မှာရှိတဲ့ ကျောက်တွေရဲ့ အခြေအနေအားလုံးကို သိသလို လမင်းကိုလည်း သိပြီး သား။

ဒီနေ့ လမင်း တစ်ခုမှ အဆင်မပြေ။ အတွေးထဲမှာ မိုးဆွေကို ခါးနဲ့ အကြိမ်တစ်သန်းလောက် နုတ်နုတ်စင်းပစ်နေတာ။ ထပ်အဆင် မပြေချင်တော့ ကားမှတ်တိုင်ကအဆင်း အိမ်နားအထိ ရည်းစားစကား လိုက်အပြောခံရတယ်။ ဒါလည်း လမင်းကတော့ ဟိုကောင်မိုးဆွေကြောင့် ပဲ။ လမင်း မောနေလျက်က တမင် မောချင်ယောင်ဆောင်ပြီး ဆိုဖာမှာ ဝင်ထိုင်ရတယ်။ ခုထိ မေမေက မျက်လုံးတောင် လှန်မကြည့်ပါဘူး။ ကျောင်းက ပြန်ပြန်လာချင်း သူ့အနား လာကပ်တာ သုံးစရာငွေပြတ်လို့ ဘာညာ မေမေထင်ချင်လည်း ထင်မှာပေါ့။

''မမလေး . . . ထမင်း စားတော့မလား''

အိမ်ဖော်ကောင်မလေးရဲ့ အမေးကို လမင်းက ခေါင်းခါပြလိုက် တယ်။ ဒီတော့မှ မေမေက မှန်ဘီလူးကို မျက်နှာက ခွာတယ်။

''ကျောင်းကအပြန် ဟိုကောင်တွေနဲ့ လှည်းတန်းမှာ နန်းပြား ဝင်တီးလိုက်တာ ဗိုက်ကို ကားရော မေမေရာ''

''ဒါပေါ့ . . . ကျောင်းသားဘဝဆိုတာ ပျော်စရာချည်းပဲ၊ တို့တုန်း ကရော ဒီလိုပဲ၊ ဟေးလိုက် . . . ဟားလိုက်ပေါ့၊ လူ့ဘဝဆိုတာ ဘာသိတာ လိုက်လို့၊ တစ်နှစ်တစ်တန်းအောင်ရင် ကျေးဇူးဆပ်နိုင်ပြီပဲ ထင်နေကြတာ''

မေမေက သူ့ကျောက်စိမ်းကို ဘူးထဲထည့်ရင်း ပြောတယ်။ မေမေက အဲဒီလို လူစားမျိုး . . .။ လမင်းလည်း ဘာမှ ပြန်မပြောဘဲ အိမ်ဖော်ကောင်မလေး ခပ်ပေးတဲ့ရေကို အူကြောင်ကြောင်နဲ့ ယူသောက် နေလိုက်တယ်။ ကိုယ့်မှာက မရိုးသားစိတ် ရှိနေတယ် မဟုတ်လား။ ဒါမျိုးဆို မေမေနဲ့ သွားစကားမပြောလေနဲ့ ငါးမိနစ်အတွင်းကို မိတာ။

www.burmeseclassic.com


''ကဲ . . . မလှ ထမင်းဆာရင် ခူးပေးလိုက်၊ လမင်း မေမေ ဒီကိစ္စနဲ့ အပြင်ခဏ သွားဦးမယ်၊ ကားယူသွားမယ် ဟုတ်ပြီလား၊ မေမေ ပြန်မလာမချင်း ဘယ်မှ မထွက်နဲ့ . . .''

''လမင်း အဝတ်အစား မလဲဘဲ ကုတင်ပေါ် ဒီအတိုင်းပဲ ဝင်လှဲချလိုက်တယ်။

စိတ်ကူးထဲမှာ မိုးဆွေဆိုတဲ့ကောင်ကို ရေခဲမုန့်ကို ကိုင်ပေါက်သလို ကိုင်ပေါက်ပစ်လိုက်တယ်။ ဒီတော့မှ စိတ်ထဲ နည်းနည်းဘဝင်ကျသွားသလိုပဲ။ နည်းနည်းကလေးမှ အသုံးမကျတဲ့ကောင်လို့ မဲ့မဲ့ရွဲ့ရွဲ့လည်း ပြောချလိုက်တယ် . . . ဟုတ်တယ်။

ရည်းစားစာ ပေးတုန်းကလည်း လူသိရှင်ကြား ဒုက္ခရောက်ပြီးပြီ။ တကယ်ဆို ရည်းစားစာဆိုတာ လူမသိသူမသိ နှစ်ယောက်တည်းနဲ့ ပြီးရမယ့်ကိစ္စ . . .။ ခုတော့ သူလုပ်ပုံက လမင်းနဲ့ သိတဲ့လူတွေရော မသိတဲ့လူတွေရော ဝိုင်းတောင်းပန်ကြ၊ ဖြေရှင်းကြနဲ့ ထားတော့ . . .။

ဒီနေ့လုပ်ပုံက ပိုလို့တောင် . . . ဆိုးသေး။

လူများဖိနပ်ငှားပြီး သူ့ဆီ လာသတဲ့။ ခက်တာက သူက လုပ်ပြီး လာတောင်းပန် ရှင်းကြတဲ့ လူတွေအားလုံးက သူစိမ်းတွေချည်းပဲ။ ဒီတော့ လမင်း ဘာလုပ်ရမှာလဲ။ ရှက်ပဲ ရှက်ရမလို၊ တောင်းပန်တာကိုပဲ ကျေနပ်ရမလို၊ ဒေါသပဲ ဖြစ်ရတော့မလိုလို . . .။ အမှန်ဆို ကဲန်တင်းမှာ မိုးဆွေ လာကို တောင်းပန်ရမှာ . . .။ အခုတော့ သူက ဆေးပေါ့လိပ်ကလေး ခဲလို့။ သူပဲ ဘာမှ မလုပ်သလိုလို စတိုင်လ်မျိုးနဲ့။

မိုးဆွေသာ လာတောင်းပန်ရင် လမင်းက ဟိုလူတွေကြောင့် ဘာကြောင့်ဆိုပြီး နားလည်ပေးလိုက်ဖို့ စဉ်းစားထားပြီးသား . . .။ အခုတော့ သူ လုပ်ချင်တာလုပ်၊ စော်ကားချင်တာ စော်ကားပြီး ပစ်ချထားခဲ့သည့်ပုံစံ၊ ဒီတော့ လမင်းဘက်ကလည်း တစ်စုံတစ်ခုတော့ ပြတ်သားရတော့မှာ

www.burmeseclassic.com


ပေါ့။ သူ့ကို လုံးဝ ဆက်ဆံစရာမလိုဟု သူငယ်ချင်းတွေကို ပြောခဲ့သည်။

အမှန်တော့ လမင်းက သူ့ကို မုန်းနေတာမဟုတ်။ ဘာတစ်ခုမှ အဆင်မပြေလို့ သိက္ခာဆယ်နေရတာမျိုး။ သူ့ဆုံးဖြတ်ချက်ကလည်း (၁၀)ရက်ထက် ပိုခံမည် မထင်။ ထို(၁၀)ရက်အတွင်းမှာတောင် ဘေးက သူငယ်ချင်းတွေဆီက နားငြီးလောက်အောင် ရွှေပြည်အေးစကားတွေ ကြားရဦးမှာ အသေအချာပေါ့။ ဒါပေမယ့် . . . ရှိပေ့စေ။ ဒီ(၁၀)ရက်အတွင်းတော့ မိုးဆွေဆိုတဲ့ အစုတ်ပလုပ်ကို စကားမပြော၊ အတွေ့မခံ၊ အရောမဝင်၊ ရှင်းပြခွင့်မပေး၊ ဝေးဝေးကို နေလိုက်ဦးမည်ဟု တွေးရင်း မှန်ရှေ့ ရပ်ပြီး ကိုယ့်ကိုကိုယ် ပြုံးပြလိုက်တယ်။

●

ကျွန်တော်ဆိုတဲ့ကောင်က တစ်ခုခုစွဲကပ်တာတို့၊ လွှမ်းမိုးတာတို့ကို တော်တော်ကလေး လွယ်လွယ်ကူကူ ခံရလေ့ရှိတဲ့ကောင်ပါ။ ငယ်ငယ်တုန်းက ရုပ်ရှင် သိပ်ဝါသနာပါတဲ့ အဖေနဲ့ သမ္မတရုံမှာ ချော(ခ)မိုးတို့ ကလင့်(စ)အိဝုဒ်(ဒ်)တို့ ပါတဲ့ ကောင်းဘွိုင်ကားတွေ ကြည့်ပြီး ပြန်လာရင် ကျွန်တော့်လက်နှစ်ဘက်က ဘေးကိုအလိုလိုကားပြီး ခြေထောက်က ခပ်ခွင်ခွင် ဖြစ်လာတတ်တာ။ အကြာကြီး မဟုတ်ပေမယ့် ခဏတော့ အဲဒီလိုဖြစ်တာ အမှန်ပဲ။

အခုလည်း ကျွန်တော် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ထဲ ဝင်ပြီး တစ်ယောက်တည်း စာဖတ်နေတာပါ။

www.burmeseclassic.com


ဟုတ်တယ်လေ . . . ကျောင်းခန်းထဲမှာရော၊ သစ်ရိပ်မှာ ထိုင်ကြတဲ့ အခါမှာရော၊ ကဲန်တင်းမှာပါ လမင်းက ကျွန်တော့်ကို ဂရုမစိုက်မှတော့ ကျွန်တော် ဘယ်လိုလုပ် နေရမလဲ။ မာမာတို့ ကိုဝင်းနိုင်တို့နဲ့လည်း လမင်းက တော်တော့်ကို ခင်နေပါပြီ။ တစ်ခုတော့ ဝမ်းသာရတာပေါ့လေ၊ ကျွန်တော်နဲ့ အဲဒီလိုဖြစ်ပြီးနောက် လမင်းကို အားလုံးက ဝိုင်းပြီး ပိုဂရုစိုက် နေကြတာကိုပါ။ ကျွန်တော်ကတော့ စာကြည့်တိုက်ထဲ . . . ဝင်ပေ့ါ။

ကျွန်တော့်ဘဝမှာ လမင်းပြီးရင် ဒုတိယ ရင်အခုန်ဆုံးက စာအုပ် တွေပဲ။

စာအုပ်ဖတ်ရတာ တစ်ယောက်တည်း ရုပ်ရှင်ကြည့်နေရတာပဲလို့ ကျွန်တော်ထင်တယ်။ မျက်စိက ကျွန်တော် မြင်လိုက်ရတဲ့ ဝေါဟာရတွေ စကားလုံးတွေဟာ ကျွန်တော့် အသိစိတ်ကို ဖြတ်သွားပြီး စိတ်ကူး ပိတ်ကား ပေါ်မှာ ပုံရိပ်အဖြစ် သွားထင်ကြတာ။ ဘယ်လောက်ပျော်ဖို့ ကောင်းသလဲ။

ကျွန်တော် ဒီနေ့ဖတ်နေတာ ဒေါက်တာနိုင်ပန်းလှရဲ့ ‘ရာဇဓိရာဇ် အရေးတော်ပုံ’ ဆိုတဲ့ စာအုပ်ပါ။ တော်တော်ဖတ်လို့ ကောင်းတယ်ဗျာ။ ကိုယ့်ဆရာ မျက်စိထဲမှာ မြင်ကြည့်စမ်းပါ။ ကုန်းတပ် ငါးရာရှစ်တပ်၊ တိုက်ဆင် ရှစ်ရာ၊ စစ်မြင်း ရှစ်ထောင်၊ သူရဲကောင်း ရှစ်သောင်း၊ ရဲလှေကြီး တစ်ဆယ့်ရှစ်စင်း၊ ရဲလှေငယ် ငါးရာ၊ သံလှေ ရှစ်ရာ၊ ဗိုလ်ခြေ တစ်သိန်းသုံးသောင်းနဲ့ မင်းရဲကျော်စွာက ရာဇဓိရာဇ်ကို တိုက်ဖို့ ထွက်တာတဲ့။

ရာဇဓိရာဇ်ကိုတော့ ကျွန်တော် တော်တော်လေး သဘောကျ တယ်။ သူ့စရိုက်က ခက်ထန်ကြမ်းတမ်းတယ်။ ဘာကိုမှ အကြောက် အလန့်မရှိဘူး။ သူ့ရဲကောင်းကိုလည်း တော်တော်ချစ်တဲ့ ဘုရင်ခင်ဗျ။ သူ့သူ့ရဲကောင်းတွေကလည်း ပေါမှ . . . ပေါ။ ဥပါကောင်း၊ သမိန်အဝနိုင်၊ ရဲသင်ရုံ၊ အမတ်ဒိန်၊ သမိန်ဗရမ်း၊ အဲမွန်ဒရာ . . . အများကြီးပဲ၊ ကျွန်တော်

www.burmeseclassic.com


ကတော့ လက်ရုံးရည်ကော နှလုံးရည်ပါကောင်းတဲ့ အမတ်ဒိန်ကို ပိုသဘောကျတယ်။

မြန်မာဘက်ကတော့ မင်းရဲကျော်စွာပေါ့ဗျာ . . .။

သတ္တိကတော့ စံပဲဗျို့။ သူ စီးတော်မြဲ ဆင်တော်ချေစ်ခိုင်နဲ့ ရာဇဓိရာဇ်တပ်ထဲကို ကျုံးဝင်သွားတာ. . .။ သူ့ဆင်ကြီး ကိုယ်ပေါ်မှာတင် လှံချက် မြားချက် (၁၀၀) ကျော် ထိသတဲ့ဗျာ . . .။ သူ့ကို ဖမ်းမိတော့လည်း ရာဇာဓိရာဇ်က အသက်ရှင်နေအောင်ပါ၊ သူ့ရဲကောင်းမြှောက်မယ်။ သူ့ရဲကောင်း မလုပ်ချင်လည်း ပြန်ပါဆိုတာ ဘာမှ လက်မခံဘဲ သတ်ပါချည်းပဲ ပြောနေလို့ သတ်ရတာတဲ့။

မွန်ဘက်က ပြုစုတဲ့ စာမို့လား မသိဘူး၊ မွန်တွေ ပိုတော်တာ ရေးထားပေမယ့် ကျွန်တော်ကတော့ ဖတ်ကောင်းလို့ ဒီစာအုပ်ကို တော်တော်လေး ကြိုက်တယ်ဗျာ။ ကျွန်တော့်မှာ ရာဇဓိရာဇ်ဖြစ်လိုက်၊ ဉပါကောင်းဖြစ်လိုက်၊ လဂွန်းအိမ်ဖြစ်လိုက်၊ အမတ်ဒိန် ဖြစ်လိုက်၊ မင်းရဲကျော်စွာဖြစ်လိုက်ပဲ . . .။ ကျွန်တော့်ရုပ်ရှင်က ကျွန်တော့်စိတ်ကူး ပိတ်ကားထဲမှာ ပြတာလေ။ ကျွန်တော်ဖြစ်ချင်တာ ဖြစ်ခွင့် ရှိတာပေါ့။ ကိုယ့်ဆရာလည်း အဲဒီလိုဖြစ်ချင်ရင် စာဖတ်ပေါ . . . . ဖြစ်တာပဲ။

အနှောင့်အယှက်ဆိုတာတော့ နေရာတိုင်းမှာကို ရှိတာပဲဗျို့။ ကျွန်တော့်ရှေ့က ခုံမှာ အတွဲတစ်တွဲ ရောက်နေတယ်ဗျာ။ သွားစရာနေရာ ရန်ကုန်တက္ကသိုလ်ထဲမှာ အများကြီးရှိရက်နဲ့ဗျာ . . .။ လူတွေဟာ တစ်ခါတလေ တော်တော်ခက်တယ်။ ကာလံဒေသံကို မသိကြဘူး။

စာကြည့်တိုက်မှာ စာဖတ်တဲ့ခုံဆိုတာ အောက်သုံးပေလောက် လွတ်ပြီး အပေါ်ကလေးတင် ကာထားတာ မဟုတ်လား။ ပြီးတော့ ကောင်မလေးက သူ့ခြေထောက်နှစ်ချောင်းကို လွှဲပြီးရင်း လွှဲနေတယ်။ တစ်ဖက်က ခြေထောက်ကလည်း အဲဒီခြေထောက်ကို လိုက်ဖမ်းနေတယ်။

ဖမ်းမိရင် ခြေမချင်း ညှပ်ထားကြတယ်ခင်ဗျ။ တော်တော်ကြံကြီးစည်ရာ အတွဲပါဗျာ . . .။ ချစ်သူနှစ်ဦး လက်ချင်းဆုပ်ထားတယ်ပဲ ကြားဖူးပါတယ်၊ ခြေမချင်း ညှပ်ထားတယ်လို့ တစ်ခါမှ မကြား မမြင်ခဲ့ဖူးဘူး။

ပြီးတော့ စာကြည့်တိုက်ထဲမှာ စကားမပြောရဘူးဆိုတာကိုလဲ မလိုက်နာဘူးခင်ဗျ။ တဖိုးဖိုးတဖိဖိ၊ တအစ်အစ်၊ တခိခိနဲ့ လုပ်နေကြတယ်။ ဒါနဲ့ . . . ကျွန်တော်လည်း မွန်မြန်မာစစ်ပွဲထဲကနေ ထွက်လိုက်တယ်။ စာမျက်နှာ အသေအချာမှတ်ပြီး စာအုပ်ကို ပြန်အပ်ပြီး ထွက်ခဲ့တယ်။

ရှေးခေတ်စစ်ပွဲထဲက ထွက်ကာစဆိုတော့ ကျောင်းသားတွေ အုပ်စုလိုက်ထိုင်နေတာ၊ ကောင်မလှလှလေးတွေ ပြုံးပြီးလျှောက်သွားတာ . . . ရည်းစားနှစ်ယောက် ရှောက်ချိုသီးရေခဲစိမ်တွေ ခွံ့ကျွေးနေတာတွေနဲ့ ရုတ်တရက် ဆက်စပ်လို့ မရဘူးဖြစ်နေတယ်။ ကျွန်တော့်အာရုံပိတ်ကားထဲမှာက မင်းရဲကျော်စွာရဲ့ ဆင်တော်ငချစ်ခိုင်ကြီးက ရန်သူ့မြားချက်၊ လှံချက်တွေနဲ့ အော်မြည်ပြေးဝင်နေတုန်း . . .

''ဟေ့ကောင် . . .''

ကျွန်တော့်လက်ကို ဖမ်းဆွဲတာ မျိုးဆွေသန်းပါ။

''အူတူတူလုပ်မနေနဲ့၊ ငါတို့ လှည်းတန်းဘက် ခဏသွားမလို့၊ မင်း မာလာထိပ်ကဆိုင်မှာ သွားစောင့်နေ''

သူ့စကားကြောင့် လှမ်းကြည့်တော့ ခပ်လှမ်းလှမ်းက အုပ်စုထဲမှာ လမင်းကို တွေ့ပါတယ်။ အရင်ကလို ပုန်းတာ၊ ကွယ်တာ၊ မျက်နှာဖွက်တာ မလုပ်တော့ပေမယ့် ကျွန်တော့်ကိုတော့ မကြည့်ပါဘူး။ လုံမိန်နဲ့ စကားပြောနေတယ်။

''ဘာဖြစ်လို့လဲ''

''စကားမရှည်နဲ့ကွာ . . . စောင့်ဆို စောင့်ပေါ့၊ အဲဒါ မင်းကိစ္စတွေ သိလား''

BURMESE CLASSIC .com

www.burmeseclassic.com


မျိုးဆွေသန်းက ဝန်စတန်ချာချီလို ဟောက်ပြီး မောင့်ဘက်တန်လို အိုက်တင်မျိုးနဲ့ ထွက်သွားတယ်။ အတော် ဟားရတယ်ဗျာ။ ဒီကောင့်မှာ ဒီအိုက်တင်ရှိနေတယ်ဆိုရင် ဒီကောင် တစ်ယောက်ယောက်ကို ကြံနေပြီဆိုတာ သိပ်သိသာတယ်။ ကြက်ဖများ ကြက်မကို သဘောကျပြီဆို အတောင်ပံကြီး ဘေးဆွဲချပြီး ဆန့်ငင်ဆန့်ငင်နဲ့ ဒရွတ်ဆွဲသလိုပေါ့။

ဒီကောင်ပြောသွားတဲ့ မာလာထိပ်ကဆိုင်ဆိုတာ ကျွန်တော်သိပါတယ်။ ဘုတ်ကလပ်နံဘေးက ခြံဝင်းကြီးထဲမှာ ဖွင့်ထားတာ။ ဆိုင်က အစားအသောက်စုံတယ်၊ သန့်ရှင်းတယ်၊ လမင်းကြိုက် ဆိုင်မျိုးပေါ့။ ကျွန်တော့်အာရုံထဲမှာ ဆင်တော်ကြီး ချေစ်ခိုင်ပျောက်သွားပြီး ရင်ထဲနွေးတေးတေးဖြစ်လာတယ်။ ဘာပဲဖြစ်ဖြစ် လမင်းနဲ့ ကျွန်တော်နဲ့ဟာ မပြီးဆုံးသေးဘူးဆိုတဲ့ သဘောပဲမဟုတ်လား။

ကျွန်တော်က ပြီးသွားပြီတောင် ထင်တာ။

ဒီလိုပါပဲလေ . . .

မိန်းမဆိုတာ မြန်မာ့အသံက လာလာနေတဲ့ Discovery ထဲက ပင်လယ်ရေအောက်နဲ့ လကမ္ဘာထက် နားလည်ရခက်တဲ့ သတ္တဝါ မဟုတ်လား။

●

ဆိုင်ထဲရောက်တော့ ဗိုက်ဆာဆာနဲ့ ထမင်းကြော်တစ်ပွဲ မှာလိုက်တယ်။

ခုမှ သတိထားမိတာ . . .။ ကျွန်တော် ဘာမှ မစားရသေးဘူး။


BURMESE CLASSIC .com

စာကြည့်တိုက်ထဲက စုံတွဲသာ ကျွန်တော့်ကို မနှောင့်ယှက်ရင် ကျွန်တော် မွန်မြန်မာ စစ်ပွဲထဲမှာပဲ ရှိဦးမှာ။ ရုတ်တရက် အဲဒီစုံတွဲရဲ့ ခြေထောက်တွေ ဖမ်းပြီး ဆုပ်ထားကြတာကို ကျွန်တော် သွားသတိရမိတယ်။ ခုနက တွေးတော့ စိတ်ပျက်စရာ၊ အခုတော့လည်း စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်သွား . . .။

အဲဒီအချိန်မှာ အဘွားကြီးတစ်ယောက်က ကျွန်တော့်ပခုံးကို လက်တို့ပြီး သူတို့ဘာမှမစားရသေးလို့ . . . လို့ပြောတယ်။ အဘွားကြီး နံဘေးမှာလည်း ရှစ်နှစ်၊ ကိုးနှစ်အရွယ် ကောင်လေးတစ်ယောက်က အဘွားလက်က အင်္ကျီစကို ဆွဲထားရင်း ကျွန်တော့်ကို ကြောင်စီစီနဲ့ ကြည့်လို့ . . .။

ကျွန်တော် ဘာမှပြန်မပြောရသေးခင် ကျွန်တော်မှာထားတဲ့ အငွေ့တထောင်းထောင်းနဲ့ ထမင်းကြော်က ခုံပေါ် ရောက်လာတယ်။ အဘွားကြီးရော ကောင်လေးရောက အဲဒီထမင်းကြော်ကို လှမ်းငေး ကြတယ်ဗျာ . . .။ ကျွန်တော့်ရင်ထဲမှာ ရှက်သွားတယ်။ အားလည်း အားနာသွားတယ်။ ကိုယ့်ဆရာတော့ ကြုံဖူးမလား မသိဘူးဗျာ။ ဒါနဲ့ ကျွန်တော် လည်း . . .

''ကဲ . . . အဘွား ရော့၊ ဒီထမင်းကြော်ပဲ စားလိုက်တော့''

ကျွန်တော်ထိုးပေးတဲ့ ထမင်းကြော်ပန်းကန်ကို ယူပြီး စားလိုက် ကြတာဗျာ . . . ဘာပြောကောင်းမလဲ၊ အဘွားကြီးက ပိုစားတာ များတယ်။ ကလေးက လက်မောင်းကို အတင်းဆွဲမှ တစ်ဇွန်းခွံ့တာ။ ကျွန်တော် လည်း နောက်တစ်ပွဲ ထပ်မှာရတာပေါ့။

အဘွားကြီးပန်းကန်ထဲက ထမင်းကြော် တစ်ဝက်ကျိုးတော့ ကျွန်တော့်အတွက် ထမင်းကြော်ရောက်လာတယ်။ သူတို့စားတာလည်း အတော်ကြွေ့ရသွားပါပြီ။ အဘွားကြီးက သူတစ်ဇွန်း၊ ကလေးတစ်ဇွန်း

www.burmeseclassic.com


တွေ ဘာတွေ ဖြစ်လာတယ်။ ပထမတော့ သူ့ခမျာ ဆာရှာလွန်းလို့ ထင်ပါရဲ့လို့ တွေးရတယ်။

သူတို့ခါတ် ကူးသွားလို့လား မသိဘူးဗျို့ ‥‥၊ ကျွန်တော်လည်း ထမင်းကြော် တော်တော်စားကောင်းတယ်။ ကျွန်တော်စားတာ ပွဲဝက်လောက်ရှိတော့မှ စိတ်ထဲ တစ်မျိုးဖြစ်လို့ နောက်လှည့်ကြည့်တော့ သူငယ်ချင်းတွေ အားလုံးရော၊ လမင်းရော ဆိုင်ရှေ့မှာ ခင်းထားတဲ့စားပွဲပုကလေးမှာ ရောက်နေကြပြီ။ အားလုံးက ကျွန်တော့်ကို ဝိုင်းကြည့်လို့ ခင်ဗျ။

ဒါနဲ့ ကျွန်တော်လည်း စားပွဲထိုးကို ကမန်းကတမ်းခေါ်ပြီး ထမင်းကြော်နှစ်ပွဲဖိုး ရှင်းရတယ်။

''အဘွား ‥‥ အေးအေးဆေးဆေးစားနော်၊ ကျွန်တော်ပေးခဲ့ပြီ''

ကျွန်တော် ဝင်ထိုင်တော့ အားလုံးက ကျွန်တော့်ကို အထူးအဆန်းလုပ်ပြီး ဝိုင်းကြည့်နေကြတယ်။ ဝင်းအောင်က မဲ့တယ်။ သူ့ကောင်မလေး မွှေးမွှေးက ခေါင်းကိုခါတယ်။

''ကဲ ‥‥ ဘယ်လိုဖြစ်ရပြန်တာတုန်း''

ကျွန်တော် ဘာကိုမေးမှန်း မသိဘူး။

''ဘာကိုလဲ ‥‥''

လမင်းက ကျွတ်ခနဲ စုတ်သတ်ပြီး မျက်နှာကို တစ်ဖက်လွှဲတယ်။

''မင်းကွာ ‥‥ အသေအချာ မှာထားရက်သားနဲ့''

မျိုးဆွေသန်းက ကြက်ဖကြီး လေသံနဲ့ ဝင်ပြောတယ်။

''အေးလေ ‥‥ မင်းမှာလို့ ငါ ဒီမှာ သေသေချာချာ စောင့်နေတာပဲ''

လမင်းက ''တော်ပြီ ‥‥ တော်ပြီ'' လို့ ခပ်တိုးတိုးညည်းရင်း သူ့ဒူးခေါင်းကလေးပေါ်ကို လက်ထောက်ပြီး မျက်နှာကို တစ်ခြားဘက်

လှည့်တယ်။

''မိုးဆွေရာ . . . စောင့်တာတော့ ဟုတ်ပါတယ်၊ ဘာဖြစ်လို့ အဲဒီ ဝိုင်းမှာမှ သွားထိုင်စားနေရတာလဲ . . .၊ အဲဒါကို ပြောတာ''

''ဒါလား . . . ငါ ထမင်းကြော်မှာနေတုန်း သူတို့က ရောက်လာပြီး ထမင်းဆာတယ် ပြောတာနဲ့ ငါလည်း ကျွေးလိုက်တာ၊ တော်တော် ဆာနေတယ်နဲ့ တူပါတယ်ဟာ . . .''

''အင်း . . . ထင်ထားတာထက်ကို အထူးသဖြင့် ကိုမိုးဆွေက လွဲပါတယ်''

အဲဒီတော့မှ ကျွန်တော်လည်း လမင်း ဘာကို စိတ်ဆိုးတယ် ဆိုတာ ရိပ်မိသွားတယ်။

''မဟုတ်ဘူးလေ လမင်းရာ . . . ငါ ဝင်ထိုင်ပြီးမှာတော့ သူတို့ က. . .''

''ကဲ . . . မောင်ရင် ဘာမှလေကြောရှည်မနေနဲ့ တော်ပြီ၊ ကဲ . . . နင်တို့ ဘာစားမှာလဲ၊ မွေးရော . . . လော်စပီကျယ်တို့ သုံးယောက် ကဲ . . . စားမှာ . . . မှာကြ''

ဝင်းအောင်က စကားဖြတ်ပြီး စားပွဲထိုးကို ခေါ်တယ်။ အလုအယက်မှာကြတာ ဆူညံသွားတာပဲ။ ကျွန်တော် စဉ်းစားနေမိတယ်၊ ဒီအဘွားကြီးနဲ့ ကလေးကို ထမင်းကြော်တစ်ပွဲ ကျွေးတာ ဘာမှားသွား သလဲ . . .။ ကျွန်တော်ဟာ အကောင်းမြင်ဝါဒသမားလည်း မဟုတ်ပါဘူး။ ဒါနအမှုကို ပြုနေတဲ့သူတော်ကောင်းလည်း မဟုတ်ပါဘူး။ ဆင်းရဲသား ဘက်ကမှ ရပ်တည်ရမယ်ဆိုတဲ့ Reallisim သမားလည်း လုံးဝ မဟုတ်ဘူး။

ကျွန်တော် ပြုခဲ့တာ သာမာန်လူတစ်ယောက်မှာရှိတဲ့ သာမာန် စိတ်ကလေး တစ်ခုပါ။ အဲဒါကို ဘာ့ကြောင့် ဒီလိုတွေးကြတာလဲ . . .။

www.burmeseclassic.com


လူတွေဟာ တော်တော်ခက်တယ်ဗျာ။ အဲဒီအဘွားကြီးနဲ့ ကျွန်တော်သာ ထမင်းကြော်တစ်ပွဲကို နှစ်ယောက်အတူတူ စားနေတာမြင်ရင် သူတို့ ဦးနှောက်သွေးကြောတွေ ပြတ်ထွက်ကုန်မလားတောင် မသိဘူး။ အဲဒီ အတွေးနဲ့ လမင်းကို လှမ်းငေးတော့ လမင်းဟာ မလှတော့သလိုပဲ။ ဘာဖြစ်လို့လဲတော့ မသိဘူး ． ． ．။ ထမင်းကြော်ကလည်း စားလို့မကောင်း တော့ပါဘူးဗျာ ． ． ．။

''အဲဒီလိုတွေ လုပ်လွန်းလို့လည်း (၁၀) ရက်လောက် ကော့ နေအောင် ခံခဲ့ရပြီးပြီ ． ． ．၊ ဒါကိုလည်း မမှတ်သေးဘူးလား''

''အမလေး ． ． ． သူလား ． ． ． မှတ်မှာ၊ သူထင်ရာ သူလုပ်နေတာ၊ ပြောလည်း ခဏပဲ၊ ခွေးမြီးကောင် ဝါးကျည်တောက်စွပ်ပဲ ． ． ． ဟုတ်တယ်''

လမင်းက မဲ့မဲ့ရွဲ့ရွဲ့ ဝင်ပြောတယ်။

''ကျည်တောက်စွပ်ပါ လမင်းရာ ． ． ． ဝါး မပါပါဘူး''

ဝင်းအောင်က ဝင်ပြောတော့ အားလုံး လမင်းကို ဝိုင်းရယ်ကြ တယ်။ လမင်းလည်း ရယ်တယ်။

''ကျည်တောက်ဆိုတာ ဝါးကပဲ လုပ်တာလေ၊ ဝါးပါတော့ ကော ဘာဖြစ်လဲ ． ． ． ပါတယ်''

ထုံးစံအတိုင်း လမင်းက အလျှော့မပေးဘဲ ထပ်ပြောနေတယ်။ အစားအစာတွေ ရောက်လာလို့ ဘာမှ မငြင်းကြတော့ပါဘူး။ အခုမှ ကျွန်တော်သိတယ်။ (၁၀)ရက်လုံးလုံး သူတို့က ကျွန်တော့်ကို ရည်ရွယ်ချက် တစ်ခုနဲ့ အပြစ်ပေးထားကြတာကိုး ． ． ．။ ကျွန်တော်က လမင်းနဲ့ကျွန်တော် ပြတ်ပြီလို့ထင်ပြီး ဘာလုပ်ရမှန်း မသိတော့လို့ စာကြည့်တိုက်မှာ စာတွေ သွားဖွတ်ဖတ်နေတာ။

ဒီလိုမှန်းသိရင် စောစောစီးစီး ကြွေပြလိုက်ရင် ． ． ． ဒီထက်မြန်မြန် လမင်းနဲ့အတူ ပြန်နေရမှာ ． ． ． လို့တွေးပြီးမှ ． ． ． ဒီလို ရိုးရိုးသားသားဖြစ်သွား

တာကိုပဲ ကျွန်တော် ပိုသဘောကျနေမိတယ်။ ဟုတ်တယ်လေ . . . ကိုယ်က တကယ်မခံစားရဘဲနဲ့ ဟန်ဆောင်တာ ချစ်တဲ့လူကို ဘယ်လုပ်ပြသင့်မလဲ။

အဲဒီလိုပြောလို့ လမင်းကို ကျွန်တော် မချစ်ဘူး မထင်နဲ့နော်။ ချစ်တာကတော့ တကယ်ချစ်တာ။ မနက်မိုးလင်းလို့ အမေ သနပ်ခါးလိမ်းဖို့ သနပ်ခါးသွေးရင်းတောင် ဂျလိ . . . ဂျလိအသံကို လမင်း . . . လမင်းလို့ကို ကြားတာ။ ကျွန်တော်က ဟန်မဆောင်ချင်တာ တစ်ခုပါပဲ။

ခဏနေတော့ သူငယ်ချင်းတွေအားလုံး ဆူညံအော်ဟစ်ပြီး ထွက်သွားကြတယ်။ လမင်းနဲ့ ကျွန်တော် နှစ်ယောက်ပဲ ကျန်ရစ်ခဲ့တာ။ လမင်းက ဒူးခေါင်းပေါ်မှာ လက်မောင်းကလေးတွေ ယှက်တင်ပြီး အဲဒီ လက်မောင်းသားကလေးပေါ်မှာ သူ့မေးစေ့ကလေးကို တင်ထားတယ်။ နေရောက်ထဲမှာ ဝင်းနေတဲ့ သူ့နှာသီးဖျားကလေးကို ကျွန်တော် ဆွဲလိမ်ချင်လိုက်တာ တအား . . .။

''ကိုဝင်းနိုင်တို့အတွဲ မပါဘူးနော် . . .''

''အေး . . . သူတို့က ဒီနေ့ လက်တွေ့ရှိတယ်တဲ့ဟ . . .''

''နင်နဲ့ တော်တော် ခင်နေပြီပေါ့ . . . ဟုတ်လား''

''ဒါပေါ့ . . . ကဲ . . . အဲဒါတွေ နင်ရှင်းလိုက်''

စားပွဲပေါ်ကို လှမ်းကြည့်တော့ စားထားတာတွေက အများကြီး။ ခေါက်ဆွဲကြော်တွေရော . . .၊ အအေးပုလင်းတွေရော . . .၊ ပေါက်စီတွေရော၊ စီးကရက်တွေရော . . .၊ အံမယ် ကြေးအိုးတစ်ပွဲတောင် ပါသေး . . .။ ကိုယ့်ဆရာလည်း သိတဲ့အတိုင်း၊ ကျွန်တော်က ခပ်ထောထောထဲက ကောင်မှ မဟုတ်တာ။

''ဟာ . . . ငါ့မှာ အဲဒီလောက် ပိုက်ဆံ မပါဘူးဟ''

''ဒါ . . . နင် ရှင်းရမယ့် ပွဲပဲဟာ . . .''

BURMESE CLASSIC .com

www.burmeseclassic.com


''ဟုတ်ပါတယ် . . .၊ ဒါပေမယ့် နောက်မှ ကျွေးပါရစေဟာ''

လမင်းက မျက်စောင်းထိုးရင်း သူ့လွယ်အိတ်ထဲက ပိုက်ဆံအိတ်ကလေးကို ထုတ်ပေးပါတယ်။ ရှင်းပြီးတော့ ကျွန်တော်က လမ်းစရိတ်ချန်ပြီး ကျွန်တော့်အိတ်ထဲက ပိုက်ဆံ ထပ်ပေါင်းပေးမယ်လုပ်တော့ လမင်းက သူ့ပိုက်ဆံအိတ်ကို ဆွဲလုယူသွားတယ်။ မိန်းကလေးတွေဟာ တစ်ခါတလေ တော်တော်ချစ်ဖို့ ကောင်းတယ်ဗျာ . . .။

''လမင်း . . . နင်နဲ့ငါ့ကိစ္စ ပြီးသွားပြီနော်''

''ထားပါတော့ . . . အားလုံးဝိုင်းတောင်းပန်ပေးလို့ . . . သိလား''

မိန်းကလေးတွေ လိုချင်တာ ဒါပါပဲ။ မိန်းကလေးဟာ ကမ္ဘာဦးအစကတည်းက မီဒီယာ သိပ်အားကိုးတာ ခင်ဗျ။ တစ်ခါတလေ သူတို့က စိတ်ကောက်ပြေချင် ပြန်ချစ်ချင်နေပြီ၊ ကြားက ဖြေပေးမယ့် မီဒီယာမရှိလို့ ဝေးသွားရတဲ့လူတွေ တစ်ပုံကြီး။ အဲ . . . ကြားထဲက တစ်ယောက်နှစ်ယောက်ကသာ နားဝင်အောင်ပြောလိုက် . . . ချက်ချင်း OK တာပဲ။ ကြားမီဒီယာကောင်းရင် မိန်းမကောင်း ရတတ်တယ်။ လူပျိုကြီး အပျိုကြီးတွေကို လေ့လာကြည့်ရင် အများစုက အဲဒီ ကြားမီဒီယာ မရှိကြလို့ ဖြစ်တာများတယ် ကိုယ့်ဆရာရေ . . .။

''ဒါဆို . . . အရင်ကလိုပဲ ပြန်နေရတော့မှာပေါ့။ ငါ့ကို အဖြေကရော . . .''

''တစ်ပတ်လောက် နင့်ကို ထပ်လေ့လာဦးမယ်၊ မလွဲစေနဲ့ပေါ့''

●


BURMESE CLASSIC .com

လမင်း အချိန်ပေးတဲ့ရက်တွေမှာတော့ ကျွန်တော့်ကို ကသိကအောင့်ဖြစ်အောင် လုပ်နေကျနတ်က အပျော်ပဲ တစ်နေရာရာမှာ ကျွံနေသလား၊ နတ်မင်းကြီးတွေဆီပဲ ကျွန်တော့်ဖြစ်ရပ်အခန်းစဉ်တွေ သွားတင်နေသလား မသိဘူး။ ကျွန်တော် တစ်ခုမှမလွဲဘဲ အားလုံး အဆင်ပြေနေတယ် ကိုယ့်ဆရာရေ . . .။

နောက်ခင်ရတဲ့ ကိုဝင်းနိုင်နဲ့ မာမာဆိုတဲ့ စုံတွဲကလည်း တော်တော်လေးကိုခင်ဖို့ ကောင်းပါတယ်။ ကိုဝင်းနိုင်က သိပ်အားနာတတ်ကြောင်း ကျွန်တော် အခုမှသိရတာ . .။ ကိုဝင်းနိုင် အားနာတတ်တာကို မာမာက ပြောပြတယ်။

''ဘယ်လောက်အားနာတတ်သလဲဆိုရင်လေ . . . သိလား၊ ပြီးခဲ့တဲ့အပတ်က သူကျောင်းကအပြန် လမ်းကွေ့တစ်ခုမှာ သူ့ညီမလေးကို ရည်းစားစာလိုက်ပေးတဲ့ ကောင်လေးတစ်ယောက်နဲ့ ဘွားခနဲ သွားဆုံတယ်တဲ့ . . .။ အဲဒါကို သူက အားနာလို့တဲ့ . .။ ဟိုက မမြင်ခင် သူကအရင် လမ်းဘေးခြုံထဲ ဝင်ကွယ်နေတာတဲ့''

အားလုံး ဝိုင်းရယ်ကြတယ်။ လောက်စပီကျယ်အသံက အကျယ်ဆုံး . . .။

''အေးလေဟာ . . . ရည်းစားစာပေးတာ ဘာဆန်းလဲ၊ မိန်းကလေးမှာ ငြင်းခွင့်၊ လက်ခံခွင့် ရှိတာပဲ . . .။ သူနဲ့ငါ မျက်နှာချင်းဆိုင်ကြီး တန်းတိုးတော့ ဘယ်ကောင်းမလဲ၊ မျက်နှာပူစရာကြီး၊ အားနာတာပေါ့

www.burmeseclassic.com


ဟာ. . .”

‘‘နာနာ . . . များများအားနာ သိလား၊ ရှင် ယောကျ်ားဖြစ်တာ ကံကောင်းတယ်မှတ်၊ မိန်းကလေးဖြစ်ရင် ဟိုလူ့အားနာ၊ ဒီလူ့အားနာနဲ့ ရှင် ဒက်ဖရင်ကတောင် ဆင်းရမှာ မဟုတ်ဘူး’’

ရယ်လိုက်ကြတာ မပြောပါနဲ့တော့. . ၊ လမင်းလည်း ရယ်တာပေါ့ လေ။ ခေါင်းကလေး ငဲ့ရယ်ရင်း ကျွန်တော့်ပခုံးစွန်းနံဘေးမှာ မျက်နှာ ဝှက်ပြီး ခပ်ကြာကြာကလေး ရယ်တယ်။ လမင်းနဖူးကလေးနဲ့ ကျွန်တော့် ပခုံးထိတာ ရင်ထဲကို နွေးသွားတာပဲ။

‘‘နောက်အားနာတာ တစ်ခုရှိသေးတယ် . . .’’

‘‘ပြောစမ်းပါဦး’’

‘‘ဟာ . . . အဲဒါတော့ မပြောပါနဲ့ကွာ . . .’’

ကိုဝင်းနိုင်က တားတော့မှ ပိုဆိုးသွားတယ်။ တစ်ဝိုင်းလုံးက ပြောရမယ် ဘာညာ ဝိုင်းလုပ်ကြတာပေါ့။ မင်းပြောရင် ငါ မထိုင်တော့ဘူး ကွာ . . . ဆိုပြီး ထပြေးလို့ ဝင်းအောင်က မနည်းထဆွဲထားရတယ်။ အရမ်းသိချင်နေတဲ့ လမင်းက မနေနိုင်တော့ဘဲ မေးတယ်။

‘‘ပြောပါမာမာရာ . . . ဘာတဲ့တုန်း . . .’’

‘‘မနေ့က မာ့ကို သူက လာပြောတယ် . . . ဒီဝိုင်းမှာ သူထိုင်ရတာ အရမ်းအားနာတာပဲတဲ့ . . .’’

‘‘ဟယ်တော့၊ ဘာဖြစ်လို့တုန်း’’

ထပြေးဖို့ပြင်နေတဲ့ ကိုဝင်းနိုင်ကို ဝင်းအောင်က လက်အတင်း ကိုင်ထားတယ်။

‘‘သူ ကိုဝင်းအောင်ကို အားနာလို့တဲ့’’

‘‘ဟောတော့. . . . ကိုဝင်းအောင်ကြီးကို . . . ဟုတ်လား’’

‘‘ဟုတ်ပ . . . တစ်ဝိုင်းလုံးမှာ ကိုဝင်းအောင်တစ်ယောက်ပဲ ဝက်ခြံ

တွေ အရမ်းများနေတာကို အားနာတာတဲ့ ။ ။ ။ ဖြစ်နိုင်ရင် သူလည်း ဝက်ခြံပေါက်ရင် ကောင်းမှာပဲတဲ့’’

ရယ်လိုက်ကြတာဗျာ ။ ။ ။ သုံးမိနစ်လောက် မရပ်နိုင်ကြဘူး။ ကိုဝင်းနိုင်နဲ့ ဝင်းအောင်ကတော့ ခေါင်းကြီးတွေ ငုံ့လို့ပေါ့။ အထူးသဖြင့်ဆို ။ ။ ။ တံတွေးတွေဘာတွေ သီးပြီး ကျို့တွေဘာတွေတောင် ထိုးလို့။ ကျွန်တော်ကတော့ ရယ်စရာ များများပြောပါစေပဲ ဆုတောင်းတာ ။ ။ ။ ဟုတ်တယ်လေ ။ ။ ။ လမင်းက ရယ်ရင် ကျွန်တော့်ပခုံးဦးစွန်းကလေးနဲ့ နဖူးကလေး ထိထိသွားတာကိုး ။ ။ ။

အဲဒီရက်တွေက အဲဒီလို ပျော်စရာကောင်းခဲ့ပါတယ်။ ကိုယ့်ဆရာလည်း သိတဲ့အတိုင်းပဲလေ ။ ။ ။ မဟာဇနက ဇာတ်တော်မှာတောင် မုန်တိုင်းဆိုတာ ခဏပါ။

အခုမှသိတာ တစ်ခုပြောရဦးမယ်ဗျို့ ။ ။ ။ မျိုးဆွေသန်းက အထူးသဖြင့်ကို ကြိုက်နေတာခင်ဗျ။ သူတို့ထဲမှာ အထူးသဖြင့်က အလှဆုံးဆိုတော့ ငြင်းလို့ မရဘူး။ ကျွန်တော့်စိတ်အထင်တော့ ဒီကောင် မရမ်းပြားကို ကြိုးစားရင် ပိုလွယ်မယ်ထင်တာပဲ။ မရမ်းပြားက သူ့ကို စိတ်ဝင်စားပုံ ပိုရတယ်။ အင်းပေါ့လေ ။ ။ ။ ဒီကောင် အထူးသဖြင့် မရမ်းပြားလည်း စားသွားနိုင်ပါတယ်။

ဒီလိုနဲ့ လမင်းပြောတဲ့ တစ်ပတ်ပြည့်တဲ့နေ့ကို ရောက်လာတယ်။

လမင်း ။ ။ ။ အဲဒီနေ့က လှလိုက်တာဗျာ ။ ။ ။ ဘာတွေဝတ်ထားတယ်ဆိုတာတော့ ကျွန်တော် မမှတ်မိတော့ဘူး။ ကျွန်တော်က မိန်းကလေးတွေရဲ့ အဝတ်အစားကို မှတ်တဲ့နေရာမှာ ညံ့မှညံ့။ ဒါပေမယ့် အဝါရောင် ခေါင်းစီးကြိုးကလေးနဲ့ ရွှေကဆံပင်တွေကို အကုန် အလှန် သိမ်းထားတယ်ဆိုတာတော့ မှတ်မိတယ်။

အကုန်ဆိုပေမယ့် ။ ။ ။ ဆံပင်လေးငါးဆယ်ပင်ကတော့ ခေါင်းစည်း

BURMESE CLASSIC .com

www.burmeseclassic.com


ကြိုးကလေးနဲ့ လွတ်ပြီး ထောင်နေတာပေါ့ဗျာ ‌. . .။ ဒါ . . . ကိစ္စမရှိပါဘူး။ မိန်းကလေးတစ်ယောက်ရဲ့ ဆံပင်ဟာ ဟော်တယ်ကြီးတစ်ခုရဲ့ ရှေ့က မြက်ခင်းပြင်လို ညီနေစရာ မလိုဘူး မဟုတ်လား။

ကျွန်တော် ငေးနေတာကို သိတော့ လမင်းက မျက်နှာလွှဲကလေး ချပြီး တိတ်တိတ်ကလေး ပြုံးနေတယ်။

"လမင်း . . ."

"ဘာလဲ . . . ဟုတ်တယ် . . ."

"ဒီနေ့ တစ်ပတ်ပြည့်ပြီနော် . . ."

"အင်း . . ."

"ငါ . . . နင့်ကို သိပ်ချစ်တာပဲ လမင်းရယ် . . ."

ပြောရတာ အရသာရှိလိုက်တာ ကိုယ့်ဆရာရယ်။ ပြီးတော့ . . . ကျွန်တော်တို့ နှစ်ယောက်စလုံး တိတ်သွားကြတယ်။ ဘာစကားမှ ထပ် မပြောဖြစ်ကြဘူး။ သူနဲ့ကျွန်တော့်အကြားမှာ ဘာစကားမှလည်း ထပ် ပြောစရာ မရှိတော့ပါဘူး။ ဒါဟာ . . . အပြည့်စုံဆုံးသော စကားဆိုတာ ကျွန်တော်တို့ချင်း သိကြတယ်။

ကျွန်တော်တို့နှစ်ယောက် တိတ်ဆိတ်ခြင်းထဲမှာ အကြာကြီး မြောနေကြတယ်။

ပထမဦးဆုံး စအသိဝင်တာက လမင်းပါ။

"နင့်ကိုငါက . . . မနက်ဖြန်မှ . . . အဖြေပေးမှာ . . ."

"ဟင် . . . ဘာဖြစ်လို့လဲ . . ."

"ဒီနေ့မှ တစ်ပတ်ပြည့်တာလေ . . . ဟုတ်တယ် . . ."

ကျွန်တော် ရင်နည်းနည်းတော့ မောသွားတယ်။ အများကြီး တော့ မမောပါဘူး။ ဟုတ်တယ်လေ . . . ခုနေအတိုင်းဆို ကျွန်တော်က စာမေးပွဲ အောင်နေပြီပဲ။ သူ . . . တမင်ညစ်တာတော့ မဟုတ်ပါဘူး။

တစ်ပတ်က ဒီနေ့မှပြည့်တယ်ဆိုတာတော့ ဟုတ်သားပဲ။ ဒါပေမယ့်ဗျာ အချစ်ဆိုတာ မြန်မြန်ရလေ ကောင်းလေပဲ မဟုတ်လား။ အေးအေး ဆေးဆေးမှ ယူမယ်ဆိုတဲ့လူ ဘယ်သူမှမရှိဘူး။ မရနိုင်လို့ ဖွဲခတ်စောင့် တာကတော့ တစ်မျိုးပေါ့။

"မနက်ဖြန် တကယ်နော် . . ."

"အင်းပေါ့ . . . ကိုးနာရီ၊ ကဲန်တင်းမှာ စောင့်မယ် . . ."

"ဟာ . . . ကဲန်တင်းတော့ မလုပ်ပါနဲ့ဟာ၊ ဆူညံနေတာဟ၊ အဖြေပေးလို့ ကောင်းတဲ့နေရာမျိုး မဟုတ်ဘူး . . . အေးဆေးတဲ့ တစ်နေရာ ရွေးဟာ . . ."

"အံမယ် . . . နှစ်ယောက်တည်း အရင်တွေ့ရမယ်များ အောက်မေ့ လို့လား၊ အကုန်ပါတယ် သိလား . . .၊ ဟိုတစ်ခါ နင်မကျွေးရသေးဘူး လေ . . .၊ အဲဒီနေ့ နင်ကျွေးရမှာ . . . ဟုတ်တယ်"

လမင်းက နှုတ်ခမ်းကို ချွန်နေအောင် ရန်တွေ့ပြီး ပြောတယ်။ ဒါပေမယ့် သူ ရန်တွေ့တာ မဟုတ်ပါဘူး။ ကျွန်တော် ကျွေးရမှာဆိုတော့ သူ့စကားထဲမှာ အဖြေက ပါနေပြီမို့ တော်တော်ပျော်သွားတယ်။

"ဒါဆို . . . OK ဟာ . . . ဒါပေမယ့် ဆယ်နာရီတော့လုပ်"

"သဘော . . . သဘော . . . ဘာတစ်ခုမှတော့ မလွဲစေနဲ့နော် . . . ဆယ်နာရီဆို ဆယ်နာရီပဲ"

ကျွန်တော် တမင် တစ်နာရီတိုးတောင်းတာပါ။ ကျွန်တော်က စိတ်လှုပ်ရှားလွယ်တယ်လေ . . .။ ညဘက်ဆို တော်ရုံနဲ့ အိပ်မပျော်မှာ ကိုယ့်ဆရာလည်း သိသားနဲ့။

●

www.burmeseclassic.com


၈း၀၀ မှာ ။ ။ ။ ကျွန်တော်က အားလုံးအဆင်သင့် OK ဖြစ်နေပြီ။

ဖြစ်နေပြီဆို ညက အိပ်ဆေးသောက်ပြီး အိပ်ပစ်လိုက်တာကိုး ။ ။ ။။ ဒါတောင် တစ်နာရီခွဲလောက်အထိ အိပ်မပျော်ဘူးဗျာ။ အတွေးတွေက စုံနေတာပဲ။ နောက်တော့လည်း ဘယ်လိုအိပ်ပျော်သွားမှန်းမသိပါဘူး။ ကံကောင်းလို့ ။ ။ ။ အမေ့ကို ခုနစ်နာရီနှိုးပါ ။ ။ ။ ပြောထားလို့၊ နို့မို့ဆို ဘယ်အထိ ဆက်အိပ်နေဦးမလဲ မသိဘူး။

အမေ မနှိုးလည်း အရေးတော့ မကြီးပါဘူး။ ကျွန်တော့်အိမ်ကို ဟိုနှစ်ကောင်ကို ခေါ်ထားတယ်။ သူတို့လာရင် နှိုးကြမှာပဲ။ ဒီတစ်ခါ မလွဲရအောင် ကြိုတင်စီစဉ်ထားတာလေ ။ ။ ။။

(၈း၃၀) မှာ ဝင်းအောင်နဲ့ မျိုးဆွေသန်း အိမ်ရောက်လာတယ်။ ကျွန်တော် အဆင်သင့်ဆိုတော့ ချက်ချင်းပဲ ထလိုက်လာခဲ့ရတယ်။

''ဟေ့ကောင် ။ ။ ။ ကျွေးဖို့ပိုက်ဆံရော ပါရဲ့လား''

''ပါပါတယ်ကွ''

မျိုးဆွေသန်းရဲ့အမေးကို ကျွန်တော် ခပ်တင်းတင်းဖြေရင်း လွယ်အိတ်ကို ပုတ်ပြလိုက်တယ်။ ဟုတ်တယ် ။ ။ ။ ကျွန်တော့်မှာ ပိုက်ဆံသုံးထောင် ပါတယ်။ အဲဒီ ပိုက်ဆံအကြောင်းတော့ ကျွန်တော် မပြောချင်ပါဘူးဗျာ။ ကျွန်တော့်အမေဆီက လိမ်ပြီး တောင်းလာခဲ့တာပါ။ တွေးရင် တကယ်ခံစားရတယ်ဗျာ။ ကျွန်တော်တို့က ကြွယ်ပိုးကြွယ်ဝလည်း မဟုတ်တော့ ပိုက်ဆံသုံးထောင်ဆိုတာ အမေ့အတွက် အတော်ခက်ခဲ

www.burmeseclassic.com


မှာပါ။ ကျွန်တော်တောင်းတော့ အမေက ပေးရှာပါတယ်။ ဒါပေမယ့်ဗျာ ‥‥ ငါးရာတန်တစ်အုပ်မှာ ဆယ်တန်တွေရော ငါးကျပ်တန်တွေရော ပါတော့ ကျွန်တော် တော်တော်စိတ်မကောင်း ဖြစ်မိတယ်။

ဒါနဲ့ ‥‥ အဲဒီငါးရာကို ပြန်ပေးတော့ အမေက အယူဘူးခင်ဗျ။

''သုံးပါသားရယ်၊ သားက တက္ကသိုလ်ကျောင်းသားပဲ ‥‥ လိုအပ်တာ ကုန်ရမှာပေါ့။ သားက လိုမှတောင်းတာ ‥‥ ယူပါ'' တဲ့။

ကျွန်တော့်လုပ်ရပ်နဲ့ အမေ့မေတ္တာက တော်တော်လေး ကွာပါတယ်။ တော်တော့်ကို မကောင်းတာပါ။ အဲဒီမှာ မိဘမေတ္တာဆိုတာကို ကျွန်တော် ဖျတ်ခနဲ နားလည်လိုက်တယ်။ ကျောင်းကန်တင်းမှာ လူဆယ်ယောက်စားတာ သုံးထောင်မကုန်နိုင်ပါဘူး။ ကျွန်တော်က လိုလိုပိုပို တောင်းလာတာပါ။ ပိုရင် အမေ့ကိုပဲ ပြန်ပေးဖို့ ဆုံးဖြတ်ပြီးသားပါ။

ကားပေါ်ရောက်တော့ ကျွန်တော်တို့ စကားမပြောဘဲ ကားစီးလာကြတယ်။ အဲဒီမှာ ဝင်းအောင်က စ စကားပြောတယ်။

''ဟေ့ကောင်မိုးဆွေ ‥‥ မင်းကို ပြောစရာတစ်ခု ရှိတယ်ကွာ ‥‥''

''အင်း ‥‥ ပြော ‥‥''

''မင်း ‥‥ ဟိုလူ့ကို ကိုဝင်းနိုင်လို့ခေါ်ရင် ‥‥ ငါ့ကိုလည်း ကိုဝင်းအောင်လို့ ပြောင်းခေါ်ကွာ ‥‥''

''ဟာ ‥‥ ဘာဆိုင်လို့လဲဗျာ ‥‥ ခင်ဗျားကလည်း ‥‥ ကားကြပ်ရတဲ့အထဲ''

''ဆိုင်တာပေါ့ကွ၊ ဟိုလူက ငါ့ထက် အသက်လည်းငယ်တယ်၊ မင်းနဲ့မှ ရွယ်တူ၊ မင်းက သူ့ကိုကျတော့ ကိုတပ်ခေါ်ပြီး ငါ့ကို နာမည်တပ်ခေါ်တော့ ငါကျွတ်တာပေါ့''

''ဟ ‥‥ သူက အခုမှ ပေါင်းတာကိုးဗျ၊ ခင်ဗျားနဲ့က ပထမနှစ်

www.burmeseclassic.com


ကတည်းက တွဲလာတာ နှုတ်ကျိုးနေပြီ ။ ။ ။''

''အရင်ကဆို ငါမပြောဘူးကွာ ။ ။ ။ အခုဟာက ငါတို့အုပ်စုထဲကို ကလေးတွေပါ ရောက်လာတာကွ၊ လူတွေရှေ့မှာ ဟီရိဩတ္တပ္ပတရား တော့ မင်း ထားသင့်တယ်''

ကျွန်တော် တော်တော်ကလေး စိတ်ညစ်သွားတယ်။ ကားကြပ် ကြပ်ထဲမှာ စိတ်ကို လမင်းစောင့်နေမယ့် ကဲန်တင်းကို ပို့ထားရတဲ့ ကြားထဲ ဒီလူက တစ်မျောင်း ။ ။ ။ ပြီးတော့ ဟားရတယ်ဗျာ ။ ။ ။ ဟီရိဩတ္တပ္ပ တရားတဲ့။

''ဘာဆိုင်လို့တုန်းဗျ၊ ဟီရိဩတ္တပ္ပတရားဆိုတာ ။ ။ ။ အရှက် အကြောက်ကို ပြောတာပဲ''

''အေး ။ ။ ။ ကျွတ်၊ ဟို ။ ။ ရှိသေးတာကွာ ။ ။ ။ ရှိသေးတာ ။ ။ ။''

''ဂါတဝေါစ၊ နိဝါတောစ ။ ။ ။''

စိတ်မရှည်တဲ့ မျိုးဆွေသန်းက ဝင်ထောက်ပေးတယ်။

''အေး ။ ။ ။ အဲဒါကွာ ။ ။ ။''

''သူက အခု နောက်ဆုံးနှစ်ကျမှ သိလို့ လူမှုရေးအရ ခေါ်တာ ပါဗျာ ။ ။ ။ သူ့ကို နာမည်ရှေ့မှာ ကိုတပ်ခေါ်လို့ အရမ်းရိုသေတာ မဟုတ် သလို ။ ။ ။ နာမည်အတိုင်းခေါ်လို့လည်း စော်ကားတာ မဟုတ်ပါဘူး၊ ရင်ထဲ က ခင်မင်မှုဆိုတာ နာမ်တွေ ပညတ်တွေနဲ့ မဆိုင်ပါဘူးဗျာ ။ ။ ။''

လုံးလည်လိုက်ရင်းနဲ့ပဲ ကျွန်တော်တို့ လှည်းတန်းမှတ်တိုင် ရောက်တော့ ဆင်းကြတယ်။ Air Con. ကားကြပ်ကြပ်ကြီးထဲက ထွက်လိုက်ရတာ Air Con. အခန်းထဲ ဝင်လိုက်ရသလို အေးသွား တာပဲ။ နာရီကို ငုံ့ကြည့်တော့ ကိုးနာရီ ရှစ်မိနစ်။ အေးဆေးပေါ့။

ကျောင်းထဲ ဝင်ခါနီးတော့မှ ကျွန်တော်လမ်းလျှောက်ရင်း လွှဲနေတဲ့ ညာဘက်လက်က အမှတ်တမဲ့ လွယ်အိတ်နံဘေးကို စမ်းမိတယ်။

ကျွန်တော် ထိပ်ခနဲဖြစ်သွားတယ်။ ပိုက်ဆံအိတ် . . ။ ကျွန်တော် ချက်ချင်း ရပ်ပြီး စိုးရိမ်တကြီး ရှာတယ်။ မရှိဘူး . . . သွားပြီ။

''ပါသွားပြီလား ဟေ့ကောင်''

''ဟုတ်တယ် . . . ပါသွားပြီ . . .''

ကျွန်တော် မှုန်ထူတစ်ဝက် သတိလစ်ရက်ကြီးကို ဖြစ်သွားတာ။ ဒေါ်သဖြစ်လိုက်တာဗျာ . . . မပြောပါနဲ့တော့။ ရင်ထဲမှာ ဟာပြီး ဘာကို နှမြောရမှန်း၊ ယူကြုံးမရ ရမှန်း မသိတော့ဘူး။

''အဲဒါ . . . ခင်ဗျား နာမည်ကိစ္စတွေ အလကားလာပြောနေလို့ . . . အဓိပ္ပာယ်မရှိတဲ့ကိစ္စတွေ လျှောက်ပြောနေလို့ ဖြစ်တာ . . .''

''ဘာဆိုင်လို့လဲကွ၊ ကိုယ့်အိတ်ကို ဂရုစိုက်မှပေါ့၊ မင်းဘာမင်း ပေါ့လျော့တာပဲ . . . ငါ့ လာအော်မနေနဲ့''

အမှန်တော့ ကျွန်တော် လျှောက်မဲတာပါ။ ဒေါသက ရုတ်တရက် ပါးစပ်ထဲမှာ ခုန်နေတော့ သူ့ကို တွေ့ကရာ စကားလုံးနဲ့ ထွေးထုတ်ပစ် လိုက်တာပါ။ ဝင်းအောင်က ရှူးရှူးရှားရှားဖြစ်လို့ . . . ။

''ကဲ . . . အော်မနေကြနဲ့ ဘာလုပ်ကြမလဲ၊ မင်းကတော့ကွာ တစ်ခုမဟုတ် တစ်ခုပဲ''

''ဘာလုပ်ရမှာလဲ၊ လမင်းကို အမှန်အတိုင်းပဲ ပြောပြလိုက် ပေါ့ကွ၊ ဒါပဲရှိတာ''

''ဟာ . . . ဒါတော့ လုံးဝမဖြစ်နိုင်ဘူး၊ ပထမကတည်းက ငါ ကျွေးရမှာ လမင်းက ငါ့ကိုကျွေးဖို့ ကတိတောင်းထားတာ ဖျက်လို့ မရဘူး''

''ကဲ . . . ဒါဆိုရင် . . . မင်းကို အဲဒီပိုက်ဆံသုံးထောင် ဘယ်သူက ပေးမှာလဲ၊ မင်း ဘယ်ကရမလဲ၊ ပြော . . .''

ဖြစ်နိုင်ရင် တွေ့ရာ အသေးစား ငွေချေးဘဏ်တစ်ခုကိုသာ

www.burmeseclassic.com


အနုကြမ်းဝင်စီးပစ်လိုက်ချင်တာပဲ။ ဒါပေမယ့် ကျွန်တော်ဆိုတဲ့ကောင်က လမ်းမှာ ပိုက်ဆံတစ်ဆယ်လောက် ကောက်ရရင်တောင် နောက်ကျော သိပ်လုံတဲ့ကောင် မဟုတ်ဘူး။ ရုတ်တရက် ပေါင်စရာ၊ နှံစရာကလည်း ဘယ်သူ့မှာမှ ဘာမှမပါ။ ရွှေမရှိလို့သာ လူပြည်က ချက်ချင်းဆင်းဆို ချက်ချင်းလက်ငင်း တီကောင်ဖြစ်မယ့်ကောင်တွေ . . .။ လက်မှာပတ်ထား တဲ့ နာရီတွေကလည်း ဘယ်စတိုးဆိုင်မှာ ဝယ်ဝယ်ရတဲ့ စက်ဘီးပူ မိတ် Q & Q တွေ။ တစ်လုံးမှတစ်ထောင်တန်တာ။ ရောင်းလို့သာ တစ်ရာအပြင် မပိုဘူး။ ပေါင်ရင် အပေါင်တောင် ခံမှာမဟုတ်ဘူး။

ထုံးစံအတိုင်း ကျွန်တော့်စိတ်က ဟိုဟိုဒီဒီ လျှောက်ပြေးနေတယ်။ နောက်ဆုံးကျတော့မှ အားရဝမ်းသာ ရပ်သွားတယ်။

အန်တီလေး . . .။

နာရီကိုငုံ့ကြည့်တော့ ကိုးနာရီ ဆယ့်ငါးမိနစ် . . .။

“ဟုတ်တယ် . . . အန်တီလေး . . . ဟော့ကောင်တွေ . . . လှည်းတန်း ဈေးနောက်ဘက်က ရပ်ကွက်မှာ ငါ့အန်တီလေးရှိတယ်။ သူ့ဆီက သွားဆွဲမယ်ကွာ . . .။ အခုမှ ကိုးနာရီ ဆယ့်ငါးမိနစ်ပဲ ရှိသေးတာ။ ဘယ်လိုလဲ . . . သူက ငါ့ကိုလည်း အရမ်းချစ်တယ်’’

ဒီကောင်တွေ ကျွန်တော် ဝမ်းသာအားရပြောနေပေမယ့် နည်း နည်း တွေသွားတယ်။ ကျွန်တော်ကလည်း ညာတာ နည်းနည်းတော့ ပါတာပေါ့။ အန်တီလေးရှိတယ်ဆိုတာကတော့ အမှန်ပါ . . .။ ကျွန်တော့်ကို အရမ်းချစ်တယ်ဆိုတာ ပြောတာ . . .။ အမှန်တော့ သူတို့ကိုညာတာထက် ကိုယ့်ကိုကိုယ် အားပေးတာက ပိုပါတယ်။

‘‘မင်းနဲ့ဝင်းအောင် သွားနှင့်ကွာ . . .။ ငါက လမင်းတို့ဆီပဲ သွားနှင့်မယ်’’

မျိုးဆွေသန်းက ရှောင်ချင်သလို ခပ်တန်တန်ပြောတယ်။

ဒီကောင်က ဒီလို ပြဿနာတစ်ခုခုဖြစ်ပြီဆိုရင် အမြဲလစ်နေကျ။ ပြီးတော့ ပါးစပ်လုံတာလည်း မဟုတ်ဘူး။

''မလိုဘူးဟေ့ကောင် သုံးယောက်စလုံးဖြစ်တာ . . . မင်းပါ လိုက်ခဲ့ ဒါပဲ''

ဒါမျိုးကျတော့ ဝင်းအောင်ကမှ အားကိုးရသေး။ သူ့ကို ကိုဝင်း အောင်တောင် ခေါ်ချင်စိတ်တွေ ဘာတွေ ပေါက်လာတယ်။

အန်တီလေးတို့က နည်းနည်းတော့ ချောင်လည်ပါတယ်။ သူ့ ယောက်ျား ကိုဌေးကလည်း သဘောအရမ်းကောင်းတယ်။ ကလေးသုံး ယောက်ရှိတယ်။ ယောက်ျားလေးနှစ်ယောက်၊ မိန်းကလေးတစ်ယောက်။ ကလေးလေးတွေက အရမ်းဆော့တာပဲဗျာ။ အိမ်ကို လာလည်တုန်းက ဆော့လိုက်တာ မျောက်ကိုရှုံးရော . . .။ ကျွန်တော်လည်း လူကြီးတွေ လစ်တုန်း အငယ်မလေးကို ပိတ်ခေါက်ပစ်လိုက်တာ . . . မရွှေချောက ထငိုလို့ဗျို့၊ ချော့လိုက်ရတာ မနည်းပဲ။ အရင်တုန်းက အဖေ့ကျေးဇူး မကင်းဘူးဆိုတာ ကျွန်တော်သိထားတယ်။ ဒါလေးပဲ အားကိုးပြီး လာရ တာလေ . . .။

သူတို့ကို ပြောပြသလိုနဲ့ ကျွန်တော့်ကိုယ်ကျွန်တော် အားပေးရင်း အိမ်တွေကို လိုက်ရှာရတယ်။ လမ်းတွေက ကိုယ်ထူကိုယ်ထ ကတ္တရာလမ်း တွေဖြစ်ကုန်တာရယ်၊ ကန်ထရိုက်တွေက ဆောက်တာရယ်နဲ့ ကျွန်တော် လည်း မျက်စိတွေ လည်နေပြီး ဟိုမေးဒီမေးနဲ့ ရောက်သွားတယ်။ ရောက်တော့ ကိုးနာရီခွဲနေပြီ။

ကျွန်တော် အမောတကောရှင်းပြတော့ အန်တီလေးက သဘော ပေါက်ရှာပါတယ်။ ထုံးစံအတိုင်း အိမ်ကို လိမ်သလိုပဲ ကျောင်းကိုသွင်းဖို့ ပိုက်ဆံလို့တော့ လိမ်ရတာပေါ့။ ဟိုကောင်တွေကိုလည်း အလီဘိုင် ပြရတာပေါ့ . . .။



BURMESE CLASSIC .com

www.burmeseclassic.com


''ဖြစ်ရလေ မိုးဆွေရယ် ‌. . . ပိုက်ဆံသုံးထောင်ဆိုတာ နည်းသလား၊ ကဲ . . . ကဲ . . . အိမ်ကိုလည်း ပြန်မပြောနေနဲ့ဦး၊ နင့်အမေ စိတ်ဆင်းရဲပြီး နှမြောနေဦးမယ်၊ ဟဲ . . . မျိုးကြီး . . . မျိုးကြီး လာစမ်း''

ကလေးတစ်ယောက် ပြေးထွက်လာတယ်။ ကလေးတွေတောင် အတော်ကြီးနေမှုကို . . . ဘာညာ ကျွန်တော်လျှောက်ပြောရသေးတယ်။ အန်တီလေးကူညီမယ်ဆိုတော့မှ ဟိုနှစ်ကောင် မျက်နှာလည်း ပုံမှန်ပြန်ဖြစ်သွားတယ်။ ကျွန်တော်လည်း ရင်ထဲမှာရှိနေတဲ့ အပူလုံးကြီး ဘယ်ရောက်သွားမှန်း မသိတော့ဘူး။

''သွား . . . အခန်းထဲကသော့ . . . . သွားယူစမ်း''

ကလေးက အခန်းထဲ လှစ်ခနဲပြေးဝင်တာတောင် ရိုးရိုးမဝင်ဘူးခင်ဗျ။ ကျွမ်းထိုးသွားသေးတယ်။ အန်တီလေးကတော့ နင့်အမေ နေကောင်းရဲ့လား၊ မရောက်တာကြာပြီ . . . လာလည်ဦးမယ် . . . အစရှိသည်ဖြင့်တွေ ပြောနေတယ်။ ကျွန်တော်ကလည်း ဖြေရတာပေါ့။

''ဩော် . . . အန်တီလေး . . . အိမ်လာရင် ဒီကိစ္စသွားမပြောနဲ့ဦးနော် . . . တော်ကြာ''

''ငါသိပါတယ် မိုးဆွေရယ် . . . ဟဲ့ မျိုးကြီး ကြာလှချည်လား''

''သော့က ဒီမှာမရှိဘူး မေမေ . . .''

''တယ် . . . ဒီကလေး . . . ခိုင်းလိုက်ရင် ဘယ်တော့မှမရဘူး၊ ဆော့ဖို့ဆို မျောက်ရှုံး''

ဟုတ်ပ့ါ . . . အန်တီလေးက ပြောရင်းဆိုရင်း . . . အခန်းထဲ လိုက်ဝင်သွားတယ်။ နားရင်းတစ်ချက်လောက်တော့ အုပ်လိုက်ပါစေဗျား။ ဒါပေမယ့် အန်တီလေးကလည်း တော်တော်နဲ့ ပြန်မထွက်လာဘူးခင်ဗျ။ ခဏနေတော့ ထဘီတစ်ချက်ဝတ်ရင်း ပြန်ထွက်လာတယ်။

''ဩော် . . . ဒီသော့ကလည်း အရေးထဲမှာမှ . . .''

www.burmeseclassic.com


အန်တီလေး အိမ်ရှေ့မှာရှာတယ်။ အံဆွဲတွေဘာတွေလည်း ဖွင့်ရှာတယ်။ ကျွန်တော် နည်းနည်းစိတ်ပြန်ပူလာတယ်။ အန်တီလေးက ဘုရားစင်ပေါ်ရှာတယ်။ စားပွဲတွေပေါ်က သတင်းစာတွေ၊ စာစောင်တွေ လှန်ရှာတယ်။

''ဘယ်လိုသော့လဲ အန်တီလေး၊ သားလည်း ကူရှာပေးမယ်လေ. . .''

''ကြေးသော့ လေးချောင်းတွဲ ချောင်းသာကီးချိန်းကလေးနဲ့''

ကျွန်တော်လည်း နီးရာက စရှာတော့တာပဲ။ ဟိုကြည့် ဒီကြည့်ပေါ့. . .။ ဟိုနှစ်ကောင်လည်း ယောင်ပြီး လိုက်ရှာကြတယ်။ ဒီအချိန်မှာ ကျွန်တော်အကြားချင်ဆုံး အသံက ''တွေ့ပြီ'' ဒါမှမဟုတ် ''ဒီဟာလား အန်တီ''

''ရွှေထူး၊ မျိုးကြီး၊ မေသကြာ်နဲ့ . . . လာကြစမ်း ဒီကို . . .''

တစ်ယောက်နဲ့တစ်ယောက် ရိုက်ရင်းပုတ်ရင်းနဲ့ ကလေးတွေ ပြေးထွက်လာကြပြန်တယ်။

''သော့ ဘယ်မှာတွေ့သလဲ၊ သော့ . . .''

''မသိဘူးမေမေ''

''မသိလို့ ရမလား၊ ငါ ဒီမနက်ပဲ ဒီခုံပေါ်တင်ထားတာ . . . ပြောစမ်း နင်တို့ ယူဆော့သလား''

''သမီးမဆော့ဘူး မေမေ''

''သားလည်းမဆော့ဘူး . . .''

ကျွန်တော့်ရင်ထဲကို အပူလုံးကြီး ပြန်ခုန်ဝင်လာတယ်။ လျှောက်ရှာနေရင်း နဖူးမှာ ချွေးတွေ စီးလာတယ်။

''ခုနကတော့ သော့တွဲကို ဖေဖေ့ခါးမှာ ထိုးထားတာ တွေ့တယ် မေမေ''

www.burmeseclassic.com


''ဘာ . . . နင့်အဖေက ဘာကိစ္စ သော့တွဲခါးကြားထိုးရတာတုန်း၊ ဘယ်မတုန်း နင့်အဖေ၊ သွားခေါ်စမ်း . . .''

''ဖေဖေမရှိဘူး မေမေ၊ ဟိုဘက်လမ်းက အသုဘတဲ့၊ သတင်းမေး သွားတယ်''

''အံမယ် . . . ရာရာစစ အသုဘသတင်းမေးသွားတာများ သော့တွဲခါးကြားထိုးရတယ်လို့ . . .၊ ကိုဌေး ကိုဌေး . . . ဟန်ကလေးနဲ့ သိပ်နေချင်တာ . . .''

အန်တီလေးက လိုက်ဖို့ပြင်တော့ ကျွန်တော်လည်း တားရတယ်။

''ရတယ် အန်တီလေး၊ ကျွန်တော် ကိုဌေးကို သွားခေါ်ပါ့မယ်၊ သိနေတာပဲ''

''ရတယ်မိုးဆွေ၊ အသုဘအိမ်ကို နင်သိမှာမဟုတ်ဘူး။ ငါကိုယ်တိုင်မှ ဖြစ်မှာ . . .''

အန်တီလေးဆင်းသွားတဲ့နောက်ကို ကျွန်တော်တို့ပါ ဆင်းလိုက်လာမိတယ်။ ဘာဖြစ်လို့လဲတော့ မသိဘူး။ အရှိန်ပဲနေမှာပေါ့။ သိပ်အရေးကြီးတဲ့အချိန်မှာ လူဟာ ရက်နေရတာထက် ရွေ့လျားနေရတာက ပိုစိတ်သက်သာတယ် မဟုတ်လား။

အန်တီလေးက ရှေ့ကနေ ကျိန်းရင်း မောင်းရင်း လျှောက်နေတယ်။ ကျွန်တော့်အန်တီလေးက ဇတ်ဇတ်ကျဲပါ။ သူ့ယောက်ျားကိုလည်း အရမ်းနိုင်တယ်။ လျှောက်လာရင်း လမ်းကွေ့တစ်ခုမှာ ပြုံးပြုံး . . ပြုံးပြုံးနဲ့ လျှောက်လာတဲ့ ကိုဌေးနဲ့ ပြန်းဆိုတွေ့ရော . . .

''ကိုဌေး . . . အိမ်က ဘီဒိုသော့ . . ရှင်ယူသွားတယ်ဆို . . .''

''ဟေ . . . အေးလေ ဘာဖြစ်လို့တုန်း . . .''

''အံမယ် . . . ဘာဖြစ်ရမလဲ၊ ဒီသော့ကို ရှင်က ကိုင်ရအောင် ရှင် ရှာထားတာ ဘယ်နှစ်ပြားရှိလို့လဲ၊ လူရှေ့သူရှေ့သွားမယ်ဆို သော့


BURMESE CLASSIC .com

ကလေး ခါးကြားချိတ်လို့၊ ဒါ . . . ဘာအချိုးလဲဆိုတာ ကျွန်မ မသိဘူး မှတ်နေလား''

''တော်ပါတော့ အန်တီလေးရာ . . . လူတွေကြားထဲ မကောင်းပါဘူး''

''မင်းမသိဘူး မိုးဆွေ . . . ဒင်းအချိုးက လွယ်တာမှတ်လို့ . . . ပေးသော့''

ဦးဌေးလည်း မကျေမနပ်နဲ့ ခါးက သော့ကို စမ်းတယ်။

''ဟာ . . . သော့ . . . သော့ မရှိတော့ဘူးကွ''

''ဗျာ . . .''

''ဘာပြောတယ်၊ ဘာပြောလိုက်တယ် . . . သော့မရှိရအောင် ဘယ်ရောက်သွားလို့လဲ''

''ငါလည်း . . . ခါးကြားမှာ ချိတ်ထားတာပဲကွ . . .''

အပူလုံးကြီးက ရင်ထဲမှာ ဖောင်းအစ်လာပြီး ဝုန်းခနဲ ထပေါက်သလားတောင် ထင်ရတာ . . .။ ကျွန်တော် တစ်ချက်တောင် တွေးမိသေးတယ်၊ ဒါ ရိုးမှရိုးရဲ့လားလို့ပါ။ ကျွန်တော်ဖတ်ဖူးတဲ့ စာတွေ . . . ဟာသဇာတ်လမ်းတွဲတွေထဲကလို ညအိပ်တည်းမယ့် ဧည့်သည်လာမှ လင်မယားနှစ်ယောက် ဟန်ဆောင်ရန်ဖြစ်ကြတာတို့ ဘာတို့ပေါ့။ အန်တီလေးဟာ ကျွန်တော့်ကို ငွေပေးပို့မယ် ပြောပြီးမှ . . . တမင် သော့ပျောက်ချင်ယောင်များ ဆောင်တာလား။ လူ့စိတ်များ ပြောပါတယ်။

ဒါပေမယ့် ကျွန်တော် အဲဒီအတွေးကို ချက်ချင်း မောင်းထုတ်ပစ်လိုက်တယ်။ ပထမတစ်ချက်က ကျွန်တော်အန်တီလေးဆီကိုရောက်တော့ ဦးဌေးမှ မရှိဘဲ။ ဒုတိယက ဦးဌေးက မျက်စိမျက်နှာပျက်နဲ့ သူ လျှောက်လာတဲ့လမ်းဘေးမှာ ရှာနေပြီ။

''အဲဒီသော့ မတွေ့လို့ကတော့လား၊ တော် . . . ဒီနေ့ အိမ်ပေါ်ပြန်

BURMESE CLASSIC .com

www.burmeseclassic.com


တက်လာဖို့ လုံးဝစိတ်မကူးနဲ့ သီလား။ ကိုယ့်အရာမဟုတ်တာကို သိပ်ဟန်ရေးပြချင်တဲ့လူ . . .''

''အန်တီလေး . . . သော . . . သော့က အပိုမရှိဘူးလားဟင်''

''မရှိဘူး မိုးဆွေ . . .၊ အန်တီ တမင်သော့အပိုတွေ အိမ်သာထဲ ချပစ်လိုက်တာ . . .၊ နို့မို့ . . . အဲဒီသော့တွဲပြပြီး ဖဲကြွေးယူယူရိုက်တတ်လွန်းလို့''

ဇာတ်က ဆုံးပြီ . . .။

ဒီသော့ကို တွေ့အောင်ရှာဖို့ကလွဲပြီး တစ်ခြားဘာမှ မရှိတော့။ ဦးငွေးက လမ်းပေါ်နဲ့ လမ်းနံဘေးတွေမှာ ရှာနေသလို . . . ဟိုနှစ်ကောင်လည်း ယောင်ကန်းကန်းနဲ့ ခေါင်းကူးပြီး လိုက်ရှာနေကြတယ်။ ကျွန်တော်လည်း ဘာထူးမလဲ ရှာပေါ့။ နာရီကြည့်တော့ အချိန်က ၉း၄၀ . . .။

''ဦးငွေး . . . ပုဆိုးတွေ ဘာတွေများ ပြင်ဝတ်သေးသလား''

ဦးငွေးက ငုတ်တုတ်ကလေး တစ်ချက်စဉ်းစားတယ်။ ကြာလိုက်တာဗျာ . . . ကျွန်တော့်စိတ်ထဲမှာ တစ်စက္ကန့်ဟာ ကြာချင်ရင် အရမ်းကြာပြီး မြန်ချင်ရင် အရမ်းမြန်နေတယ်။ အချိန်ကာလဆိုတာ တစ်နေရာနဲ့ တစ်နေရာ မတူဘူးလို့ အိုင်စတိုင်းပြောတာကို ကျွန်တော် လက်ခံသွားတယ်။ ဒီနေရာလေးမှာတင်ကို မတူဘူး။

''အေး . . . ခုနတုန်းကတော့ ဟိုဘက်နားမှာ ဝတ်မိတယ် ထင်တယ်ကွ''

ကျွန်တော်တို့ သူညွှန်ရာဘက် ပြေးရှာရပြန်တယ်။ ကျွန်တော့် ဘဝ တစ်သက်တာမှာ မြေကြီးကို စေ့စေ့စပ်စပ်ကြည့်ဖူးတာ ဒါပါနဲ့ဆို ဒုတိယအကြိမ်ပါ။ ကျွန်တော်တို့ဟာ ရွှေတူးသမားတွေ ရွှေရှာသလို ပိုက်စိတ်တိုက် ရှာကြတယ်။ လုံးဝမတွေ့ဘူး။ အချိန်က ၉း၅၀။

ကျွန်တော် လုံးဝဆုံးဖြတ်လိုက်တယ်။

''အန်တီလေး ခဏလေး၊ ဟော့ကောင် မျိုးဆွေသန်း မင်း ဆက်ရှာထားနှင့်၊ ဝင်းအောင် ကျွန်တော်နဲ့ လိုက်ခဲ့ဗျာ''

ကျွန်တော် လှည်းတန်းဈေးဘက် ပြေးထွက်ခဲ့တယ်။ ကျွန်တော့်မှာ အချိန်မရှိတော့ဘူး။ ဝင်းအောင်လည်း ကြောင်တောင်တောင်နဲ့ လိုက်လာတယ်။ ဟော့ကောင် . . . ဘာလဲ လမင်းကို ပြေးပြောထားနှင့် မလို့လား . . . တဲ့၊ နောက်က အော်ရင်းလိုက်လာတာ . . . ကျွန်တော် ပြန်မဖြေဖြစ်ဘူး။ ပြန်ဖြေရင် . . . ကျွန်တော်အပြေးလာတဲ့အရှိန် လျော့သွားမှာ စိုးလို့။

''ခင်ဗျား . . . သော့ပြင်တတ်လား''

''အားကို့ . . . ယူနွတ်နော် . . . နာမည်တစ်လုံးနဲ့ နေတယ်၊ ကောင်မလေးတွေရဲ့ ဒိုင်ယာရီစာအုပ်သေးသေးကလေးက သော့က စပြီး ဆော်ဒီက သူဌေးမီးခံသေတ္တာအထိကို ပြင်နိုင်၊ ဖွင့်နိုင်တယ်''

''ကဲ . . . ကြော်ငြာဝင်မနေနဲ့ ကိုယ့်ဆရာ ကားပေါ်တက်''

ကျွန်တော် ကားနဲ့ပြန်လာတော့ . . . ဦးဌေးရော . . . မျိုးဆွေသန်းရော ရှာလို့ကောင်းတုန်း။ ကျွန်တော်က ကားပေါ်ခေါ်တင်တော့ သူတို့လည်း ကုလားကို ကြည့်ပြီး သဘောပေါက်သွားပုံရတယ်။ တက်လိုက်လာကြတယ်။ ၁၀ နာရီကို ၅ မိနစ် စွန်းသွားပါပြီ။

ကိုရွှေယူနွတ်က တစ်သန်းလောက်ရှိတဲ့ သူ့သော့တွဲထဲက သော့တွေကို ရွေးလိုက် သော့ပေါက်ကို အသေအချာကြည့်လိုက်၊ သော့ပေါက်ဝကို လက်နဲ့ပွတ်သပ်လိုက်နဲ့ လုပ်နေလိုက်တာဗျာ မပြီးတော့ဘူး။

''ဟေ့လူ . . . မြန်မြန်လုပ်ဗျာ . . . အရေးကြီးတယ်ဗျ၊ အရေးထဲ ကဗျာဆန်မနေနဲ့''

''ဒီမှာ အားကို့ . . . အခုရေတွင်းကို တူးတယ်နော် . . . အားကို့

www.burmeseclassic.com


အခု''

''သဘောပေါက်ပါတယ်ကွာ သဘောပေါက်တယ်၊ ငါလိုချင်တာ မြန်မြန်ဖွင့် ဒါပဲ''

ကျွန်တော့်ရင်ဟာ နာမည်ကြီး ဘဏ်ကြီးတစ်ခုကို ဖောက်နေရသလိုပဲ တဒိန်းဒိန်းခုန်နေတယ်။ နာရီလက်တံတွေကလည်း မြန်လိုက်တာဗျာ။ ၁၀း၁၅။ ၁၀း၂၀။ အန်တီလေးကတော့ ဘီဒိုနားကိုမလာဘဲ ဦးဌေးနဲ့ ရန်ဖြစ်နေတယ်။ မျက်နှာတော့ ပူတာပေါ့လေ။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။

၁၀း၅၀ ကျမှ . . . ဖွင့်လို့ရတဲ့သော့ကို ရတယ်။ ကျွန်တော်လည်း အန်တီလေးကို ပြေးပြော . . . အန်တီလေးက သူ့ယောကျ်ားနဲ့ ရန်ဖြစ်လျက်က ကျွန်တော့်ကို ငွေယူပေး။ ကျွန်တော် ကျေးဇူးတင်ပါတယ် ပြောတာလည်း မကြားတော့ပါဘူး။

''အစ်ကို သုံးရာကျတယ်အစ်ကို . . .''

''ပေးမယ်ကွာ . . . ဒါပေမယ့် မင်းအလုပ် မပြီးသေးဘူး၊ ကားနဲ့ ထပ်လိုက်ခဲ့ပါဦး''

''ဗျာ . . . နောက်သော့တစ်ချောင်းလား အစ်ကို''

''အေး ဟုတ်တယ်၊ အဲဒီသော့က မင်းပါမှ ငါ ဖွင့်လို့ရမှာ . . .''

●

www.burmeseclassic.com


မကြာခင်ကမှ ဆူညံအော်ဟစ်ခဲ့ကြတဲ့ ဝိုင်းဟာ တိတ်နေတယ်။

အဲဒီမှာ ထိုင်နေတဲ့လူတွေထဲမှာ လမင်းကလွဲလို့ တစ်ယောက်မှ ဂဏှာမငြိမ်ကြဘူး။ ဟိုကြည့် ဒီကြည့်နဲ့၊ လမင်းကတော့ သူ့ရှေ့မှာရှိတဲ့ မြေကြီးကိုပဲ ပထဝီ ကသိုင်းရှုသလို စိုက်ကြည့်နေတယ်။ ဒါပေမယ့် လမင်း ဘာကိုမှ မမြင်ပါဘူး။ တဖြည်းဖြည်း သူကြည့်နေတဲ့ ခံလုံးလို ဟာကလေးက ဝါးလာတယ်။ လက်သီးကလေးတွေ နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်တယ်။

''တော်ပြီ . . . လမင်း ပြန်တော့မယ် . . .''

လမင်းကို သွန်းနှင်းအိမ်က ဖမ်းဆွဲထားတယ်။

''နေပါဦး လမင်းရယ် . . . သူတို့ ဘာဖြစ်နေသလဲမှ မသိတာ၊ သူ လာကို လာမှာပါ''

''တော်ပြီ သွန်းနှင်း၊ ရည်းစားစာပေးတော့ လွဲတယ်၊ ထပ်ပေးတော့ ပြဿနာတက်တယ်၊ အဖြေပေးမယ်ဆိုတော့ ရောက်မလာဘူး၊ ဒီလူမျိုးကို လက်တွဲနေလို့ အပိုပဲ''

''မဟုတ်သေးဘူး လမင်း၊ အခုဟာက မိုးဆွေတစ်ယောက်တည်းမှ မဟုတ်တာ . . .၊ ဝင်းအောင်လည်း ပါတာပဲ . . .၊ သူတို့ ကား Accident တွေ ဘာတွေများ . . . ဘုရား . . . ဘုရား''

မွှေးမွှေးစကားကြောင့် လမင်း နည်းနည်းငြိမ်သွားတယ်။

BURMESE CLASSIC .com

www.burmeseclassic.com


ဟုတ်တယ် ။ ။ ။ ဒီတစ်ခါက မိုးဆွေတစ်ယောက်တည်းသာ မဟုတ်၊ သုံးယောက်စလုံး ပေါ်မလာတာဆိုတော့ ။ ။ ။ ဟု တွေးကာ ပြန်ထိုင်ချရသည်။ မွှေးမွှေးပြောသလိုများ ။ ။ ။ အခု ၁၁ နာရီထိုးပြီးပြီ။ တကယ်ပဲ သူတို့ တစ်ခုခု ။ ။ ။

"ဟော ။ ။ ဟိုမှာ ။ ။ ။ လာနေပြီ ။ ။ ။ လာပြီ ။ ။ ။ လာပြီ"

လောက်စပီကျယ့်အော်သံကြောင့် လှမ်းကြည့်တော့ ။ ။ ။ ကုလားတစ်ယောက်ကို လက်ဆွဲကာ လာနေသော မိုးဆွေ ။ ။ ။ ဘာဖြစ်တာလဲ လမင်း အံ့ဩစိတ်နဲ့ အူတူတူဖြစ်သွားတာ အမှန်ပဲ။ တစ်ဝိုင်းလုံးက လူတွေလည်း တစ်ယောက်မှ နားမလည်နိုင်ကြဘူး။

"လမင်း ။ ။ ။ လမင်း ။ ။ ။ ဟား ။ ။ ။ မောလိုက်တာဟာ ။ ။ ။ ရှိပါဦး မလားလို့"

"ငါ့ကို လာစကားမပြောနဲ့ မိုးဆွေ၊ နင်နဲ့ငါ ပြောစရာမရှိတော့ဘူး"

"ငါ ။ ။ ။ မဟုတ်ဘူး လမင်းရယ် ။ ။ ။ ငါနောက်ကျတာ ။ ။ ။ သူ့ကြောင့်ပါ၊ သူ့ကိုသာ မေးကြည့်ပါတော့ ။ ။"

"ဘာကွ၊ မင်းကြောင့် ငါ့သူငယ်ချင်း နောက်ကျတာ ဟုတ်လား ။ ။ ။ မင်းက ဘာကောင်လဲ ။ ။ ။ ဘာသဘောနဲ့ နှောင့်ယှက်ရတာလဲ"

အမြဲတန်း အေးအေးနေတတ်၊ အားနာတတ်တဲ့ ကိုဝင်းနိုင်က မိုးဆွေဘက်က ကုလားလည်ပင်းကို ဆွဲကိုင်တယ်။ အော်သံတွေ ။ ။ ။ ဆွဲသံတွေ ရှုတ်ကုန်တာပေါ့။

"မဟုတ်သေးဘူး ကိုဝင်းနိုင် ။ ။ ။ မဟုတ်သေးဘူး ။ ။ ။"

"မလုပ်ပါနဲ့ ။ ။ ။ အားကိုတို့ ။ ။ ။ ကျွန်တော်နော် ။ ။ ။ လူကောင်းပါ၊ သော့ပြင်စားတာပါ၊ ဒီအကိုနော် ။ ။ ။ အတင်းခေါ်လို့ လိုက်လာရတာ ။ ။ ။ ကျွန်တော် ဘာမှမသိဘူး"

ကိုရွှေယူနွတ်စကားဆုံးတော့ လမင်းက ဝုန်းဆို ထရပ်ပါတယ်။ ကျွန်တော့်ကို စိုက်ကြည့်နေရင်းက မျက်ရည်တွေ စိမ့်တက်လာတယ်။ ကျွန်တော်လည်း လန့်ပြီး လမင်းလို့ ခေါ်မိတယ် ထင်တာပဲ။

''တော်ပြီမိုးဆွေ . . . တော်လောက်ပြီ၊ ပထမရည်းစားစာ ပေးတုန်းက နင် . . . လောက်စပီကျယ်တို့ကို ခေါ်လာတယ်၊ ဒုတိယအကြိမ် စာပေးတော့ . . . ကိုဝင်းနိုင်နဲ့ မာမာ့ကို ခေါ်လာတယ်၊ ခုတစ်ခါကျတော့ ဒီကုလားကို ခေါ်လာတယ်၊ နင့်မှာ နင့်ဘာသာ အဆင်ပြေတာ ဘာတစ်ခုမှကို မရှိဘူး၊ အေး . . . နင့်အတွက် ငါပေးမယ့်အဖြေက တစ်ခွန်းတည်းပဲ နင့်ကိုငါ . . . သိပ်မုန်းတယ် . . . ဒါပဲ''

''မဟုတ်ဘူး . . . လမင်း . . . လမင်း''

လမင်းက လုံးဝဂရုမစိုက်တော့ဘဲ ဒေါသနဲ့ ထွက်သွားတယ်။ ကျွန်တော့်ဘဝက သွားပြီပေါ့။ ကျွန်တော်ဟာ အမြင်မရှိ၊ အတွေးမရှိ၊ အသိမရှိနဲ့ တော်တော်ကြာ ရပ်နေမိတယ်။

''မင်းက ဘာဖြစ်လို့ ကျွန်တော် ဘာမှမသိဘူးလို့ ပြောရတာလဲ''

''ဟုတ်တယ်လေ . . . အားကို . . . ကျွန်တော်ကသော့ပြင်တဲ့ ကုလား၊ အကိုတို့က တက္ကသိုလ်ကျောင်းသား၊ မိုးနဲ့မြေကွာတယ်အစ်ကို၊ ကျွန်တော်နော် ဘာသိမလဲ၊ ပြီးတော့ ဒီအစ်ကိုနော် . . . ကျွန်တော့်ကို ထိုးဖို့လုပ်တယ်၊ ကျွန်တော် လန့်ပြီးတော့ ပြောမိပါတယ် . . . တကယ်လည်း ဘာမှမသိပါဘူး''

ဝင်းအောင်လည်း စိတ်ညစ်သွားတယ်။

''ငါတို့ မင်းကို ခေါ်လာတာက . . . မင်း ဟိုအိမ်မှာ သော့ဖွင့်တာ ဘယ်လောက်တောင် ကြာတယ်ဆိုတာကို ဒီကအစ်မတွေ သိစေချင်လို့ ခေါ်လာတာကွ''

''အကိုတို့နော် လမ်းမှာ ကျွန်တော့်ကို ပြောပြခဲ့ဖို့ကောင်းတယ်။

www.burmeseclassic.com


ဒါဆိုရင် ကျွန်တော် ကောင်းကောင်းနားလည်ပေးတယ်''

ကျွန်တော် စိတ်ဓာတ်ကျလိုက်တာ မပြောပါနဲ့တော့ဗျာ၊ ကုလားကိုပဲ ဖက်ငိုရမလို ။ ။ ။ ဝင်းအောင်ကိုပဲ ဖက်ငိုရမလို ဖြစ်နေတယ်။ မျိုးဆွေသန်းက အဖြစ်အပျက်တွေကို အတိုချုံးပြီး ရှင်းပြနေတယ်။ နားလည်စပြုသွားတဲ့ ကိုဝင်းနိုင်က ယုန္တတ်ကို တော်တော်လေး အားနာသွားတယ်။

''ကိုယ်တောင်းပန်ပါတယ် ယုန္တတ်ရာ ။ ။ ။၊ ကိုယ်ကလည်း မင်းကြောင့် နောက်ကျတယ်ဆိုတော့ ကိုယ့်သူငယ်ချင်း အဝင်အထွက်ကောင်းအောင် မင်းကို ထပွဲကြမ်းကြည့်တာပါ၊ တကယ်မဟုတ်ပါဘူး''

''ရပါတယ် အားကို ။ ။ ။ မတောင်းပန်ပါနဲ့၊ အားကိုတို့ကိုနော် ကျွန်တော် အမြဲပဲ လေးစားပါတယ်''

"ကဲ ။ ။ ။ ယုန္တတ် ။ ။ ။ မင်းလည်း ငိုမိတ်ဆွေပါပဲကွာ ။ ။ ။ မင်းကိုလည်း ငါခင်ပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ နောက်ဆုံကြသေးတာပေါ့''

ယုန္တတ်က သူ့သေ့တွဲတွေ ကောက်ထမ်းပြီး ထွက်သွားတယ်။ ကျွန်တော်ကတော့ ဘယ်လိုနေရမှန်းကို မသိတော့ဘူး။ ငါ့ကို တစ်ပတ်လုံး အကြောပေးထားပြီး နောက်ဆုံးကျမှ ခြေထိုးခံတဲ့ ကံကြမ္မာစောင့်နတ်ကို မုန်းနေမိတယ်။

"ကဲ ။ ။ ။ ဒါဆို အားလုံးရှင်းနေတာပဲ ။ ။ ။ လွဲတော့လွဲတယ်၊ ဒါပေမယ့် ယုတ်မာတာ တစ်ခုမှမှ မပါတာ ။ ။ ။၊ မိုးဆွေ ။ ။ ။ သွား လမင်းနောက်လိုက်ရှင်းလိုက်၊ မြန်မြန်သွား ။ ။ ။''

''မရတော့ပါဘူး သင်းသင်းသာရယ် ။ ။ ။၊ သူက မုန်းတယ်အဖြေပေးပြီးပြီပဲ''

"နင် ရူးနေသလား၊ အဲဒါ ။ ။ ။ ဒီကိစ္စကြောင့် ပြောသွားတာဟဲ့ ။ ။ ။ နင် လိုက်ရှင်းလိုက် ။ ။ ။''

"ရပ့်မလားဟာ ။ ။ ။"

''ဘာလို့ မရရမှာလဲ၊ ပထမကတည်းက လမင်းက နင်ချော့တာဆို သိပ်ခံချင်တာ . . .၊ ငါတို့ကချည်း အရင်ဝင်ဝင်ရှင်းနေရလို့၊ အခုကိစ္စကတော့ နင် အရင်ပြောမှကို ရမှာ . . .၊ ငါတို့နောက်က ဝင်ပေးမယ် သိလား၊ သွား . . . လိုက်သွား''

ကျွန်တော် . . . ဇဝေဇဝါဖြစ်သွားတယ်။ လမင်းနောက် မလိုက်ရဲတာလည်း အမှန်ပဲ။ အားနာတာရယ်၊ ရှက်တာရယ်၊ ကြောက်တာရယ်နဲ့။ ပြီးတော့ လမင်းက မုန်းတယ် . . လို့ ပြောသွားပြီပြီ မဟုတ်လား။

''ဟော့ကောင် မိုးဆွေ၊ သွား . . . အမြန်လိုက် . . . လမင်းကို ရအောင်သာ တောင်းပန်ကွာ . . .၊ ငါတို့ သက်သေရှိတာပဲ . . . ကျန်တာ ငါတို့ ပြောပြမယ်''

ကျွန်တော် တအားထပြေးလာခဲ့တယ်။ သူတို့ပြောတာ ဟုတ်တာပဲ။ အမှန်ဆို . . . ခုနက ကတည်းက ထလိုက်ရမှာ . . .။ လမင်းက မုန်းတယ်ပြောတာနဲ့ ကျွန်တော်လည်း ထူအူပြီး အသိဉာဏ်တွေ ထုံကုန်တာကိုး . . .။

●

လူမြင်ကွင်းထဲမှာ ခပ်သွက်သွက်မာန်နဲ့ လျှောက်ခဲ့ပေမယ့် ကော်ရစ်တာကို ချိုးလိုက်တာနဲ့ . . . လမင်း အရှိန်ကို လျှော့ပစ်လိုက်တယ်။ လမင်းရင်ထဲမှာ တနုံ့နုံ့နဲ့ ခုချိန်ထိ ခံစားနေရတုန်း . . .။ ပြောရင်ပြောသလို ဘယ်တော့မှ မဖြစ်တဲ့လူ . . .။ ရင်ခုန်ရမယ့်ကိစ္စဆို အမြဲတမ်း

www.burmeseclassic.com


ပြဿနာတက်တဲ့လူ ‥‥။ အမှန်ဆို ဒီနေ့ဟာ ဘယ်လောက်ပျော်ရွှင်ရင်ခုန်ရမယ့် နေ့မျိုးတဲ့လဲ။

အခု ‥‥ရောက်လာတော့ ဆယ့်တစ်နာရီကျော်နေပြီ။ ပြီးတော့ ဘယ်က သော့ပြင်ကုလားမှန်းမသိ ခေါ်လာသေး။ ပြီးတော့‥ ကုလားက ဘာမှ မသိဘူးတဲ့၊ မုန်းတယ် ‥‥ မုန်းတယ် ‥‥ ဒီလိုအရှက်ခဏခဏခွဲနေတဲ့ လူမျိုးကိုမှ ချစ်တယ်လို့ အဖြေပေးရင် ‥‥ နင်ဟာ ရူးနေလို့ပဲ ဖြစ်ရမယ် လမင်း ‥‥။

ဒါပေမယ့် ‥‥ ကော်ရစ်တာမှာ လမင်း ဖြေးဖြေးပဲလျှောက်လာတာ သူနောက်က လိုက်ရှင်းမှာပဲဆိုတဲ့ မျှော်လင့်ချက်မျိုးနဲ့တဲ့လား ‥‥။

"မဟုတ်ဘူး ‥‥"

လမင်း အသံထွက်အောင် ငြင်းရင်း ‥‥ ခေါင်းငုံ့လျှောက်လို့ မျက်နှာရှေ့ကို ဖုံးနေတဲ့ ဆံပင်တွေကို ဖယ်လိုက်တယ်။ အဲဒီအချိန်မှာ အနောက်က တရှပ်ရှပ်နဲ့ ခြေသံကို စကြားပါတယ်။ လမင်း ဖျပ်ခနဲ အသိစိတ်တွေ ‥‥ လှုပ်သွားတာ ဝန်ခံရမယ်။ ဟုတ်တယ်လေ ‥‥ သူလာရှင်းမှ သူ့ရင်ထဲမှာ အကြိတ်အခဲဖြစ်နေတာတွေကို ပြောပြလို့ ရမှာပေါ့။ အော်မယ် ဟစ်မယ်၊ ထုမယ် ရိုက်မယ်။ ငိုချင်လည်း ငိုမှာပေါ့။

ဒါပေမယ် ‥‥ လမင်းကို ကျော်တက်သွားတာ မျက်မှန်ထူထူနဲ့ ကျောင်းသားတစ်ယောက် ‥‥။ လမင်း သည်းမခံနိုင်တော့ဘဲ နောက်ကို လှည့်ကြည့်ပစ်လိုက်တယ် ‥‥။

ကော်ရစ်တာက ရှင်းလို့ ‥‥။

"ကောင်းပြီ ‥‥"

လမင်းက ခပ်ထေ့ထေ့ပြုံးရင်း လွယ်အိတ်ထဲက စာကို ဆွဲထုတ်လိုက်တယ်။ ဒါ ‥‥ မိုးဆွေကို အဖြေပေးဖို့ လမင်း ရေးထားတဲ့ စာပါ။

"ဒီစာကို နင်တစ်သက်လုံး မဖတ်စေရဘူး မိုးဆွေ ‥‥။ နင်

ဘယ်တော့မှ မဖတ်စေရဘူး''

လမင်းတစ်ယောက်တည်း အော်ပြောပစ်လိုက်တယ်။ ပြီးတော့ စာကိုဖြဲဖို့ ဟန်ပြင်ပြီးမှ ငါပူလောင်သလို နင်လည်းပူလောင်စေရမယ်။ လို့ . . . တွေးပြီး လမင်း စာကိုကိုင်ရင်း လျှောက်လာတယ်။ ကော်ရစ်တာ တစ်ခုကို ထပ်ချိုးတော့ ဆေးလိပ်သောက်နေတဲ့ ကျောင်းသားတစ်ယောက် ကို တွေ့တယ်။ လမင်း ခပ်တည်တည် ကျောင်းသားရှေ့မှာ ရပ်လိုက် တယ်။

''ဒီမှာ . . . မီးခြစ် ခဏငှားစမ်းပါ''

''ခင်ဗျာ''

''မီးခြစ်ကို ပြောတာ . . . မီးခြစ်''

လမင်း လက်ကိုကွေးချည်ဆန့်ချည်လုပ်ပြတာကို ကျောင်းသား က ငေးနေတယ်။ အင်းပေါ့လေ . . . ကျောင်းသူတစ်ယောက်က မီးခြစ် လာတောင်းတာဆိုတော့ သူလည်း ကြောင်သွားမှာပေါ့။ ပြီးတော့ လမင်း ပုံစံကလည်း ဒေါသကြောင့် မျက်နှာထားက မာနေတာ မဟုတ်လား။ ကျောင်းသားက နှုတ်ခမ်းက စီးကရက်ကို ဆွဲဖယ်ရင်း . . .

''ကျွန်တော့်မှာ . . . မီးခြစ်မပါဘူးခင်ဗျ၊ လူများဆီကနေ တို့ထား တာ''

လမင်း ချာခနဲ လှည့်ထွက်လာခဲ့တယ်။ ဒေါသက ရင်ထဲမှာ ပိုကြီးလာသလိုပဲ ခံစားရတယ်။ ရှေ့မှာ ကျောင်းသားတစ်ယောက်ကို ထပ်တွေ့တယ်။ ဆေးလိပ်တော့ သောက်မနေဘူး။ ဒါပေမယ့် မီးခြစ်ကို ကိုင်လို့ . . . တွေ့ကြသေးတာပေါ့။

''မီးခြစ် . . . ခဏလောက် ငှားပါလား''

''ဗျာ . . .''

ဒီကျောင်းသားလည်း ခုနက ကျောင်းသားလိုပဲ . . . အံ့သြသွား

www.burmeseclassic.com


ပုံရတယ်။

"ရှင့်လက်ထဲက မီးခြစ်ကို ပြောတာ . . ."

"ဪ. . ."

သူ့လက်ထဲက မီးခြစ်ကို သူပြန်ငုံ့ကြည့်နေတဲ့ ကျောင်းသားကို စိတ်မရှည်တော့တာနဲ့ လမင်း မီးခြစ်ကို ဆွဲယူလိုက်တယ်။ ကျောင်းသားက တအံ့တသြ မော့ကြည့်တယ်။ လမင်းက ကျောင်းသားကို ပြုံးပြရင်း . . . လက်ထဲကစာကို ထောင်ပြီး မီးခြစ်ကို ခြစ်တယ်။ မီးပဲ ပွင့်တယ်၊ မီးမတောက်ဘူး။ ဒေါသနဲ့ ထပ်ခြစ်တယ်၊ မီးတောက်က မရဘူး။ သုံးခါ. . . လေးခါ. . . ငါးခါ. . . ခြောက်ခါ. . .။

"ဟို . . . ကျွန်တော့်မီးခြစ်က Gas ကုန်နေတာခင်ဗျ။ အဲဒါကြောင့် ကျွန်တော်တောင် ဆေးလိပ်မသောက် . . ."

"ဘာ Gas မရှိဘူး ဟုတ်လား။ ဒီလောက်စုတ်နေတဲ့ မီးခြစ်ကို ဘာဖြစ်လို့ ကိုင်နေသေးလဲ။ လွှင့်ပစ်လိုက်ပါလား။ ဟုတ်တယ်"

စိတ်ပေါက်ပေါက်နဲ့ ကြောင်နေတဲ့ ကျောင်းသားနံဘေးက ကော်ရစ်တာမှာ မီးခြစ်ကို ဂွပ်ခနဲမြည်အောင် ဆောင့်တင်ပြီး လမင်း ထွက်ခဲ့တယ်။ လူပုံစံကြည့်တော့ Style ဘောင်းဘီနဲ့ ဘာနဲ့၊ မီးခြစ်ကိုကျတော့ Gas မရှိဘူးတဲ့။ လူတွေဟာ အလကားပဲ။

လမင်း ဒေါသနဲ့လျှောက်လာရင်း စိတ်ထဲမှာ တော်တော့်ကို ခံပြင်းလာတယ်။ ဒီစာကို မီးရှို့ရဖို့ ဒီလောက် ခက်ခဲသလား။ ရတယ် ဒါဆိုလည်း ရတယ်။ ဟောဒီစာ အပိုင်းပိုင်းပြဲသလို နင့်ဘဝလည်း အပိုင်းပိုင်းပြဲစေတော့ မိုဆွေ. . . ကဲ. . . ကဲ. . . ကဲ. . . .။

လမင်း စာတွေကို လမ်းလျှောက်ရင်း ဖြဲချပစ်လိုက်တယ်။ ပျော်ပျော်ရွှင်ရွှင်ကြီးတော့ မဟုတ်ပါဘူး။ ရင်ထဲမှာ . . . တစ်ခုခုဟာသွားသလိုပါပဲ။

www.burmeseclassic.com


''ဟေ့ . . . တပည့်၊ စာရွက်တွေကို ဘာဖြစ်လို့ ကော်ရစ်တာမှာ ဒီလိုပွစာကြဲအောင် ဖြဲပစ်ရတာလဲ''

လမင်းလှမ်းကြည့်လိုက်တော့ အသက် (၅၀)ခန့် မျက်နှာခပ်ထန်ထန်နဲ့ ဆရာမတစ်ယောက်၊

"ဟို့လေ . . . တီချယ် . . . သမီးက . . . ."

''အေး . . . Keep your campus clean . . . ဆိုတာ မင်း သိတယ်မဟုတ်လား၊ တက္ကသိုလ်ကျောင်းသူတစ်ယောက် ဒီလို စည်းကမ်းမဲ့တာ တီချယ်မကြိုက်ဘူး၊ ဟိုမှာ အမှိုက်ပုံးရှိသားနဲ့ . . .။ ကဲ . . . မင်း ဖြဲထားတာတွေ အကုန်ကောက်ပြီး အမှိုက်ပုံးထဲထည့် . . ၊ ကြားလား''

"ဟုတ် . . . ဟုတ်ကဲ့ . . . တီချယ် . . ."

တီချယ်က နံဘေးနားက ဆင်နားရွက်တံခါးလေးကို တွန်းဖွင့်ကာ ဝင်သွားပါတယ်၊ လမင်း ဒေါသထွက်နေရာက ချက်ချင်း ဝမ်းနည်းကာ မျက်ရည်ဝဲရင်း . . . လောကကြီးမှာ သူ့ကို နားလည်တဲ့လူ မရှိတော့ဘူးတဲ့လား။ ဒီလောက်မုန်းဖို့ကောင်းတဲ့ လူတစ်ယောက်ကို ပေးဖို့ ရေးထားတဲ့စာကို သူဖျက်စီးခွင့် မရတော့ဘူးတဲ့လား။

ကျွန်တော် အားလုံးမြင်ပါတယ်။

လမင်းက သူဖြဲထားတဲ့ စာရွက်တွေနားမှာ ငုတ်တုတ်ကလေးထိုင်ပြီး ခေါင်းငုံ့ချထားတယ်။ ကျွန်တော် လမင်းကို ခုမှ မီလာတာပါ။ ကော်ရစ်တာအကွေ့မှာ ဆရာမ စကားပြောသံကြားလို့ ရပ်နေတော့မှ လမင်းကို ပြောရမှန်း သိရတာ။

လမင်းဟာ ခဏတော့ ငြိမ်နေသေးတယ်ခင်ဗျ။

နောက်တော့မှ ရှေ့က ဖြဲထားတဲ့ စာရွက်ကလေးတွေကို ငုတ်တုတ်ရွှေ့ရင်း ရွှေ့ရင်း ကောက်တယ်။ ကျွန်တော်အနားကို ရောက်လာတာ လမင်း မမြင်ပါဘူး။ သူ့ဆံပင်ရှည်တွေက သူ့မျက်နှာကို

BURMESE CLASSIC .com

www.burmeseclassic.com


ဖုံးနေတာ ကျွန်တော် အသာလျှောက်လာရင်း လမင်းဖြဲထားတဲ့ စက္ကူစတွေ စတွေ့တဲ့နေရာမှာ ငုတ်တုတ် ထိုင်ချပြီး စက္ကူစတွေကို လှမ်းကောက်လိုက်တယ်။

စက္ကူစက ခေါက်ရက်ကလေး အဖြဲခံထားရတာပါ။ ကျွန်တော် လက်ညှိုး လက်မနဲ့ အသာပွတ်ပြီး ကြည့်တော့ . . ''ချစ်တယ်'' ဆိုတဲ့ စကားလုံးကလေး . . . ။ ''ချစ်'' ဆိုတဲ့ စာလုံးရဲ့ ခကွေးထိပ်စကလေး ကတော့ ပြတ်နေတယ်။ ဒါပေမယ့် ဒါ . . . ချစ်တယ်ဆိုတဲ့ စကားလုံးဆိုတာ သေချာပါတယ်။

ကျွန်တော် အရမ်းပျော်သွားတယ်။ ပြီးတော့ . . . အရမ်းလည်း ဝမ်းနည်းသွားတယ်။ ဘာဖြစ်လို့လဲ မသိဘူး . . .၊ ကျွန်တော် မျက်ရည်တွေ ဝဲလာတယ်။ ကျွန်တော့်နှလုံးသားကို တစ်စုံတစ်ခု ထိခိုက်သွားတာ တော့ အမှန်ပဲ။ ကျွန်တော်တို့ စာရွက်အပိုင်းအစတွေ တိတ်တဆိတ် ကောက်ကြရင်း နောက်ဆုံး သွားဆုံကြတယ်။ လမင်းက လန့်ပြီး မော့ကြည့်တယ်။ သူ့မျက်ဝန်းမှာလည်း မျက်ရည်တွေဝဲလို့ . . .။

ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် ငုတ်တုတ်ပဲ ငေးနေ ကြတယ်။

''လမင်း . . .''

ကျွန်တော့်အသံက ဆို့နစ်ပြီး ထွက်လာတယ်။

လမင်းက တစ်ချက်ရှိုက်လိုက်ပြီး ကျွန်တော့်လက်မောင်းကို လှမ်းဆုပ်ရင်း . . . ရင်ခွင်ထဲ အတင်းတိုးဝင်တယ်။

''လမင်း''

ဒီတစ်ခါတော့ ကျွန်တော်ကြောက်လန့်တကြား အော်တာပါ။

ဘာဖြစ်လို့လဲဆိုတော့ ရုတ်တရက်ကြီး အရှိန်နဲ့ တိုးဝင်လာတဲ့ လမင်းခန္ဓာကိုယ်ကို ငုတ်တုတ်ထိုင်ထားတဲ့ ကျွန်တော်က ဘယ်ထိန်းနိုင်

ပဲ့မလဲ။

ကျွန်တော်တို့ နှစ်ယောက်စလုံး ကော်ရစ်တာမှာ လဲတာပေါ့။

ပိုးလိုးပက်လက်ကို လန် ‥ ‥ ‥ လို့။

●

ချစ်သူရည်းစား ဘဝဆိုတာတော့ ပျော်စရာတွေချည်းပဲပေါ့ဗျာ။

ပျော်စရာဆိုလိုလည်း ထွေထွေထူးထူးတော့ မဟုတ်လှပါဘူး။ ဝတ္ထုတွေ ‥ ‥ ‥ ရုပ်ရှင်တွေနဲ့ ရှေးက ချစ်သူသမီးရည်းစားတွေ လုပ်ခဲ့သလို လိုက်လုပ်ကြတာပါပဲ။ ကန်ရေရိပ်မှာ ထိုင်တာတို့၊ လက်ကလေးကိုင်ပြီး အဓိပတိလမ်းမှာ လျှောက်တာတို့ ‥ ‥ ‥၊ အုပ်စုလိုက်ကြီး လျှောက်သွားသောင်းကျန်းကြတာတို့ ‥ ‥ ‥ စိတ်ကောက်တာတို့၊ မွေးနေ့တွေ ဘာတွေမှာ လက်ဆောင်တွေ ပေးတာတို့၊ တစ်ခါတစ်လေ အာပွားကလေး ဘာလေး ပေးတာတို့ပေါ့ဗျာ ‥ ‥ ‥။

သူ့ကို ငါက ပိုင်တယ်၊ သူက ငါ့ကို ပိုင်တယ်။ သူနဲ့ငါနဲ့က ချစ်သူ ‥ ‥‥ ‥ အစရှိတဲ့ စိတ်ခံစားချက်ကသာ ထူးခြားတာပါ။ နေ့တော်တော်များများက သာမာန်သူငယ်ချင်းဘဝ နေ့တွေလိုပါပဲ။

ဒီလိုနဲ့ စာမေးပွဲရက်နီးလာတော့ အုပ်စုတွေလည်း ကွဲကုန်တယ်။

www.burmeseclassic.com


စာမေးပွဲဆိုတာ ကျောင်းသားတွေကို အလုပ်ရှုပ်အောင် လုပ်စမြဲ မဟုတ်လား။

ကိုဝင်းနိုင်နဲ့ မာမာကလည်း သူတို့မေဂျာနဲ့ သူတို့ အလုပ်ရှုပ်ကြ၊ Honours ပထမနှစ်က လောက်စပီကျယ်တို့လည်း သူတို့ဘာသာ အရှူးမီးဝိုင်း ဖြစ်နေကြနဲ့။ မေဂျာတူတဲ့ ကျွန်တော်တို့မူလအုပ်စုပဲ ကျန်ခဲ့တာ။

ဩော် ． ． ． မျိုးဆွေသန်းအဖြစ်ကို ပြောရဦးမယ်။

ဒီကောင် အထူးသဖြင့် မရမ်းပြား ． ． ． မစားလိုက်ရဘူးခင်ဗျ။

သူက ငါးစိမ်းမြင် ငါးကင်ပစ်ချင်လို့ မဟုတ်ပါဘူး။ ဟိုနှစ်ကောင်က ငါးစိမ်းဆိုလည်း အတူတူဖြစ်၊ ငါးကင်ဆိုလည်းပြိုင်တူဆိုတော့ ဒီကောင် ဘာလုပ်ရမှန်း မသိလို့ပါ။ ကျွန်တော်တို့လည်း အတန်းချည်း ဖိတက်နေရတာ ． ． ． စာမေးပွဲဆိုတာကလည်း နီးလာလေလေ ကြောက်စရာကောင်းလေလေပါပဲဗျာ။ ချစ်သူချင်းတောင် အေးအေးဆေးဆေး မတွေ့ရဘူး။ တစ်ခါတစ်လေ ． ． ． လက်တွေ့ခန်းမှာ နှုတ်ဆက်လိုဆက်ရ ． ． ．၊ ကျောင်းဆင်းမှ ခဏဆုံလို ဆုံရ၊ ခဏထိုင်ပါဦးဆိုလည်း လမင်းက စာတွေမရသေးလို့ဆိုပြီး ပြန်လစ်တာပဲ ခင်ဗျ။

ကျွန်တော်ကရော ဘာဘူးလို့လဲ ． ． ．။ အခုမှ နပန်း စလုံးကာစပဲ ရှိသေးတာ။

ဒီနှစ်နောက်ဆုံးနှစ် ဆိုပေမယ့် ကျွန်တော်နဲ့ လမင်း ကျောင်းပြီးရင် လက်ထပ်မယ် ဘာညာ မရှိပါဘူး။ ကျွန်တော်က ရည်းစားသက်ကို ရှည်စေချင်တယ်ဗျာ ． ． ．။ တစ်သက်လုံးလက်တွဲရမယ့် အဖော်ကို ချစ်သူဘဝမှာ သံယောဇဉ်အကြီးအကျယ်ထားချင် ဖြစ်ချင်သေးတယ်။ ဒါကို လမင်းကလည်း သဘောတူပါတယ်။

ဒီလိုနဲ့ စာမေးပွဲတွေ စဖြေကြတယ်။

Major ဘာသာတွေ မဆိုးပါဘူး။ အောင်မှတ်ရအောင် ဖြေနိုင်ကြပါတယ်။ ဝင်းအောင်ကတော့ ထုံးစံအတိုင်းပေါ့။ သူ့ရမှတ်ကို သူတွက်တာ အဖြေက တစ်သန်းလောက် ထွက်နေတယ်။ နောက်ဆုံး ဘာသာဖြေရမယ့်ရက်ကို ရောက်တော့ သူငယ်ချင်းတွေအားလုံး စုံနေတာကို တွေ့ရတယ်။ လောက်စပီကျယ်တို့ရော၊ ကိုဝင်းနိုင်တို့ရောပဲ။ ထုံးစံအတိုင်း ပေါ့ . . . စာမေးပွဲပြီးရင် စုပြီး တစ်နေရာ သွားကြမယ်ပေါ့။

ဒါပေမယ့် လမင်းကြည့်ရတာ မျက်နှာ သိပ်မရွှင်ဘူးခင်ဗျ။ ကျွန်တော်က မေးတော့ . . .

''ပြောစရာရှိတယ်၊ အရေးလည်းကြီးတယ်၊ သူ စောစောပြီးရင် ဂျပ်စင်အောက်ကို လာခဲ့နော် . . . လမင်းလည်း ပြီးတာနဲ့ ထွက်ခဲ့မယ်''

''ဟာ . . . ပြောစရာရှိရင် ခုပြောကွာ . . . စာမေးပွဲဖြေတဲ့လူကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်နဲ့''

''ပြီးမှပြောတာ ပိုကောင်းပါတယ်၊ သူ စိတ်အေးအေးထားဖြေ၊ ပြီးတာနဲ့ လာခဲ့နော် . . . သွားမယ်''

လမင်းက သူဖြေရမယ့် အခန်းဘက်ထွက်သွားတယ်။ အချိန်နီးနေလို့ ကျွန်တော်လည်း ထွက်ခဲ့ရတာပေါ့။ နောက်ဆုံးဘာသာက Minor ဆိုတော့ ဖြေရတာ လွယ်ပါတယ်။ လက်တွေ့ရက်လည်း မှန်းထားတော့ ခြောက်ဆယ်ဖိုးလောက်ဖြေရင်ပဲ အောင်ဖို့က သေချာနေပြီ၊ စာမေးပွဲဖြေရင်း လမင်းပြောမှာ ဘာလဲလို့တော့ တစ်ခါနှစ်ခါ တွေးမိသေးတယ်။ ပြီးတော့လည်း . . . စာဇောနဲ့ မေ့သွားတာပါပဲ။

အဖြေလွှာ အပ်လို့ရပြီဆိုတာနဲ့ ကျွန်တော် အခန်းထဲက ထွက်တာပဲ။ စာမေးပွဲဖြေပြီးတဲ့ အချိန်ဟာ တော်တော့်ကို အရသာရှိတယ်ဗျာ။ ဘယ်သစ်သီးဝလံနဲ့ ဘယ်အစားအစာမှာမှ အဲဒီလို အရသာမျိုးမရှိဘူး။

ကျွန်တော် ဂျပ်စင်အောက်ရောက်တော့ စာမေးပွဲအချိန်စေ့ဖို့

www.burmeseclassic.com


မိနစ်လေးဆယ်လောက် လိုပါသေးတယ်။ လမင်းကိုလည်း မတွေ့ပါဘူး။ ဒါနဲ့ ကျွန်တော် လမင်းပြောမှာ ဘာလဲလို့ တွေးကြည့်ပါသေးတယ်။ နောက်တော့လဲ တွေးမရတာနဲ့ ဆက်မတွေးတော့ပါဘူး။ စာမေးပွဲပြီးရင် ဘယ်သွားမလဲလို့ တစ်ခါတွေးမိတယ်။ ဒါကလည်း မရေရာပါဘူး။ လူစုံရင် တစ်ယောက်တစ်ပေါက်နဲ့ ရောက်ချင်ရာ ရောက်သွားမှာပါပဲ။ နောက်ပြီး ဘယ်ပဲရောက်ရောက်ပါ . . .၊ ကျွန်တော့်အတွက်တော့ အရေးမကြီးပါဘူး။

ဒါနဲ့ပဲ ဆေးပေါ့လိပ်ကလေး ထုတ်ဖွာနေလိုက်တယ်။

ဆယ်မိနစ်လောက်ကြာတော့ အပြင်ထွက်လာတဲ့ ကျောင်းသားတွေ နည်းနည်းများလာပြီ။ လမင်းကတော့ မလာသေးဘူးခင်ဗျ။ ဖြေမှ ဖြေနိုင်ရဲ့လားလို့တောင် ကျွန်တော်တွေးမိသေးတာ . . .။ ဒါပေမယ့် လမင်းက စာတော်ပါတယ်။ အောင်ရုံတော်တယ် ပြောတာနော် . . .။ အရမ်းတော်ရင် ရန်ကုန်တက္ကသိုလ်မှာ ဘယ်လာတွေ့ပါ့မလဲ။ ဘာဖြစ်လို့ ခုထိ ထွက်မလာသေးတာလဲတော့ ကျွန်တော်လည်း မသိဘူး။

''သားရေ . . . သား . . . ရုက္ခဗေဒကျောင်းသားတွေ ဘယ်အဆောင်မှာ ဖြေတာလဲကွယ့်''

မော့ကြည့်တော့ အသက်ငါးဆယ်အရွယ် မိန်းမကြီးခင်ဗျ။ သပ်သပ်ရပ်ရပ် ဖီးလိမ်းပြီး ဆံပင်ကိုလည်း ထုံးထားတယ်။ မြန်မာနိုင်ငံမှာ တွေ့နေကျ အဖွားကြီးတွေလိုပဲပေါ့ဗျာ။ လည်မှာ ဆွဲထားတဲ့ ဘတ်ကြိုးကြီးကို ရင်ဘတ်ရှေ့ ချထားတယ်။ ကြိုးကြီးက ကြီးသလား မမေးနဲ့ . . . တစ်ပိသာလောက်များ ရှိမလား မသိဘူး။ ဥပဓိရုပ်ကတော့ တော်တော် ခန့်ခန့်ချောချောကြီးပါ။

''ရုက္ခဗေဒ . . . ဆိုရင် ပထဝီဆောင်မှာ အန်တီ . . .''

''ပထဝီဆောင်၊ အေးကွယ် . . . အန်တီတို့တုန်းကတော့ ပထဝီ

ဆောင်က ဟိုးဘက်မှာပဲ ။ ။ ။ အဲဒီမှာလား''

''အာ ။ ။ ။ မဟုတ်ဘူးခင်ဗျ ။ ။ ။ ဒီဂျပ်ဆင်လမ်းကလေးကသွားပြီး ညာချိုးရင် ။ ။ ။ ပြီးတော့ ။ ။ ။ မထူးပါဘူးအန်တီ၊ ပြောရင် ရှုပ်ကုန်မယ်၊ လာ ။ ။ ။ ကျွန်တော်လိုက်ပြမယ်''

ကျွန်တော်လည်း အားနေတာနဲ့ထပြီး ။ ။ ။ သူ့ကို ပထဝီဆောင်ကို လှမ်းမြင်တဲ့အထိ ပြလိုက်ပါတယ်။ အန်တီကြီးက မင်းရော ဖြေနိုင်ရဲ့လား တွေ ဘာတွေ မေးသေးတယ်။ ကျွန်တော်လည်း ဂုဏ်ထူးမှတ်တော့ ရမယ် ထင်တာပဲတွေ ဘာတွေ ရှီးရတာပေါ့။ ဟုတ်တယ်လေ ။ ။ ။ လူကြီးဆိုတာက လူငယ်တွေတွေ့ရင် စာကြိုးစားမှ ကြိုက်တာမဟုတ်လား။

''ဟောဒီအဆောင် အပေါ်ထပ် လေးခန်းစလုံးက ရက္ခဗေဒ အခန်းတွေချည်းပဲ အန်တီ၊ အန်တီ ကံကောင်းတယ်၊ ကျွန်တော်လည်း ရက္ခဗေဒကမို့ သိနေတာ ။ ။ ။''

''သြော် ။ ။ ။ အေးအေး ။ ။ ။ ကျေးဇူးပါပဲ သားရယ်'

အမှန်ဆို ကျွန်တော် အန်တီကြီးကို အခန်းရှေ့အထိ လိုက်ပို့ ချင်တာပါ။ လမင်းနဲ့ချိန်းထားတာရှိလို့သာ ပြန်ခဲ့ရတာ။ ကျွန်တော် ရောက်ပြီး ခဏကြာတော့ လမင်းရောက်လာတယ်။ လမင်းက တွေ့တာနဲ့ ဖြေနိုင်လား ဘာလားတောင် အရင်မမေးတော့ဘူး။ ကျွန်တော့်လက်မောင်း ကို အားကိုးတကြီးဆုပ်ကိုင်ပြီး ဂျပ်ဆင်လှေကားမှာ ထိုင်တယ်။

''မိုးဆွေ ။ ။ ။ အိမ်က လမင်းကို ယောက်ျားပေးစားနေပြီ''

''ဟင် ။ ။ ။ ဟုတ်လား''

''ဟုတ်တယ်မိုးဆွေ၊ ကျောင်းစာမေးပွဲပြီးတာနဲ့ စေ့စပ်မှာတဲ့''

''ဟာ ။ ။ ။ မြန်လှချည်လား၊ အရိပ်မပေး အကောင်မထင်နဲ့ ပြုန်းစားကြီးပါလား''

www.burmeseclassic.com


''ဟုတ်တယ် ။ ။ ။ မေမေက ကြိုပြီးကြံစည်ထားတာ ။ ။ ။ မနေ့က အဲဒီလူကြီးလာရင်း ပြောနေတာ လမင်းသိသွားတယ်ဆိုမှတော့ မေမေက တရားဝင် အသိပေးတာ ။ ။ ။''

''ဘယ်ကလူတဲ့လဲ ။ ။ ။ ဘယ်သူလဲ''

''ပီတာတဲ့ ။ ။ ၊ မိုးကုတ်ကဆိုလား ကျောက်မဲကဆိုလား သူဌေး တဲ့၊ လူပုံက ပုကွကွ ဂင်တိုတိုနဲ့ မျက်နှာက လူလည်ပုံပဲ၊ ပြီးတော့ အသက်က မေမေ့ထက် နှစ်နှစ်လောက်ပဲ ငယ်တာ ။ ။ ။''

''ဟာ ။ ။ ။ မယူဘူးလို့ ငြင်းလိုက်ပေါ့ လမင်းရဲ့''

လမင်းက ကျွန်တော့်ကို တအံ့တသြ မော့ကြည့်တယ်။

''ဒီလောက်လွယ်မှတော့ နင့်ကို ပြောပါတော့မလား၊ မေမေက သူစီစဉ်တာကို လွန်ဆန်လို့ လွယ်လွယ်ရတဲ့ မိန်းမမျိုးမဟုတ်ဘူး။ စီစဉ်ထားရင် ဖြစ်အောင်လုပ်တာ''

''ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ''

''နင် ငါ့ကို ဒီနေ့ပဲခိုးတော့ မိုးဆွေ''

လမင်းစကားကြောင့် ကျွန်တော် တော်တော်အံ့သြသွားတယ်။ ဒါ ။ ။ ။ ကျွန်တော် လုံးဝမထင်မှတ်ထားတဲ့ကိစ္စ၊ ကျွန်တော်တို့က ပြည့်စုံ ချမ်းသာနေတဲ့ မိသားစုလည်း မဟုတ်ဘူး။ ဒါ ။ ။ ။ ထားတော့၊ လောလော ဆယ်ကို ကျွန်တော့်မှာ ပိုက်ဆံတစ်ထောင်ပြည့်အောင် မပါဘူး။

''မိုးဆွေရယ် ။ ။ ။ ငါ နင့်ကို မခွဲနိုင်ဘူးဟယ် ။ ။ ။၊ ငါ ။ ။ နင့်ကိုပဲ လက်ထပ်ချင်တယ်''

အဲဒီစကားနဲ့အတူ လမင်းက ကျွန်တော့်ရင်ခွင်ထဲ ပုံကျလာ တယ်။ ကိုယ့်ဆရာပဲ စဉ်းစားကြည့်ဗျာ ။ ။ ။ ဘယ်ပုထုဇဉ်မှ မခံနိုင်တဲ့ စကားနဲ့ အပြုအမူမျိုးပါ။ ကျွန်တော် လမင်းကို ပြန်ဖက်ထားတယ်။ ကျွန်တော့်နှလုံးသား ကျင်ပြီး ခံစားမှုက အိနေတာပဲ။

ဟုတ်တယ် ။ ။ ။ လမင်းကို ကျွန်တော်ခိုးရမယ်။ ကျွန်တော် အခု ဖက်ထားသလို ကျွန်တော့်ချစ်သူကို တစ်ခြားတစ်ယောက်က တစ်သက်လုံး ဖက်သွားမှာ ခင်ဗျားခံနိုင်သလား။ ဒါနဲ့တင် ကျွန်တော် ခိုးဖို့ ဆုံးဖြတ်လိုက်တယ်။

''စိတ်ချ လမင်း ။ ။ ။ နင့်ကို ငါ ခိုးမယ်''

ကျွန်တော်တို့နှစ်ယောက် ပီတိနဲ့ တစ်ဦးနဲ့တစ်ဦး တင်းတင်းကြီးကို ဖက်ထားကြမိတယ်။

''သမီး ကြည့်စမ်း ။ ။ ။ ကြည့်စမ်း၊ အမိုက်မ ။ ။ ။ လာစမ်း ဒီကိုလာစမ်း''

"ဟင် ။ ။ မေမေ ။ ။ မေမေ ။ ။ ။"

''ဘာမေမေလဲ၊ လာစမ်း ။ ။ ။ လာ ။ ။ ။''

လန့်ဖြန့်ပြီး ထထိုင်တဲ့ လမင်းကို အတင်းဆွဲသွားတယ်။ ကျွန်တော်လှမ်းကြည့်တော့ ခုနက ကျွန်တော် အတန်းလိုက်ပြပေးတဲ့ အန်တီကြီး။

"ဪ ။ ။ မင်းကိုး ။ ။ ။"

"ဟုတ် ။ ။ ဟုတ်ကဲ့ ။ ။ အန်တီ ။ ။ အန်တီက ။ ။ ။"

''အေး ။ ။ ။ ငါ လမင်းရဲ့ အမေပဲ၊ ဒီမယ်သူငယ် ။ ။ ။ မင်းဘာသာ ဘာဖြစ်ဖြစ် ဒီနေ့ကစပြီး မင်း လမင်းနဲ့ မပတ်သက်အောင် နေပါ၊ ငါတို့ လမင်းကို အားလုံးစီစဉ်ပြီးသား ။ ။ ။''

"မေမေရယ် ။ ။ ။ သမီးကို မတရားမလုပ်ပါနဲ့ ။ ။ ။ မိုးဆွေ ။ ။ ။ ငါ့ကို ကယ်ပါဦး''

''တိတ်စမ်း မိလမင်း၊ ဟော့သူငယ် ပြောတာကြားတယ်နော်၊ တစ်စုံတစ်ခု ကြိုးစားလို့ ပြဿနာတက်လာရင် ငါ ဘယ်သူ့မျက်နှာမှ ထောက်မှာမဟုတ်ဘူး ။ ။ ။ ဒါပဲ"

www.burmeseclassic.com


လမင်းဟာ သူ့အမေနောက်ကို ရှုန်းရင်းကန်ရင်း ပါသွားတယ်။ ကျွန်တော်တို့ ပြဿနာတက်နေကတည်းက ရောက်နေတဲ့သူငယ်ချင်းတွေလည်း ဒီမြင်ကွင်းကို စိတ်မကောင်းဖြစ်ပြီး ငေးနေကြတယ်။ ကျွန်တော်ကတော့ စက္ကန့်အနည်းငယ်အတွင်းမှာ အခြေအနေပြောင်းတာက မြန်လွန်းတော့ ဘာကို ခံစားရမှန်းမသိဘူး ဖြစ်နေတယ်။ သူငယ်ချင်းတွေ ဝိုင်းမေးတော့မှ ဖြေရင်း ကျွန်တော်ဝမ်းနည်းလာတယ်။

မျိုးဆွေသန်းက မှတ်ချက်ချပါတယ်။

''မိုးဆွေကွာ ။ ။ ။ မင်းအဖြစ်က ယောက်ဖကို မြှောက်တာထက်တောင် ပိုဆိုးသေးတယ်။''

''ဘာပဲဖြစ်ဖြစ်ကွာ ။ ။ ။ ငါတော့ လမင်းကို ရအောင်ယူမယ်''

''ယူလို့ရမလားကွ ။ ။ ။ ဟိုက မပေးစားပါဘူးဆိုတဲ့ဟာ''

''မပေးစားရင် ။ ။ ။ ရအောင် ခိုးမယ်ကွာ ။ ။ ။''

●

ကျွန်တော်တို့ လမင်းတို့အိမ်ရှေ့မှာ ပုံစံအမျိုးမျိုးဖြတ်လျှောက်ရင်း ချောင်းတာ တစ်ပတ်လောက်ရှိပါပြီ။ ဒါပေမယ့် လမင်းကို အရိပ်အယောင်တောင် မတွေ့ရပါဘူး။ အရိပ်အယောင်တောင် မတွေ့ဘူးဆိုတာတော့ စကားပိုရာ ကျတာပေါ့လေ ။ ။ ။။ ကျွန်တော် လမင်းတို့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာထိုင်တုန်း သူတို့ကားပေါ်မှာ ပါသွားတဲ့ လမင်းကိုတော့ လှစ်ခနဲ တွေ့လိုက်ရတယ်။

လမင်းကလည်း မြင်ပါတယ်။ ဒါပေမယ့် သူ့အမေ ပါတော့ မခေါ်ဘူးပေါ့ဗျာ ။ ။ ။ ကျွန်တော်တို့ရှိနေတာကို လှမ်းကြည့်လို့တော့ သိသွားတယ်။ လောက်စပီကျယ်တို့အုပ်စုရယ် သွန်းနှင်းအိမ်နဲ့ သင်းသင်း သာတို့ရယ်နဲ့လည်း ကြိုးစားပြီးပါပြီ။ လမင်းအမေကြီးက အိမ်ထဲတော့ ခေါ်သွင်းပြီး လမင်းနဲ့ တွေ့ပေးပါတယ်။ ဒါပေမယ်. ။ ။ ။

''အန်တီလည်း ငယ်ရာကကြီး ။ ။ ။ ကြီးရာကမှ အိုစပြုလာတာ ပါကွယ်၊ အန်တီက သမီးလေးကို အားလုံးစီစဉ်ပြီးနေပါပြီ၊ မင်းတို့ကို လည်း အားနာပါတယ်။ ဒါပေမယ့် နောက်တစ်ခါတော့ အန်တို့အိမ်ကို လုံးဝမလာပါနဲ့တော့။ လာလည်း အန်တီက တံခါးဖွင့်ပေးတော့မှာ မဟုတ်ဘူးဆိုတာ သိထားပါ'' လို့ ပြောလွှတ်လိုက်တယ်ဗျာ။

လမင်းလည်း ငိုတာပဲတဲ့။ သူငယ်ချင်းတွေ အပြောခံရတာကို လည်း အားနာလိုက်တာဗျာ ။ ။ ။ ဒါကို ကြည့်ခြင်းအားဖြင့် လမင်းအမေ ဒေါ်တင်တင်မင်းဟာ လမင်းအတွက် ပြတ်သားတယ်၊ ဘာလူမှုရေးမှ မရှိဘူး၊ သူ့အစီအစဉ်ကို အပျက်မခံနိုင်ဘူးဆိုတာ ထင်ရှားနေတယ်။ ဒါကြောင့် ကျွန်တော်တို့ကိုယ်တိုင် လှုပ်ရှားတာပါ။ ခုထိတော့ ကိုယ့်ဆရာ ရေ ။ ။ ။ ဘာတစ်ခုမှကို မရသေးဘူး။

''ငါသာ လမင်းနဲ့ ညားလို့ကတော့ကွာ ။ ။ ။ သူ့အမေကြီးကို စကား မပြောဘဲ ခြောက်လလောက် ပစ်ထားလိုက်ဦးမယ် ။ ။ ။၊ မြေးဦးတွေ ဘာတွေရမှ ။ ။ ။၊ သူ သဲသဲလှုပ်ဖြစ်လောက်မှ အထက်စီးကနေ စကား ပြောမှာကွ''

''လောလောဆယ်တော့ လျှောက်ပြန်သံပေး၊ ခြေအေးဝမ်း ရောင် ။ ။ ။ ဘယ်နေ့ ပတ်တရောင် လှည့်ကင်းက ဖမ်းမလဲတော့ မသိဘူး''

''ဟာ ။ ။ ။ မိုးဆွေ၊ ဟိုမှာ ။ ။ ။ လမင်းကွ၊ လမင်း''

ဝင်းအောင်ပြောလို့ လှမ်းကြည့်တော့ လမင်းကို အိမ်ရဲ့ ဘယ်

www.burmeseclassic.com


ဘက်ပြုတင်းပေါက်မှာ တွေ့တယ်။ လက်လှမ်းပြတာနဲ့ ကျွန်တော်တို့လည်း အုတ်ခုံနံရံနား ပြေးကပ်ရတာပေါ့။ လမင်းတို့အိမ်က ထောင့်အိမ်ဗျ။ ဘယ်ဘက်မှာ လူရှင်းတဲ့ လမ်းသွယ်ကလေးရှိတယ်။

''ထူးခြားပြီဟေ့ ။ ။ ။ ထူးခြားပြီ''

''လမင်းက တစ်ခါတည်းများ ခိုးရာလိုက်မလား မသိဘူး''

''မင်းကြီးဒေါ် ။ ။ ။ ဒီလောက်အမြင့်ကြီးကို သူ ဘယ်လိုလုပ်ဆင်းမလဲ၊ ပြီးတော့ ။ ။ ။ နေ့ခင်းကြီး''

ကျွန်တော်တို့ ငြင်းခုန်နေတုန်းမှာပဲ ။ ။ ။ ခြံထဲကအသံကို ကြားရတယ်။

''ဒေါ်တင်တင်မင်း ။ ။ ။ ဒေါ်တင်တင်မင်းရေ ။ ။ ။''

ကျွန်တော်တို့လည်း လန့်ဖျန့်ပြီး ခေါင်းတွေ ငုံ့ရတာပေါ့။ ကျွန်တော်တို့ကို တွေ့လို့များ ။ ။ ။

''ကျွန်တော်ပါ ကိုလေးဝင်းကြူပါ၊ ရပ်ကွက် သာရေးနာရေးအတွက် အလှူခံတာပါ''

''သြော် ။ ။ ။ ကြွပါရှင် ။ ။ ။ ကြွပါ ။ ။ ။''

''ကျွန်တော်တို့မှာလဲ ဒေါ်တင်တင်မင်းပဲ တစ်ပတ် တစ်ပတ်စိတ်ကူးနေကြရတာ ။ ။ ။''

''ရှင် ။ ။ ။''

''သြော် ။ ။ ။ စကားပြော လောလို့ပါ၊ ဒေါ်တင်တင်မင်းက အလှူဒါန ရက်ရောတယ် မဟုတ်လား၊ ဒါကို ရည်ရွယ်တာပါ ခင်ဗျာ ။ ။ ။''

''ရပါတယ်ရှင် ။ ။ ။ စေတနာဆိုတာ တူသောအကျိုးကို ပေးစမြဲမဟုတ်လား၊ ကျွန်မ နှစ်ထောင် ကုသိုလ်ဝင်ပါတယ်''

အဲဒီအသံတွေ နားထောင်နေချိန်မှာ လမင်းက ပြူတင်းပေါက်က ပြန်ပေါ်လာတယ်။ ပြီးတော့ လက်ထဲကစာကိုပြပြီး လေးငါးခေါက်

ကျစ်နေအောင်ခေါက်ပြီး ကျွန်တော်တို့ဆီ လှမ်းပစ်ပေးပါတယ်။ ကံများ မကောင်းချင်တော့ဗျာ ။ ။ ။ လမင်းပေးတဲ့စာက ခြံစည်းရိုးမှာပေါက်နေတဲ့ အုန်းပင်က ကိုင်းနေတဲ့ အုန်းလက်အဖျားနဲ့ထိပြီး အိမ်ရှေ့ဘက်ကို လွင့်သွားတယ်။

လမင်းလည်း လန့်ပြီး ပြူတင်းပေါက်ကနေ ကိုယ်ကို တစ်ဝက် ထွက်ကိုင်းကြည့်ကာ ။ ။ ။ ပြီးတော့ ''ဟိုလူကြီးတွေ ဖလားထဲမှာ ဟိုလူကြီး တွေ ဖလားထဲမှာ'' လို့ အလန့်တကြား အော်တာပဲ။ ပြီးတော့ ပြူတင်း ပေါက်ပိတ်ပြီး ဝင်သွားရော ။ ။ ။ ကျွန်တော်တို့လည်း ပထမတော့ ကြောင် နေပြီး နောက်မှ သတိရလို့ ။ ။ ။ လမ်းသွယ်ထိပ်ကလေးက ဖြတ်ပြီး ထွက် သွားတဲ့ လူကြီးတွေနောက် အပြေးလိုက်ရတာပေါ့။

''ဦးလေး ။ ။ ။ အန်ကယ် ။ ။ ။ ဘကြီး ။ ။ ။ ခဏ ။ ။ ။ ခဏနေပါဦး''

ကျွန်တော်တို့ အော်ဟစ်ပြီးလိုက်တော့ ဦးလေးကြီးတွေလည်း လန့်ဖြန့်ပြီး လှည့်ကြည့်ကြတယ်။ အနားရောက်တော့ မောနေတာရယ် စိတ်စောနေတာရယ်ကြောင့် ဘာမှပြောလို့ မထွက်ဘူး။

''ဟေ့ကောင်တွေ ဘာလဲ၊ မင်းတို့ ဘယ်ကလဲ၊ ဘာဖြစ်လို့ ခေါ်တာလဲ''

''ဖလား ။ ။ ။ ဖလား ။ ။ ။ ငွေဖလား''

''ဘာကွ ။ ။ ။ မင်းတို့ နေ့ခင်းကြီး အတင့်ရဲလှချည်လား''

ငွေဖလားကိုင်ထားတဲ့ ဦးလေးကြီးက ဖလားကို တင်းနေအောင် ပိုက်ထားရင်း အော်တယ်။ ကျန်တဲ့လူတွေကလည်း ထိတ်လန့်ပြီးအော် တော့မှာ ။ ။ ။ အရေးထဲ ဝင်းအောင်က စကားကို ထပ်မဆက်ဘူး။ ကျွန်တော် အမောတကော ပြောရတယ်။

''မဟုတ်ဘူး အန်ကယ် ။ ။ ။ ကျွန် ။ ။ ။ ကျွန်တော်တို့က ။ ။ ။ ဖလား ထဲကို အလှူငွေ ။ ။ ။ အဲဒါ ထည့်ချင်လို့ပါ''

www.burmeseclassic.com


''အလှူငွေထည့်တာ ဒီလောက်အပြေးအလွှားလိုက်ရသလား ကွ၊ အဓိပ္ပာယ်မရှိဘူး ． ． ．မင်းတို့ ဘယ်ကကောင်တွေလဲ''

''ဒီရပ်ကွက်ထဲကပါ အန်ကယ်၊ အန်ကယ်က ကျွန်တော်တို့ အိမ်ကိုမှ မဝင်တာ ． ． ．၊ အိမ်က ထည့်ခိုင်းလိုက်လို့ပါ''

အဖိုးကြီးတွေ နည်းနည်းတွေဝေသွားတယ်။ ကျွန်တော်လည်း ရမ်းညာတာပါ။ သူတို့မဝင်ခဲ့တဲ့အိမ် ရှိချင်ရှိမှာပဲ ဆိုပြီးပေါ့။

''ရပါတယ် ． ． ．အန်ကယ်တို့အလှူမခံလည်း၊ လာ ． ． ．ဟေ့ကောင် တွေ သွားမယ် ． ．''

ကျွန်တော်က အိတ်ကို ငုံ့ကြည့်ရင်း ပြောပြီး လှည့်ထွက်တာ ． ．။ စွန့်တော့ စွန့်စားရတာပေါ့လေ ． ． ．။

''ဟေ့ကောင်လေးတွေ ． ． ．အလှူဒါနအတွက် ရည်ရွယ်ထားတဲ့ ငွေကို မသုံးကောင်း မစွဲကောင်းဘူးကွ၊ သိရဲ့လား''

''အန်ကယ်တို့က လက်မခံပဲ''

''မင်းတို့ကို လက်မခံဘူးလို့ ဘယ်သူက ပြောလဲ၊ ငါတို့လည်း ရုတ်တရက်ဆိုတော့ လန့်တာပေါ့ကွ၊ သာရေးနာရေးဟာ လှူကောင်း ပါတယ်ကွ၊ သိရဲ့လား ． ． ．''

အန်ကယ်ကြီးက ပြုံးပြီး ငွေဖလားထိုးခံတယ်။ ပိုက်ဆံတွေ ထိုးထောင်နေတဲ့ကြားမှာ လမင်းပေးလိုက်တဲ့ စာရွက်သေးသေးကျစ်ကျစ် ကလေးကို ကျွန်တော် တွေ့ပါတယ်။ ကျွန်တော်တစ်ထောင်တန်ကို အန်ကယ်ကြီးမြင်အောင် အသာထည့်လိုက်တယ်။

''တစ်ထောင်နော် အန်ကယ်ကြီး ． ． ．၊ ကျွန်တော့်ဘာသာ ပြန်ယူ ပါ့မယ်''

''မင်းက ဘယ်လောက်လှူမှာလဲ၊ ငါ ． ． ．အမ်းပေးမှာပေါ့''

''ကျွန်တော့်အမေက တစ်ရာ့ရှစ်ကျပ် လှူချင်တာ ． ． ．၊ ဂျိုဟ်ကြီး

BURMESE CLASSIC .com

www.burmeseclassic.com


တစ်ရာ့ရှစ်လုံးဆိုလား ဘာလား မသိပါဘူး အန်ကယ်ကြီးရာ . . .၊ ဒါပေမယ့် ပြန်ရတဲ့ငွေကိုတော့ ကျွန်တော့်လက်နဲ့ ယူမှ ရမှာတဲ့''

ကျွန်တော် သူစဉ်းစားနေတုန်း ဖလားထဲနှိုက်ပြီး လမင်းရဲ့ စာကို အရင်ရအောင် ယူလိုက်တယ်။ ပြီးတော့ . . . နှစ်ရာတန်တစ်ရွက် ယူတယ်။ ပြီးတော့ သဘာဝကျအောင် ပိုက်ဆံတွေကို လျှောက်လှန် ရတာပေါ့ဗျာ . . .။

''ငါ့တူ ရှာမနေနဲ့ကွ၊ ဒီထဲမှာ ကျပ်တန်တစ်ရွက်မှ မပါဘူး''

''ဟာ . . . ဒုက္ခပါပဲ ဦးလေးရာ . . .''

''စိတ်ချပါကွာ . . . ငါ့တူကြီးအိမ်က လှူချင်တဲ့ ရည်စူးမှု မပျက်စေ ရပါဘူး၊ ဦးလေးအိတ်ထဲမှာ ရှိတယ် . . . နှိုက်ယူလိုက်၊ မင်းလက်နဲ့ မင်းယူ..''

ကျွန်တော်လည်း ကိုယ့်စကားနဲ့ ကိုယ်ဆိုတော့ ဘာတတ်နိုင် မှာလဲ . . . ယူရတာပေါ့။ မျိုးဆွေသန်းနဲ့ ဝင်းအောင်ဆို ပါးစပ်အဟောင်း သားနဲ့ ငေးလို့။

ဒါပဲလေ . . .

အချစ်ဆိုတာ အရာရာကို သင်ပေးတာပဲ မဟုတ်လား။

●

စာကို ဖတ်ကြည့်တော့ . . . လမင်းက သူ့ကို ခိုးဖို့ ချိန်းတဲ့စာပါ။ ဒါပေမယ့် သူချိန်းပုံက တစ်မျိုးခင်ဗျ။

www.burmeseclassic.com


သူ့အမေကြီးကြောင့် ခိုးလို့လည်း မလွယ်၊ သူလည်း ထွက်လို့ မလွယ်မို့ . . . သူက ကြာသပတေးနေ့မှာ ဆပ်ပြာအမွှေးတုံးတစ်တုံးပေါ် သူ့အိမ်ဝင်းတံခါးသော့ရယ်၊ အိမ်မကြီးသော့ရယ်ကို ပုံစံနှိပ်ပေးလိုက်မယ်။ ကျွန်တော်က အဲဒါကို သော့အတုလုပ်ထားပြီး စနေနေ့ညမှာ သူ့ကို တံခါးတွေဖွင့်ပြီး လာခိုးရမှာ . . .။ သူ အဆင်သင့် စောင့်နေမယ်ပေ့ါ။ စနေနေ့ညကို ဘာကြောင့်ရွေးရသလဲဆိုတော့ သူ့အမေက စနေသမီး စနေနေ့ည (၁၀)နာရီကနေ စပြီး ပုတီး (၁၀၈)ပတ် စိတ်လေ့ရှိတယ်တဲ့၊ အဲဒီအချိန်ဟာ အကောင်းဆုံးမို့ပါတဲ့။

အဲဒါတွေက အဆင်ပြေပါတယ် ထားဦး . . .။ သူ ဆပ်ပြာတုံးကို ပေးမယ့်ပုံစံက တော်တော်ခက်တယ်။ ကြာသပတေးနေ့ မနက်မှာ သူ့အိမ်ဖော်ကောင်မလေးကို အဲဒီဆပ်ပြာတုံး မကြိုက်ဘူး သွားလဲဆိုပြီး လမ်းထိပ်က Mellions Group Store ကို ခိုင်းလိုက်မှာတဲ့။ ကျွန်တော်တို့က အဲဒီအိမ်ဖော်ကောင်မလေး ထားခဲ့တဲ့ ဆပ်ပြာတုံးကို ဝယ်ပြီး သူနှိပ်ထားတဲ့ သော့ပုံစံကို အတုလုပ်ရမှာတဲ့။

နောက်ဆုံးမှာတဲ့ စကားကတော့. . လုံးဝမလွဲပါစေနဲ့။ လွဲရင် ဝေးပြီနော် . . . တဲ့၊

''ဆပ်ပြာတုံးက အဓိကပဲကွ''

''ဟုတ်တယ်၊ သော့တူက ယူနွတ်ရှိတယ်''

''မနက်ကတည်းက သွားစောင့်နေမယ်ကွာ . . . ငါတို့ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်နဲ့ မျက်နှာချင်းဆိုင်ကပဲ၊ သူပြောတဲ့ Mellions Group Store ဆိုတာ . . .''

ကျွန်တော်က တက်တက်ကြွကြွကို ပြောတယ်။

''သူ့ဘက်က အဆင်မပြေရင်ကော . . .''

''သူပိုင်လို့ သူစီစဉ်တာပေ့ါ၊ လမင်းဟာ ငါ့ကို ဘယ်လောက်

ချစ်တယ်ဆိုတာ ငါသိတယ် မျိုးဆွေသန်း၊ ဒီနေ့ ဗုဒ္ဓဟူးနေ့၊ တို့မှာ ရွေးစရာ မရှိတော့ပါဘူး . . .''

''ကဲ . . . ဒါဆို ဘယ်အချိန်သွားမလဲ၊ ငါကတော့ Ready ပဲ''

ဝင်းအောင်က တက်တက်ကြွကြွပြောတယ်။ ကျွန်တော် ဒီအချိန်မှာ တော်တော်လေးကို အားတက်သွားတယ်။ ငါနဲ့လမင်း လက်ထပ်ပြီးပြီဆိုရင် သူ့ကို . . . ကိုဝင်းအောင်လို့ ခေါ်မယ်လို့ စိတ်ထဲမှာ လုံးဝဆုံးဖြတ်ချက် ချလိုက်တယ်။

မနက် (၆)နာရီကတည်းက ကျွန်တော်တို့ 'မျိုးသိန်းနှင့်သမီး' များဆိုတဲ့ ကဖီးကို ရောက်နေတာပါ။ ကျွန်တော်တို့ ရောက်တော့ ကောင်မလေးတစ်ယောက်က ဂျုံနယ်တုန်း။ ဒီလက်ဖက်ရည်ဆိုင်နာမည်က ထူးဆန်းသလို . . . ဆိုင်က ဝန်ထမ်းတွေကလည်း ထူးဆန်းပါတယ်။ အကုန်လုံး မိန်းကလေးတွေချည်းပဲ ခင်ဗျ။ စားပွဲထိုးတာ . . . လက်ဖက်ရည်ဖျော်တာ . . . နံပြားရိုက်တာ . . . အီကြာကွေးကြော်တာ . . . အကုန်လုံးမိန်းကလေးတွေချည်းပဲ။ ကျွန်တော့်အထင်တော့ ကိုမျိုးသိန်းဆိုတဲ့ လူကြီးဟာ လက်ဖက်ရည်ဆိုင်နဲ့ ကြီးပွားလာပေမယ့် သူ့မိန်းမက သားတစ်ယောက်မှ မမွေးတော့ မျိုးသိန်းအင်ဆန်း ကဖီးတွေ ဘာတွေ နာမည်မပေးနိုင်လို့ လောကကြီးကို ရွဲ့ပြီး မျိုးသိန်းနှင့်သမီးများ ကဖီးလို့ ပေးပုံရပါတယ်။

ကျွန်တော်တို့ရောက်တော့ Store ဆိုင်က ဖွင့်တောင်မဖွင့်သေးဘူး။ (၉)နာရီကျော်မှ ဖွင့်တာ။ တော်တော် Mellioner ဖြစ်မယ့်လူတွေပဲ။ ဆိုင်ဖွင့်ကတည်းက ကျွန်တော်တို့လည်း ဆပ်ပြာတုံးကိုင်လာမယ့် အိမ်ဖော်လို ကောင်မလေးကို ကြည့်ရတာပေါ့ခင်ဗျာ။ (၁၀)နာရီလောက်အထိ တစ်ယောက်မှ မရှိသေးဘူး။ Store ဆိုင်ဆိုတော့ မနက်ခင်း အရောင်းအဝယ်ကလည်း ပါးပါတယ်။

လာသမျှကလည်း ရွှေတွဲလွဲ ငွေတွဲလွဲတွေချည်းပဲ။

www.burmeseclassic.com


ကျွန်တော် နည်းနည်းစိုးရိမ်လာတယ်။

''ဟေ့ကောင်တွေ. . . ဟုတ်မှဟုတ်သေးရဲ့လားကွာ. . . (၁၀) နာရီတောင် ခွဲတော့မှာကွ''

''ဆန္ဒမပြင်းထန်ပါနဲ့ကွာ. . .၊ ငါတို့က (၆) နာရီကတည်းက ရောက်နေတာဆိုတော့ မင်းစိတ်ထဲမှာ ကြာလှပြီ ထင်နေတာပါ၊ Store ဆိုတာ အခုမှ စည်တာကွ''

ကျွန်တော်လည်း ဒီကောင်တွေစကားကြောင့် ငြိမ်နေလိုက်ရတယ်။ စိတ်ကတော့ ဘယ်ငြိမ်မှာလဲ၊ ဒီတစ်ခါက လွဲလို့မှ မဖြစ်တာကိုး. . .။ ၁၀း၃၀။ ၁၁း၀၀။ ၁၁း၃၀။

''မဟုတ်တော့ဘူးကွာ. . .''

ကျွန်တော်သူတို့ကို ဘာမှပြောမနေတော့ဘဲ Store ဆိုင်ထဲကို ထွက်လာခဲ့တယ်။ အမှန်ဆို ကျွန်တော်တို့က Store ဆိုင်ထဲက စောင့်ဖို့ ကောင်းတာ. . .။ ဒါပေမယ့် Store ဆိုင်ဆိုတာက အကြာကြီးနေလို့ မရလို့သာ လက်ဖက်ရည်ဆိုင်ကို ရွေးရတာ. . .။

နောက်ဆုံး မထူးဘူးဆိုပြီး အလှကုန်ရောင်းတဲ့ ကောင်တာမှာ အရဲစွန့်မေးရတယ်၊ ရောင်းနေတာက ကောင်မလေးပါ။

''ညီမ. . . အမွှေးဆပ်ပြာတုံး''

'''ဟုတ်ကဲ့ရှင်. . . ဘယ်အမျိုးအစားထဲက ယူမလဲရှင့်''

''မဟုတ်ဘူးညီမ. . . ဒီလိုလေ. . . ဒီနေ့ ညီမဆီမှာ အမွှေးဆပ်ပြာတုံးတွေ ဘာတွေ လာပြန်လဲတဲ့လူ မရှိဘူးလား''

ကောင်မလေးက တော်တော်အံ့သြသွားပုံရတယ်။ ကျွန်တော် အလောတကြီးပုံစံကြောင့် ထိတ်လန့်သွားပုံလည်း ရပါတယ်။

''အ. . . အကိုတို့က. . . ဘယ်သူတွေလဲ၊ ဘာသဘောလဲရှင့်''

''ဘာမှမဟုတ်ပါဘူး. . . အမွှေးဆပ်ပြာတုံး ပြန်လဲတဲ့လူတွေ


BURMESE CLASSIC .com

ဘာတွေ လာလဲသွားပြီလားလို့ပါ''

''ကျွန် ‥‥ ကျွန်မ ‥‥ မသိဘူး ‥‥ မန်နေဂျာနဲ့ သွားတွေ့ပါ''

ကြောက်လန့်သွားတဲ့ ကောင်မလေးကြောင့် ကျွန်တော်လည်း ဘာဆက်ပြောရမှန်း မသိတော့ဘူး။ တော်ပါသေးရဲ့ မျိုးဆွေသန်းက ဝယ်ကယ်လို့ ‥‥။

''ဒီလို ညီမလေးရဲ့ ‥‥ ဒီကောင်က ဓာတ်သဘောနဲ့ လာတာပါ။ ဒီနေ့ ဒီအချိန် ‥‥ ဒီဆိုင်မှာ အဲဒီလို ဆပ်ပြာကို မကြိုက်ဘဲ လာလဲတဲ့ ဆပ်ပြာကို သူက ဝယ်ပြီးတိုက်မှ သူ့အညံ့က လွတ်မှာ ‥‥။ ဗေဒင်က ဟောထားလို့ ဒီကောင်က ဂေါ်မစွံလေ ‥‥။ အဲဒီဆပ်ပြာကို ယတြာနဲ့ တိုက်မှာ''

''သိပြီ ‥‥ သိပြီ ‥‥''

ကောင်မလေးက အကြောက်ပြေသွားပြီး ကျွန်တော့်ကို လှည့်ပြုံး ရင်း ပြောတယ်။

''ဆပ်ပြာက လာလဲသွားပြီရှင့် ‥‥''

''ဟာ ‥‥ တော်ပါသေးရဲ့၊ အဲဒီဆပ်ပြာ ကိုယ့်ကို ပြန်ရောင်း ပါကွာ ‥‥ ဝယ်ပါ့မယ်''

''မရှိတော့ဘူးရှင့်''

''ဗျာ ‥‥''

''ဟုတ်တယ် ‥‥ လာလဲတဲ့ဆပ်ပြာက ဘူးအခွံဖောက်ပြီးသားကြီး ပြန်ကပ်ထားတာလဲ သိသာနေတယ်။ အဲဒါ သမီးလည်း စာရင်းပြန် မသွင်းရဲတာနဲ့ ‥‥ ခုနက လာဝယ်တဲ့လူကို ရောင်းလိုက်ပြီ''

ကျွန်တော့်မျက်စိတွေ ပြာဝေသွားသလိုပဲ။ လမင်းဘက်က သေချာပါလျက်နဲ့ ‥‥ ဘာကြောင့်များ ‥‥။ ကျွန်တော် ဘာမှမပြောနိုင်ဘူး။ ဝင်းအောင်က ဝင်ပြောရတယ်။

www.burmeseclassic.com


''ညီမလေး ဝယ်သွားတဲ့လူကို သိလား''

''အင်း . . . သိတယ်၊ ညီမကလည်း ဒီရပ်ကွက်ထဲကပဲလေ . . .၊ သစ္စာပန်းခင်းလမ်းက ဒေါ်နိုင်နိုင်ဝင်း ဝယ်သွားတာ''

''သစ္စာပန်းခင်းလမ်းဆိုတာ . . .''

''ဒီလမ်းက . . . လေးလမ်းမြောက်ကိုကွေ့ . . . ပြီးရင် လမ်းသွယ်ကလေးတွေ တွေ့မယ်၊ အဲဒီမှာ သစ္စာရန့် . . . သစ္စာလွင်ပြင်၊ ပြီးရင် သစ္စာပန်းခင်းလမ်းပဲ''

''နာမည်ဘယ်သူ . . .''

''ဒေါ်နိုင်နိုင်ဝင်း''

သစ္စာပန်းခင်းလမ်းကိုရောက်တော့ ဒေါ်နိုင်နိုင်ဝင်းအိမ်ကို မေးရသေးတယ်။ အိမ်ကိုတွေ့တော့ အော်ခေါ်ရ၏။ တော်တော်နှင့်ထွက်မလာ။ ထွက်လာတော့. . . လူက လူမမာပုံ။ တရုတ်ဘောင်းဘီနှင့် တံခါးဖွင့်စဉ် ချောင်းက အခါတစ်သန်းလောက် ဆိုးနေလိုက်သေးသည်။ ချောင်းဆိုးရင်းသီးကာ တံခါးကို မဖွင့်သေးဘဲ လက်ပြကာ ပြန်ဝင်သွားပြန်၏။ ကျွန်တော် အသည်းက ယားလှပြီ။ ပြီးမှ . . . ပြန်ထွက်လာ၏။ လမ်းလျှောက်တာကလည်း နှေးလိုက်တာ . . .။

''ဒေါ်နိုင်နိုင်ဝင်းလား''

''ဟုတ်ကဲ့ . . . . မှာစရာရှိတာသာ မှာခဲ့ပါရှင်၊ သူကတော့ ခုနကပဲ ကိုအောင်မင်းသိန်းနဲ့ ကိုပေါလ်တို့ ခေါ်လို့ ပါသွားပါတယ်''

''ဟာ . . . ဘာတွေပြောနေတာလဲ၊ ကျွန်တော် အဲဒါပြောတာ မဟုတ်ဘူး၊ ဆပ်ပြာ . . . ဆပ်ပြာ''

''ရှင် . . . ဆပ်ပြာ''

''ဟော့ကောင် . . . မိုးဆွေ အသာနေစမ်း၊ ဒီလိုအစ်မ . . . အစ်မ လမ်းထိပ်စတိုးဆိုင်က ဆပ်ပြာဝယ်လာတယ် မဟုတ်လား''

''အင်း . . . ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ''

''အဲဒီဆပ်ပြာကို ကျွန်တော်တို့ လိုချင်လို့ပါ''

''ဆပ်ပြာလိုချင်ရင် . . . ကြိုက်တဲ့ဆိုင်မှာ သွားဝယ်ပေါ့၊ ဘာတွေလာကြောင်နေတာလဲ၊ ပတ်ဝန်းကျင်နဲ့ နေတာနော်၊ အော်လိုက်မယ် . . . ဘာမှတ်သလဲ''

နောက်ဆုံးတော့ မျိုးဆွေသန်းက ယတြာတွေ ဘာတွေနှင့် ဝင်ကာဖြီးတော့မှ ဒေါ်နိုင်နိုင်ဝင်းက နည်းနည်းစိတ်လျော့ကာသွားပုံရပြီး

''အဲဒါ . . . ဘယ်ဆရာက ဟောတာလဲဟင်၊ ကျွန်မလည်း ယောကျ်ားက သိပ်ဂရုမစိုက်လို့ ယတြာလိုချင်နေတာ . . . စွမ်းရော စွမ်းရဲ့လား''

''ဆပ်ပြာသာ မြန်မြန်ပေးစမ်းပါ အစ်မရယ်၊ ဆပ်ပြာရရင်အားလုံး အဆင်ပြေစေရမယ်''

ဒေါ်နိုင်နိုင်ဝင်း ငိုင်သွားပြီး သက်ပြင်းချပါတယ်။

''ဆပ်ပြာက မရှိတော့ဘူးရှင့် . . .''

''ခင်ဗျာ . . . ဘယ် . . . ဘယ်ရောက်သွားလို့လဲ''

''ကျွန်မသား ရန်နောင်က သူ့ဆရာ ဦးပြည့်ဝကို သွားကန်တော့မယ်ဆိုလို့ ကျွန်မလည်း ဆပ်ပြာတစ်တုံးနဲ့ သဘက်နှစ်ထည် ဝယ်ပေးလိုက်တာ . . .၊ ခုနကပဲ ထွက်သွားပြီ''

''ဗျာ . . . အဲဒီဆရာရဲ့ လိပ်စာကို သိလားဟင်''

''သိတော့ သိတယ် . . .၊ ခဏနေဦး သူကလည်း အိမ်လေးငါးအိမ်လောက် ပြောင်းနေတာဆိုတော့ စာအုပ်ထဲ ကြည့်ပေးမယ်နော် . . . ခဏစောင့်''

ရွှေတောင်ကြားထဲမှာ ရသည့်လိပ်စာနှင့် မူးနောက်နေအောင် ရှာပြီးမှ နောက်ဆုံး ဆရာဦးပြည့်ဝဆိုသော အိမ်နံပါတ်ကို တွေ့ရတယ်။

www.burmeseclassic.com


ခြံက အကျယ်ကြီး ． ． ．၊ အိမ်က ခမ်းခမ်းနားနား။ တံခါးဖွင့်ပေးသူချည်း ကျွန်တော့်စိတ်အထင် (၁၀)ယောက်လောက် ရှိမည်။ ဧည့်ခန်းမှာ ထိုင်စောင့်တော့ (၁၀)မိနစ်လောက်အထိ ဘယ်သူမှ ပေါ်မလာ ． ． ．။ ခဏကြာမှ အိမ်ဖော်ကောင်မလေးက အအေးသုံးခွက် လာကာ ချပေးပါတယ်။

ဟိုကောင်တွေက တဂွတ်ဂွတ်သောက်ကြသော်လည်း ကျွန်တော်ကတော့ ဘာကိုမှ မစားနိုင်၊ မသောက်နိုင် ． ． ．။ ထိုခဏ၏ နောက်ခဏကြာမှ ဆရာပြည့်ဝဆိုသူ ဆင်းလာတာတွေ့တွေ့ချင်း ကျွန်တော် မိတ်ပင်မဆက်နိုင်၊ ဖြစ်သမျှကြုံးပြောကာ ． ． ．နားလည်သွားလောက်တော့ ဆပ်ပြာခဲကို တောင်းပါတယ်။

''အင်း ． ． ．လူ့ဘဝ ． ． ．လူ့ဘဝ တော်တော့်ကို ဆန်းကျယ်ပါလား။ ဆရာ့တပည့် မောင်ရန်နောင် လာကန်တော့သွားတယ်ဆိုတာ မှန်ပါတယ် မောင်မိုးဆွေရေ ． ． ．ဖြစ်ချင်တော့ ဆရာကလည်း ဒီနေ့ပဲ ရွှေတောင်ကိုပြန်မယ့် ဆရာ့အဖေကို တပည့်လာကန်တော့တဲ့လက်ဆောင်နဲ့ ထပ်ကန်တော့လိုက်လို့ ． ． ．အဖေ့ဆီ ပါသွားပြီ''

''ခင်ဗျာ ． ． ．ဆရာ့အဖေ ． ． ．ဆရာ့အဖေက ． ． ．ဘယ်အချိန်ပြန်တာလဲဆရာ ． ． ．''

''နေ့ခင်း (၁)နာရီခွဲကားနဲ့ မောင်မိုးဆွေ ． ． ．၊ ခုဆို ကားက လက်ပံတန်းနား နီးနေလောက်ပြီ''

ကျွန်တော် အရုပ်ကြိုးပြတ် လဲမကျသွားအောင် တော်တော်ကလေး ထိန်းလိုက်ရပါတယ်။ အမြင်တွေ မှုန်ဝါးသွားတာတော့ အမှန်ပဲ။

လမင်း ． ． ．။

လမင်းရေ ． ． ．။


BURMESE CLASSIC .com

■ သူမရဲ့နောက် . . .

ရွေ့လျားနေတဲ့လမင်းဆီ . . .

ရှည်လျားတဲ့ရေစပ်က တံတားတစ်ခုဆီ . . .

ရှုမီးနဲ့ထိန်ညီးနေတဲ့ တောင်ကြားဆီ . . .

မေတ္တာကြေးမုံပြင်တစ်ခုထဲက ပန်းပွင့်သေတွေဆီ . . .

ကောင်းကင်ဘုံ လေဟာနယ်ထဲက ဆော့ကစားနေတဲ့ လက်တွေဆီ . . .

နာရီတစ်လုံးရဲ့ မိနစ်ရိုင်းများကို ဝါးမျိုးနေသူတွေဆီ . . .

ရဲတိုက်တစ်ခုရဲ့ မှောင်မဲမဲ အခန်းစွယ်ဆီ . . .

ဒါ. . .

လိုက်လို့နေ . . .။

■ နေထွက်လာတဲ့အခါ

စာကလေးတွေရဲ့ သွေးတွေ လွှမ်းနေတဲ့

ကောင်းကင်ယံအောက်မှာ

ဆုံးရှုံးမှုဝတ်ရုံကို ခြုံလို့

သူမ. . .

အိပ်ပျော်နေလိမ့်မယ် . . .။

■ ဒါပေမယ့်

အခု . . . လမင်းဆီ ငါလာလို့

ငါ့ဦးနှောက်ထဲက လက်နက်တွေ

လ . . . ရေကန်ထဲ သွန်ချသလို ကျွမ်းမြိုက်

ဟားတိုက်ရယ်မောခြင်းရဲ့ ည

သံစုံကြူးတဲ့ ည

သူမ. . .

လမင်းထဲမှာ ရှိလိမ့်။

**(ဒဂုန်မဂ္ဂဇင်းအဖွဲ့မှ ပြန်ဆိုသည်)**

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com


ရန်ကုန်–ပြည် အမြန် Express ကားကြီးပေါ်ကနေ ကျွန်တော် လမင်းကို ငေးနေမိတယ်။ လမင်းက ကျွန်တော့်နံဘေးကနေ အပြေး ကလေး လိုက်လာနေတယ်။ ကားရပ်ရင် ရပ်လို့ ကားရွေ့ရင် ရွေ့လို့ . . .။ တစ်ခါတစ်ရံတော့လည်း လမ်းနံဘေးက သစ်ပင်အုပ်တွေကြားထဲမှာ လမင်း ပျောက်သွားတတ်တယ်။ လယ်ကွင်းတွေဆီကို ရောက်ရင်တော့ လမင်းက ကင်းကင်းရှင်းရှင်းလေးကို ထွန်းလင်းပြီး ကျွန်တော့်နောက်ကို လိုက်ပြန်တယ်။ ကျွန်တော်သက်ပြင်းချပြီး ကားပြတင်းကနေ လမင်းကို မလွတ်တမ်း ငေးလာခဲ့တယ်။ ပြီးတော့ . . စိတ်ထဲမှာ ကြုံးဝါးနေမိတာက 'စိတ်ချ . . . လမင်းရေ . . .။ ငါ မင်းနောက်ကို မမောမပန်း အပြေးလိုက်လာ နေတယ်' . . . လို့။

ကြုံးဝါးသံကို စိတ်ထဲကပြောပြီး သက်ပြင်းချလိုက်တော့မှ ကျွန်တော့်တစ်ကိုယ်လုံးဟာ မလှုပ်ချင်လောက်အောင် နွမ်းနေတယ်ဆိုတာ သိလိုက်ရတယ်။ ဒါပေမယ့် အိပ်ချင်စိတ်ကတော့ ကျွန်တော့်ခန္ဓာကိုယ် ထဲက သွေးဆဲလ်တစ်ခုရဲ့ အသေးဆုံး Proton ထဲမှာတောင် မရှိပါဘူး။ အဲဒီ Proton တွေဟာ ကျွန်တော်စီးလာတဲ့ကားကို နိုင်အောင်ပြေးပြီး ရွှေတောင်မြို့ကိုရောက်နေတဲ့ ကျွန်တော့်စိတ်နဲ့အတူ သွက်လက်နေ ကြတယ်။ တစ်ခုတော့ ရှိတာပေါ့လေ . . .။ ကျွန်တော် အခုသွားနေရတဲ့ ရွှေတောင်မြို့ဆိုတာကို တစ်ခါမှမရောက်ဖူးဘူးဆိုတာတော့ ကျွန်တော် စီးလာတဲ့ Express ကားကြီးကို ကျော်အောင်ပြေးနေတဲ့ ကျွန်တော့်စိတ်


BURMESE CLASSIC .com

တွေက အူကြောင်ကြောင်ဖြစ်ပြီး ကျွန်တော့်ဆီ ပြန်ရောက်လာကြတယ်။ Express ကားကြီးထက် အဆပေါင်းများစွာစောပြီး ထွက်သွားကြတဲ့ ကျွန်တော့်စိတ်ဟာ ဘာတစ်ခုမှ အဆင်မပြေဘဲ၊ တွေ့ခွင့်မရလိုက်ရဘဲ ကျွန်တော့်ဆီကို ပြန်ရောက်လာကြတယ်။ အဲဒီတော့ . . . ကျွန်တော် မချင့်မရဲပိုဖြစ်ပြီး ကျွန်တော့်စိတ်ကို ဒီထက်မြန်တဲ့အလျှင်နဲ့ ထပ်လွှတ်ပြန်တယ်။ ဒါပေမယ့် ဘာကိုမှ ကျွန်တော့စိတ်ဟာ မတွေ့ခဲ့ရဘူး။

ကျွန်တော် အရင်က ရွှေတောင်မြို့ဆိုတာကို ရောက်ဖူးခဲ့ရင် သိပ်ကောင်းမှာပဲ . . .။ ဦးပြည့်ဝဆိုတဲ့လူရဲ့အဖေ နေတဲ့အိမ်ကို သိဖူးရင်လည်း သိပ်ကောင်းမှာပဲ . . .။ ကားကြီးထက် မြန်နေတဲ့ ကျွန်တော့စိတ်ဟာ ရွှေတောင်မြို့ထဲကိုရောက်၊ ဦးပြည့်ဝရဲ့ အဖေနဲ့တွေ့၊ ကြုံရသမျှ ရှင်းပြ၊ အဲဒီဘကြီးက နားလည်သွားပြီး ဝမ်းသာအားရနဲ့ ဆပ်ပြာခဲကို ထုတ်ပေး၊ ကျွန်တော်က ဆပ်ပြာခဲကို ယူပြီးပြန်၊ သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီးလမင်းကို ခိုးပြေး၊ လမင်းနဲ့ကျွန်တော် အိမ်ထောင်ကျ။ ဒါပေမယ့် သူ့မိဘတွေကတော့ မကျေနပ်ဘူးပေါ့ခင်ဗျာ. . .။ အမွေတွေ ဘာတွေ ဖြတ်ထားပြီးမှ လမင်းနဲ့ကျွန်တော်က အရမ်းချစ်ဖို့ကောင်းတဲ့ ကလေးလေးတစ်ယောက်မွေးတဲ့အခါကျတော့ အဖွားကြီးလည်း ဘယ်နေနိုင်တော့မှာလဲ. .။ မဟုတ်ဘူးလား . . .။

စိတ်ကူးထဲမှာတော့ အရာရာက အဆင်ပြေပြီး ချောမွေ့နေတာပဲ။ စိတ်ကူးဆိုတာကတော့ ဒီလိုပါပဲ . . .။ သဘာဝကျအောင် ဖြစ်နိုင်ချေရှိတဲ့ အခက်အခဲကို ထည့်ပေးရင်တောင် နောက်ဆုံးမှာ အဲဒီအခက်အခဲကို မူလစိတ်ကူးယဉ်သူက အမြဲအောင်နိုင်လေ့ရှိပါတယ်။ ဒါကြောင့်မို့လို့လဲ လူတွေဟာ မနက်ဖြန်ဆိုတဲ့ အနာဂတ်ကို အမြဲတမ်း မျှော်လင့်နေကြတာပေါ့။ စိတ်ကူးနဲ့ အနာဂတ်ကြားမှာတော့ မနက်ဖြန်မှန်သမျှဟာ လုပနေကြတာပဲ။ ဒါ . . . သာမန်လူတွေ ရနေကျ သုခပါ။ အခုတော့ . . .

www.burmeseclassic.com


ကျွန်တော့်မှာ ရွှေတောင်မြို့ဆိုတာကို မရောက်ဘူးလေတော့ သာမန်လူတွေ ရနေကျ သုခကလေးကိုတောင် မရနိုင်တော့ဘူးပေါ့။ ကျွန်တော့် အတွေးဟာ ရွှေတောင်မြို့ကို ရောက်တယ်ဆိုရင်ပဲ ပျက်တော့တာပဲ။ အဲဒီတော့ ဟိုဘက်က ခံစားမှုတွေအားလုံးဟာ ဘာမှကို ဆက်တွေးလို့ကို မရတော့ဘူး ကိုယ့်ဆရာရေ ． ． ．။

ကျွန်တော်နဲ့အတူ Express ကားကြီးပေါ်မှာ စီးလာတဲ့ ခရီးသည်တွေအားလုံးဟာ သူတို့ ဘယ်နေရာကို သွားမယ်ဆိုတာ သိကြတယ်။ အဲဒီနေရာမှာရှိတဲ့ လူတွေကိုလည်း သိကြတယ်။ ဒီတော့ သူတို့အတွက် မနက်ဖြန်ဆိုတဲ့ အနာဂတ်က အေးအေးဆေးဆေးပေါ့ ． ． ．။ စိတ်ကူးကလေး ယဉ်လိုက်ရုံနဲ့ အိုကေပဲ။ ကျွန်တော့်မှာသာ ဘာမှန်းမသိတာ။ ဒီကားကြီးပေါ်မှာ အနာဂတ်မသေချာသူဆိုလို့ ကျွန်တော်တစ်ယောက်ပဲ ရှိပါတယ်။

အဲဒီအချိန်မှာ ဒုက္ခအရောက်ဆုံးတစ်ခုကို ပြောရဦးမယ်ဗျာ ． ． ．။

Express ကားကြီးပေါ်က TV ပါ။ TV က မြန်မာကားတစ်ကားကို ဖွင့်ထားတယ်ခင်ဗျ။ ဘယ်ပညာရှိကများ စတင်တီထွင်လိုက်တဲ့ နည်းလည်းတော့ ကျွန်တော်မသိဘူး။ ဒါပေမယ့် တော်တော် ဒုက္ခရောက်တယ်ခင်ဗျာ ． ． ．။ ထွက်ပြေးလို့လည်း မရ၊ ငြင်းဆန်လို့လည်း မရနဲ့။ ခရီးသွားတယ်ဆိုတာ စိတ်ရဲ့ ပျော်လင့်ချက်တစ်ခုခု ဒါမှမဟုတ်ရင် စိတ်ရဲ့ ဆန္ဒတစ်ခုခုကြောင့်သာ ဖြစ်ရတဲ့ကိစ္စပါ။ အဲဒီလို သွားနေရတဲ့ အချိန်မှာ ကိုယ့်ကိစ္စကလွဲပြီး ဘာကိုမှ စိတ်မဝင်စားနိုင်တဲ့ အခြေအနေပါ။ ကိုယ့်အိမ်မှာကိုယ် အေးအေးဆေးဆေးဆိုရင်တော့ တစ်မျိုးပေါ့လေ ． ．။ ဒီကြားထဲ ကိုရွှေမြန်မာကားက တုန်လိုက်၊ မှုန်လိုက်၊ Tracking တွေက ငြိလိုက်နဲ့ဆိုတော့ ကျွန်တော့်မှာ ဟစ်ပြီး ဟစ်ပြီးလို့သာ အော်ပစ်လိုက်ချင်တာပါပဲ။

အဲဒီအချိန်မှာ ကျွန်တော့်သူငယ်ချင်းတွေကို ငတ်ငတ်မွတ်မွတ်ကို သတိရမိတာ အမှန်ပဲခင်ဗျာ။ သူငယ်ချင်းတစ်ယောက်သာ ပါလာခဲ့ရင် ဦးပြည့်ဝဆိုတဲ့လူရဲ့ အဖေ့အိမ်ကို မသိနဲ့ဦး . . .၊ ဟိုရောက်ရင် ဘာလုပ်မယ်၊ ညာလုပ်မယ် စသည်ဖြင့်တော့ ပြောလို့ရမယ် မဟုတ်လား . . .။ အဲဒီသူငယ်ချင်းဟာ ဝင်းအောင်ဖြစ်နေပေ့စေဦး . . .၊ သူ့ဝက်ခြံတွေကို တဗျင်းဗျင်းနဲ့ ညစ်နေပေ့စေဦး . . .၊ ကျွန်တော်လမင်းကို ဘယ်လောက်ချစ်တယ်ဆိုတာကို ပြောပြလို့ ရမယ်။ သူ့ဆီကလည်း ''စိတ်မပူပါနဲ့ ကိုယ့်ညီရာ . . . အဆင်ပြေသွားမှာပါ'' ဆိုတဲ့ စကားတစ်ခွန်းလောက်တော့ ပြန်ကြားရမှာ သေချာတယ်။ ကျွန်တော် သူ့ကို အစ်ကိုကြီး ဝင်းအောင်လို့ ခေါ်ပါရစေဦးဗျာ . . . ကျွန်တော် ကျေကျေနပ်နပ်နဲ့ ခေါ်ပေးမှာ သေချာတယ်။ အခုတော့ ကျွန်တော့်မှာ တစ်ယောက်တည်းခင်ဗျ။

မျိုးဆွေသန်း ပါလာဦးမလား . . .၊ ရသေးတယ်ခင်ဗျ။

ဒီကောင်က မန္တလေးမှာတုန်းက ရည်းစားတစ်ယောက် ရခဲ့ဖူးတယ်။ နာမည်က ဌေးဌေးတဲ့။ အဲဒီကောင်မလေးနဲ့ သူ ပန်းချီဆရာတစ်ယောက်အိမ်မှာ ချိန်းတွေ့တာကို ဒီကောင်က မကြာခဏ ဂုဏ်ယူပြီး ပြောတတ်လေ့ရှိတယ်။ သူ့အညာလေနဲ့ ပြောရရင်. . . ''ငါက မိဌေးရဲ့ လက်ကို စကိုင်တာ မဟုတ်ဘူးကွ။ သူက ငါ့လက်ကို စကိုင်တာရယ် . . .'' တဲ့။ သူ အဲဒီစကားကို မကြာခဏပြောလွန်းလို့ ကျွန်တော်တို့က အမြင်ကပ်ပြီး အမြဲ မသိချင်ယောင် ဆောင်နေခဲ့ဖူးတယ်။ အခုပြောစမ်းပါစေဗျာ . . .။ ကျွန်တော် ယုံယုံကြည်ကြည်နဲ့ကို နားထောင်ပစ်လိုက်ဦးမယ်။ ဒါဆိုရင် သူ့ဆီကလည်း ''စိတ်မပူပါနဲ့ကွာ . . . လမင်းက မင်းကို တကယ်ချစ်တာပါ။ အခု လွဲတာကိုလည်း ငါတို့က ရှင်းပြမှာပေါ့'' . . . ဆိုတဲ့ စကားလောက်တော့ ကြားရမယ် ထင်တာပဲ။ အဲဒီစကားသံဟာ Tracking ငြိနေတဲ့ TV ပေါ်က အရုပ်တွေထက်တော့ ကျွန်တော့်စိတ်ကို သက်သာစေမှာ

www.burmeseclassic.com


အမှန်ပဲ။

ဒါပေမယ့် သူတို့ကို ကျွန်တော်ကိုယ်တိုင် ထားခဲ့တာပါ။ ကျွန်တော်နဲ့ အတူ တောက်လျှောက်လိုက်ပြီး ပင်ပန်းနေတဲ့ ဒီကောင်တွေ တစ်ညနား၊ နောက်နေ့မှာ လမင်းတို့အိမ်ကို စောင့်ကြည့်ထားဖို့ ကျွန်တော် စီစဉ်ခဲ့တယ်။ ကျွန်တော် တစ်ခုခုများ အဆင်မပြေခဲ့ရင် လမင်းကို တစ်နည်းနည်းနဲ့ သတင်းပေးလို့ရအောင်၊ ဒါမှမဟုတ် လမင်းဘက်က အစီအစဉ်ပြောင်း သွားရင်လည်း ဒီကောင်တွေ ကြည့်ကျက် ခေါ်ထားလို့ ရအောင်လို့ပါ။

ဒီတော့လည်း ဒီကောင်တွေကို ထားခဲ့တာ မှန်ပါတယ် ． ． ．လို့ စိတ်ကိုလျှော့ပြီး တွေးရတယ်။ ဒါပေမယ့် ကျွန်တော် စိတ်ချလက်ချ ဖြစ်သွားတာ မဟုတ်ပါဘူး။ အိပ်လို့လည်း မရပါဘူး။ ကျွန်တော့်ခုံဘေး ကပ်လျက်က လူကတော့ အိပ်ပျော်နေတာမှ ဟောက်သံတွေ ဘာတွေတောင် ထွက်လို့ ． ． ．။ ကျွန်တော့်ပေါ်ကို ယိုင်ယိုင်ကျလို့ ပြန်ပြန်တွန်းရတာလည်း ခဏခဏပဲ။ ကျွန်တော်ကတော့ အိပ်လို့ရတော့မယ် မထင်ပါဘူး။ ကျွန်တော့်နေရာမှာဆိုရင် ဘယ်သူမှလည်း အိပ်လို့ရမှာ မဟုတ်ပါဘူး။ ကဲ ． ． ．တစ်သန်းကြေး လောင်းမလား။

ဒါပေမယ့် ကျွန်တော့်ပခုံးကို အတင်းလှုပ်နှိုးတာခံရတော့ ရွှေတောင်ကို ရောက်နေပါပြီ။ ကျွန်တော် ဘယ်အချိန် အိပ်ပျော်သွားလိုက်မှန်းကို မသိဘူးခင်ဗျ။ အိပ်ဖြစ်ရင်လည်း ခဏပါ။ အဲဒီလို အိပ်လိုက်တဲ့ ခဏ လေးမှာကို အိပ်မက်က မက်လိုက်သေးတယ်ခင်ဗျ။ မက်တဲ့အိပ်မက် ကလည်း လမင်းအကြောင်း မဟုတ်ပါဘူးဗျာ ． ． ．။ ကျွန်တော်ငယ်ငယ် တုန်းက ကျွန်တော့်အမေကြီးနဲ့ ကျွန်တော် ကောက်ညှင်းပေါင်းနဲ့ ငါးရံ့ ခြောက်ဖုတ်တွေ စားနေတဲ့အကြောင်းပါ။ လူ့စိတ်ဆိုတာ တော်တော် ဆန်းကြယ်တာပဲ။

ကားပေါ်က ကျွန်တော်ဆင်းလိုက်တော့ ရွှေတောင်ဆိုတဲ့နေရာက

BURMESE CLASSIC .com

မှောင်မဲနေတာပဲခင်ဗျ။ ကျွန်တော့်ရှေ့တည့်တည့်မှာ ရှိနေတဲ့ လက်ဖက်ရည်ဆိုင်လေးကလွဲလို့ နေရာတိုင်းမှာ မဲမဲမှောင်နေတာပါပဲ။ မီးပွင့်ကလေးတွေဖွင့်ထားပေမယ့် တံခါးပိတ်ထားတဲ့ ဆိုင်တွေကိုလည်း တွေ့ရတယ်။ ကားပေါ်က ဆင်းသူကလည်း ကျွန်တော်တစ်ယောက်တည်းဆိုတော့ ကျွန်တော်သိပ်သွားချင်နေတဲ့ လိပ်စာကိုသွားဖို့ မိုးလင်းအောင် စောင့်ဖို့မှတစ်ပါး ဘာမှမရှိတော့ပါဘူး။ ကောင်းကင်ကို မော့ကြည့်တော့ အရှေ့ဘက်မှာ ကောင်းကင်ဟာ နည်းနည်းကလေးတော့ လင်းနေပါတယ်။ လင်းတယ်ဆိုရုံကလေးပါ။ ကျွန်တော် စိတ်ထင်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ . . .။

ဆိုင်ထဲရောက်တော့ အိပ်မှုန်စုံဖွားဖြစ်နေတဲ့ စားပွဲထိုးကလေးကို လက်ဖက်ရည်တစ်ခွက် မှာရတယ်။ လက်ဖက်ရည်ကလည်း ညံ့လိုက်တာဗျာ . . . ပြောမနေပါနဲ့တော့။ ဘာမှမတတ်နိုင်တဲ့အဆုံး ကျွန်တော် သည်းခံစိတ်ကို ဆွဲဆန့်ပစ်လိုက်ရတယ်။ လမင်းကတော့ အခုချိန်ဆို သူ့အိမ်ကလေးထဲမှာ သူ အိပ်ပျော်နေမှာပါပဲ။ ကျွန်တော်ကတော့ တစ်ခါမှမရောက်ဖူးတဲ့ နေရာတစ်ခုမှာ ဘာကြောင့်မှန်းမသိဘူး ရောက်နေရတယ်။ တွေးမိတော့ ငိုချင်လိုက်တာဗျာ . . .။ ကျွန်တော် လမင်းနဲ့ မဝေးရဖို့ လမင်းနဲ့ အဝေးကြီးကို ရောက်နေရတာကို သတိရမိတော့ . . . ကျွန်တော့်ကိုယ် ကျွန်တော် ဘာတွေဖြစ်ကုန်မှန်းကို မသိတော့ဘူး။

အိပ်မှုန်စုံဖွားဖြစ်နေတဲ့ လက်ဖက်ရည်ဆိုင်ကလေးရယ်၊ မှောင်မဲတိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်ရယ်၊ ကုန်တင်ကားကြီးတွေ တဝေါဝေါဖြတ်သန်းသွားနေတဲ့ အဝေးပြေးကားလမ်းမရယ်၊ လက်ဖက်ရည်ဆိုင်ခုံတွေပေါ်မှာ ပြန်အိပ်ပျော်သွားတဲ့ စပွဲထိုးကလေးကို ကျွန်တော် ငေးနေမိတယ်။

တဖြည်းဖြည်း မိုးလင်းလာပြီး လူတွေ ဟိုတစ်စ သည်တစ်စ ပြန်လှုပ်ရှားလာတာမြင်ရတော့ ကျွန်တော် စိတ်ဓာတ်တွေပြန်တက်လာပြီးလက်ဖက်ရည်

www.burmeseclassic.com


ဆိုင်ထဲက ထထွက်၊ အိပ်ထဲမှာပါတဲ့ လိပ်စာကလေးနဲ့ ဦးဖိုးရဲ့အိမ်ကို မေးရတယ်။ Express ကားကြီး ကျွန်တော့်ကို ချပေးသွားတဲ့နေရာနဲ့ ကျွန်တော်သွားရမယ့်နေရာက တော်တော်ကလေးကို လှမ်းနေပါသေးတယ်။ တစ်ချို့ဆိုရင် ကျွန်တော်မေးတဲ့လိပ်စာကို သိတောင်မသိဘူး။ ဒါပေမယ့် လူတွေနိုးပြီး ကားလမ်းနံဘေးက လယ်ကွင်းတွေထဲမှာ ဖျိုင်းကလေး တွေတောင် ပျံနေပြီမို့ တော်တော်အားတက်စရာတော့ ကောင်းပါတယ်။

ကျွန်တော် ဟိုမေး ဒီမေးနဲ့ပဲ နောက်ဆုံး သဘောကောင်းဟန်တူတဲ့ လူတစ်ယောက်နဲ့ သွားတွေ့တယ်။

''ဒီရွာက ဝေးသေးတယ်ကွ။ ဒီလယ်ကွင်းတွေ ဆုံးအောင်လျှောက် သွား ႉ ႉ ႉ အဲဒီနားမှာ မေးကြည့်ကွ''

သူညွှန်ပြတဲ့နေရာက အဝေးမှာ ခပ်ညို့ညို့ပါ။ ဒါပေမယ့် ကျွန်တော် အားတင်းပြီး လယ်ကွင်းရှေ့ကနေ လျှောက်ခဲ့တယ်။ သူပြောတဲ့နေရာ ရောက်တော့ အသေအချာကို မိုးလင်းနေပါပြီ။ ထပ်စုံစမ်းတော့ ရွာထဲကို သွားဖို့ ထပ်ညွှန်ကြတယ်။ တိတ်ဆိတ်နေတဲ့ ရွာလမ်းကလေးနံဘေးက ဝါးပင်တွေ အုံဆိုင်းနေတဲ့၊ ကြက်ကလေးတွေ မိုးလင်းစ အစာကောက်နေ တဲ့၊ ထွန်တုံးတွေ ငြိမ်ဆိတ်နေတဲ့၊ သီးပင်စားပင်တွေနဲ့ စိမ်းစိုနေတဲ့ အိမ်ကလေးကို ကျွန်တော်ဖြတ်လာရင်း ရွာရဲ့ အလှကို ကြည်နူးနေမိ သေးတယ်။ ရွာထဲတော်တော်ရောက်ပြီး စုံစမ်းတော့မှ နွားတရှဉ်းကို လှည်းမှာတပ်နေတဲ့ ဦးလေးကြီးတစ်ယောက်က ဦးပြည့်ဝရဲ့အဖေ ဦးဖိုးနီ ဆိုတဲ့အိမ်ကို လမ်းညွှန်လိုက်တယ်။

''ဦးဖိုးနီ ႉ ႉ ႉ။ ဦးဖိုးနီရှိလားခင်ဗျ''

ကျွန်တော် ကြုံးအော်ပေမယ့် အိမ်ထဲက ဘာသံမှ မကြားရပါဘူး။ လေးငါးခွန်း ဆက်အော်တော့မှ အိမ်ထဲက မိန်းကလေးတစ်ယောက် လှမ်းထူးသံနဲ့အတူ ထွက်လာတယ်။

'အဘကိုခေါ်တာလား . . .။ ဘယ်သူလဲ''

''ဒါ . . . ဦးဖိုးနီတို့အိမ်ကပါလားခင်ဗျာ . . .။ ကျွန်တော် ရန်ကုန်ကပါ။ ဦးဖိုးနီနဲ့ တွေ့ချင်လို့ပါ''

''ဟင် . . . အဘက မနေ့ကမှ ရန်ကုန်က ပြန်လာတဲ့ဟာ . . .။ ဘာကိစ္စရှိလို့လဲ''

''ဟုတ်ပါတယ်ခင်ဗျာ . . .။ ကျွန်တော့်ကို ဦးပြည့်ဝက လွှတ်လိုက်လို့။ ကိစ္စအရေးကြီးတာနဲ့ ညတွင်းချင်း လိုက်လာတာပါခင်ဗျာ။ ဦးဖိုးနီနဲ့ တွေ့ပါရစေ''

ကျွန်တော့်စကားကြောင့် ကောင်မလေးက နည်းနည်းစိုးရိမ်သွားဟန် တူပါတယ်။ ဦးပြည့်ဝဆိုတဲ့ နာမည်ကြောင့် ကျွန်တော့်ကို ရန်ကုန်က လာတယ်ဆိုတာ ယုံကြည်သွားဟန်လည်း တူပါတယ်။

''ဟင် . . . ဒါဆို ကိုကိုကြီးက လွှတ်လိုက်တာပေါ့။ မနေ့က အဘ ရန်ကုန်ကိုသွားရက်နဲ့ ဒီနေ့ ချက်ချင်းကြီးလွှတ်ရအောင် ဘာများဖြစ်လို့လဲဟင် . . .။ ကိုကိုကြီးရော . . . ဘာဖြစ်လို့လဲ''

''ဘယ်သူမှ ဘာမှ မဖြစ်ပါဘူးခင်ဗျာ။ ဒီကိစ္စက ကျွန်တော့်ကိစ္စပါ။ ဦးဖိုးနီနဲ့ တွေ့မှရမှာမို့ပါ''

ပထမ ကောင်မလေးက မယုံသင်္ကာဖြစ်နေတယ်ခင်ဗျ။ မနေ့ကမှ ရန်ကုန်ကပြန်လာတဲ့ သူ့အဘကို တစ်ရက်ခြားကြီး ရန်ကုန်က လူတစ်ယောက်က လာမေးတယ်ဆိုတော့ ဘာများလဲပေါ့လေ . . .။ ကျွန်တော်ကလည်း ဆပ်ပြာကိစ္စကို ထုတ်မပြောသေးပါဘူး။ မသင်္ကာရတဲ့အထဲ ရှုပ်ကုန်မှာစိုးလို့ပါ။ ကိုယ်တိုက်ဆပ်ပြာကလေးတစ်တုံးကြောင့် ရန်ကုန်က နေ ရွှေတောင်အထိ လိုက်လာတယ်ဆိုတာ ကိုယ်က ဖြစ်နိုင်စရာ သိပ်မရှိဘူး မဟုတ်လား။ နောက်ဆုံးမှ ကောင်မလေးက ကျွန်တော့်ကို ယုံကြည်သွားဟန်နဲ့ ပြောပါတယ်။

www.burmeseclassic.com


''အဘက ခုနကပဲ ရွာဦးကျောင်းကို သွားတယ်။ အရေးကြီးရင် လိုက်သွားလေ . . .။ ဒါမှမဟုတ် ဒီက စောင့်ချင်လည်းစောင့်၊ သွားခေါ် ပေးမယ်''

စောင့်ရရင် ပိုစိတ်ပင်ပန်းလို့ ရွာဦးကျောင်းကိုမေးပြီး ကျွန်တော် ကိုယ်တိုင် လိုက်ခဲ့ပါတယ်။ တတ်နိုင်ဘူးလေ ကိုယ့်ဆရာရယ် . . .။ မောရ မယ်ဆိုရင်လည်း လမင်းနဲ့ပတ်သက်တာတွေ တစ်ဘဝလုံးစာအမော ကုန်ပါ စေတော့လို့ ဆက်လိုက်ရင်း ဆုတောင်းရတာ အမောပဲ။

ရွာဦးကျောင်းဝင်းထဲကို ရောက်တော့ စေတီကလေးတစ်ဆူကို တွေ့တယ်။ ကျွန်တော်လည်း ဝတ်ချဖို့ စိတ်ထဲမှာရှိပေမယ့် ဦးဖိုးနီက အရေးကြီးနေတာမို့ ဝတ်မချဖြစ်ဘူး။ ဟိုဟိုဒီဒီငေးတော့ စေတီကလေးနဲ့ မလှမ်းမကမ်းမှာ ရှေးဟောင်းအပြောက်အမွန်းတွေနဲ့ ရေနံချေး ဝနေတဲ့ သစ်ကျောင်းဆောင်ကြီးတစ်ဆောင် သွားတွေ့တယ်။ ဆရာတော်ဆီ သွားတာဆိုရင်တော့ ဒီကျောင်းဆောင်ကြီးပေါ်ပဲ နေမှာပဲ . . . လို့ ဆုံးဖြတ်ပြီး ကျောင်းကြီးပေါ်ကို တက်တော့ တရားသံ သဲ့သဲ့ကို စကြားရတယ်ခင်ဗျ။

ကိုယ်တော်တစ်ပါးက ပလ္လင်ပေါ်ထိုင်ပြီး တရားပေးလို့။ လူ နှစ်ယောက်က တရားနာလို့ . . .။ ကျွန်တော်လည်း မောသွားတာပဲ။ တရားနာနေတဲ့ လူတွေထဲမှာ ဦးဖိုးနီဆိုတာ ရှိသလား မရှိဘူးလားဆိုတာ မေးဖို့ ဘယ်ကောင်းပါ့မလဲ။ တရားမနာဘဲနေတဲ့လူကလည်း တစ်ယောက် မှကို မရှိဘူး မဟုတ်လား။ မတ်တပ်ရပ်နေလို့ မသင့်တော်တာနဲ့ ကျွန်တော် လည်း ဝင်ထိုင်ရတာပေါ့ဗျာ။ ပြီးတော့မှ ကိုယ်တစ်ကြိမ်မှ မရောက် ဘူးတဲ့၊ လာဖို့လည်း တစ်ခါမှ စိတ်မကူးဖူးတဲ့ ရွာတစ်ရွာရဲ့ ဘုန်းကြီး ကျောင်းထဲက တရားပွဲတစ်ခုထဲ ရောက်နေတဲ့ ကျွန်တော့်ကိုယ်ကျွန်တော် အံ့ဩနေမိတယ်။ ကံတရားက ပို့ရင် မရောက်ဘူးဆိုတဲ့နေရာ မရှိနိုင်ဘူး လို့လည်း တရားနဲ့ ဆင်ခြင်နေမိတယ်။

ကျွန်တော်က ဘုန်းကြီးကျောင်းထဲ ရောက်နေပေမယ့် မဟာဇနက ကတော့ သမုဒ္ဒရာထဲကို ရောက်နေတာခင်ဗျ။ ဆရာတော်ဟောနေတဲ့ ဇာတ်က မဟာဇနကဇာတ်ကိုး . . .။

''အေး . . . အဲဒီလို ငါတို့မြတ်စွာဘုရားဟာ လုံ့လကို မလျော့ဘဲ မဟာသမုဒ္ဒရာထဲ ကူးခတ်နေရင်း နေ့လွဲညစာ စားသောက်ဖွယ်ရာ တစ်စုံ တစ်ရာ အနီးအစပ် မျှောကပ်လာသော်လည်း ဆယ်ယူသုံးဆောင်ခြင်း အလျဉ်းမပြုဘဲ ဆားငံရေဖြင့် ခံတွင်းကို ဆေးရင်း ဥပုသ်ဆောက်တည် တော်မူတယ် ဒကာတို့ရဲ့''

''အစားစာကို စားတော်မူသလား ပရိသတ်''

''မစားပါ ဘုရား . . .''

''အေး . . . ကိုယ့်အိမ်ထဲ ကိုယ်နေရမှ ဥပုသ်သီလ ဆောက်တည်ချင် သူများ မဟာဇနကရဲ့ ဝီရိယနဲ့ သည်းခံမှုမျိုးကို နမူနာယူကြစမ်းပါ။ ကဲ . . . တရားကိုဆက်ရရင် အဲဒီအခါသမယမှာ ဓတရဋ္ဌ၊ ဝရူဠှက၊ ဝိရူပက္ခ၊ ကုဝေရဆိုတဲ့ စာတုလောကပါလ နတ်မင်းကြီးလေးပါးက မဏိ မေခလာမည်သော နတ်သမီးအား မိဖကို ရိုသေစွာလုပ်ကျွေးခြင်း၊ သူ တစ်ပါးတို့အား ချစ်ခင်သနားခြင်း၊ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသောဂုဏ်နဲ့ ပြည့်စုံတဲ့ ယောကျ်ားမြတ်တို့ကို ဤမဟာသမုဒ္ဒရာ၌ နစ်မွန်း၍ မသေစေလင့် . . . ဆိုပြီး ကယ်ဆယ်ရန် အစောင့်ထားကြသတဲ့''

မဟာဇနကမင်းသား သမုဒ္ဒရာမှာ ဟိုမှဒီမှ တစ်ပြောင်းတစ်ပြန် ကူးခတ်နေရသလို တပည့်တော်လည်း ဟိုမှဒီမှ တစ်ပြောင်းတစ်ပြန် ကူးခတ် နေရတယ် ဘုရား။ တပည့်တော်ကို ကယ်ဆယ်ရန် ဦးဖိုးနီကို လွှတ်ပေး တော်မူပါ။ ရင်ထဲမှာဆုတောင်းရင်း တရားဟောဆရာတော်ကို လှမ်းကြည့် တော့ ဆရာတော်က ကျွန်တော့ကို လှမ်းကြည့်နေတာခင်ဗျ။ ကျွန်တော် လည်း မျက်လုံးချင်း မဆုံရဲတာနဲ့ မျက်စေ့ကို မှိတ်ထားလိုက်တယ်။

www.burmeseclassic.com


တရားနာဖို့လာတာမဟုတ်မှန်း ကိုယ့်ကိုကိုယ် သိနေတော့ ဘယ်လို ပါတော့မလဲ . . .။

ဆရာတော့်တရားထဲမှာ မဏိမေခလာနဲ့ မဟာဇနက တွေ့ကြ တယ်။

''နတ်သမီး . .။ ဤလောက၌ ရှေးကုသိုလ်ကံ မဖွံ့ဖြိုးလွန်းသော လူတို့သည် မိမိတို့နှင့် ထိုက်တန်ရာ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း အစရှိသော အလုပ်တို့ကို ဆောင်ရွက်လိုသည်ဖြစ်စေ၊ မဆောင်ရွက်လို သည်ဖြစ်စေ ကိုယ့်အလိုဆန္ဒပြည့်စုံမည် စင်စစ်မှန်လျှင် ပျင်းရိသည်ဟူ၍ မနေအပ်။ ကောင်းစွာသော လုံ့လဖြင့် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ပါး လုံ့လဖြင့် ပြုအပ်လှသည်မှာ အမှန်ပင် ဖြစ်ပါတော့သတည်း . . .''

''သာဓု . . . သာဓု . . . သာဓုပါ . . . ဘုရား''

●

''မောင်ရင် မောင်ရင် ထ ထစမ်း။ မောင်ရင် ဘယ်ကလူလဲ . . .။ ထ ထစမ်း။

ခပ်ကြမ်းကြမ်းလှုပ်နှိုးတာ ခံရလို့ မျက်စိဖွင့်တော့ ကျွန်တော့်ရှေ့မှာ လူဆယ်ယောက် ဝိုင်းအုံကြည့်နေကြတယ်ခင်ဗျ။ ခဏတော့ ကျွန်တော် ဘာမှကို ပြန်မပြောနိုင်ဘူး။ ပြန်မပြောနိုင်ဆို အိပ်ယာက နိုးကာစ စိတ်မှာ ဘာတွေဖြစ်နေမှန်းတောင် ကျွန်တော် ကောင်းကောင်းမသိပါဘူး။ ခဏလေးကြာသွားတော့မှ လက်ရှိရောက်နေတဲ့ နေရာနဲ့ ကျွန်တော့်ဘဝကို


BURMESE CLASSIC .com

ဝုန်းခနဲ အတင်းဆက်စပ်ယူရတယ်။

''ဦးဖိုးနီ . . . ဦးဖိုးနီ။ ကျွန်တော် . . . ဦးဖိုးနီကို လာရှာတာပါ။ ကျွန်တော် ရန်ကုန်ကပါ''

''မင်းက ဦးဖိုးနီကို လာရှာတာ ဟုတ်လား . . .။ ဦးဖိုးနီ ခင်ဗျား ကိုတဲ့ . . .''

ကျွန်တော့်ကို ဝိုင်းကြည့်နေတဲ့ထဲက အသက် ၆၀ နီးပါးရှိတဲ့ လူကြီး တစ်ယောက် ထွက်လာပြီး ကျွန်တော့်ရှေ့ကို လာရပ်တယ်။

''ကျုပ်ကို လာရှာတာ . . .။ မောင်ရင်က ဘယ်သူလဲ . . .၊ ဘာကိစ္စ ရှာတာလဲ . . .''

ကျွန်တော်လည်း ကိုပြည့်ဝဆိုတဲ့လူ ရေးတဲ့စာကို ထုတ်ပြရင်း ဖြစ်ကြောင်းကုန်စင်ကို သူတို့နားလည်အောင် ရှင်းပြရတယ်။

''မောင်ရင့်အဖြစ်ကလည်း အဆန်းပါလား။ အေးလေ . . . ဖြစ်ချင် တာ မဖြစ်ရ၊ မဖြစ်ချင်တာ ဖြစ်ရတဲ့ လူ့လောကမှာ ဒီလိုကြုံရတာပါပဲ။ ကိုင်း . . . သူပြောသမျှ ဟုတ်ပါလိမ့်မယ်။ ကျုပ်သားက ကျုပ်ကိုကန်တော့ လိုက်တဲ့ထဲမှာလည်း ဆပ်ပြာတစ်တုံးတော့ ပါတယ်။ မောင်ရင် စိတ်အေး အေးထားပြီး အိမ်လိုက်ခဲ့ပေတော့ . .။ မောင်ရင့်ခရီး ကျုပ်နဲ့မှာ ဆုံးပါပြီ''

''ကျေးဇူးတင်လိုက်တာ ဘကြီးရယ် . . .။ အဲဒီဆပ်ပြာအစား ကန်တော့ဖို့ ဆပ်ပြာဆယ်တုံးလည်း ကျွန်တော့်မှာ ပါလာပါတယ်''

ဘုန်းကြီးကျောင်းကနေ ရွာထဲကို ပြန်လာရတယ်။ ဦးဖိုးနီရဲ့ အိမ်ရှေ့ ကို ရောက်တော့ ခုနက ကောင်မလေးက စိတ်ပူပဟန်တူပါရဲ့ . . . မျက်နှာ ပျက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်ခင်ဗျ။

''ကိုင်း . . . သမီးရေ၊ ရန်ကုန်ကဧည့်သည်အတွက် ရေနွေးကြမ်းအိုး ချဟေ့။ ပြီးရင် . . . မနေ့က ရန်ကုန်က ပြန်တုန်းက ပါလာတဲ့အိပ် အဘယူပေးစမ်းကွယ်။ ကဲ . . . မောင်ရင် ထိုင် . . . ထိုင်။ ခဏနားပါဦး။

www.burmeseclassic.com


စိတ်ချလက်ချသာ နေပါကွယ်. . .။ မင်းခရီး ဆုံးပါပြီ၊ အဘ ဒီဆပ်ပြာကို လက်ဖျားနဲ့တောင် မထိရသေးပါဘူး''

''ဟုတ်ကဲ့ အဘ။ ဒီမှာ. . .အဘအတွက် ကျွန်တော့်လက်ဆောင် ဆပ်ပြာတုံးတွေပါ''

မထိုင် မပြုနိုင်ဖြစ်နေတာကို သိပြီး နည်းနည်းရှက်သွားမိတယ်။ အင်းလေ. . .ကိစ္စက ပြီးပါပြီ လမင်းရေ. . .ငါလာပြီဟေ့. . လို့ စိတ်ထဲက ကြွေးကြော်ရင်း ထိုင်ရတယ်။ ခဏအိပ်လိုက်ရလို့လား၊ စိတ်ပဲ အေးသွားလို့လားတော့ မသိဘူး။ လူက လန်းဆန်းနေတာပဲ။

အိမ်ပေါ်ပြန်တက်သွားတဲ့ကောင်မလေးက ရေနွေးကြမ်းအိုးနဲ့ ထန်းလျက်ခဲပန်းကန်လာချရင်း ကျွန်တော့်ကို တစ်ချက်ခိုးကြည့်တယ်။ ဒီတော့မှ သတိထားမိတယ်။ ကောင်မလေးက တောကသာ ဆိုပေမယ့် ချောချောကလေးဗျ။ ကိုယ်လုံးကိုယ်ပေါက်ကလည်း မိတယ်။ ပြင်ဆင် မထားဘဲ ခပ်ရိုးရိုးဆိုတော့ တစ်မျိုးကြည့်ကောင်းတာပဲခင်ဗျ။ ဒီလို စိတ်ထားလို့ ကျွန်တော့်ကို အပြစ်တော့မတင်ပါနဲ့။ ဒါ. . .လမင်းအပေါ်မှာ ဖောက်ပြန်နေတဲ့၊ သစ္စာမရှိတဲ့အဖြစ် မဟုတ်ပါဘူး။ မိန်းကလေး တစ်ယောက်ရဲ့ ရုပ်ရည်ကို မှတ်ချက်ပေးတတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ သာမန်စိတ်ပါ။ ခုနက ကောင်မလေးကို ကျွန်တော်တွေ့ရပေမယ့် လှမှန်းတောင် သတိမထားမိဘူး။ ခုတော့ အရာရာက OK သွားပြီ လေ. . .။

စိတ်အေးလက်အေးရှိသွားတော့ အလှတရားကို အလှတရားအတိုင်း မြင်မိတာမျိုးပါ။ ကျွန်တော့်ကို မြန်မာဗွီဒီယိုနဲ့ ရုပ်ရှင်ကားတွေထဲက မင်းသားတွေလောက် ကျွန်တော့်ကို မရိုးသားဘူးလို့ အပြစ်ပြောချင်လည်း ပြောပေါ့။

''ဟဲ့. . .ကလေးမ အဘအိပ် သွားယူခဲ့ပါဆိုကွယ်။ မောင်ရင်

BURMESE CLASSIC .com

www.burmeseclassic.com


ကလည်း အေးအေးဆေးဆေးပဲ မဟုတ်လား . . .။ ဒီမှာ နားချင်လည်း နားနော်''

''ဟာ . . . ကိစ္စမရှိဘူးအဘ။ ဆပ်ပြာရတာနဲ့ ကျွန်တော်ပြန်ရမှာပါ။ ဟိုမှာက အဘသိတဲ့အတိုင်းပဲ။ အားလုံးအဆင်ပြေပြီးမှ အဘကို သပ်သပ် လာကန်တော့ပါဦးမယ်''

''အေးကွာ . . . ကံရှိရင် ဆုံ၊ ကံကုန်တော့ သွားပဲကွ။ ငါတို့ ကံရှိလို့ ဆုံကြရတာ . .။ ဆွေမျိုးလိုသာ သဘောထားဟေ့ . . .''

ဒီစကားကို ဒီဘကြီးက ရင်ထဲကအတိုင်း ပြောတယ်ဆိုတာ ကိုတော့ ကျွန်တော်ယုံတယ်ဗျာ။ ယုံကြည်လောက်တဲ့ ရိုးသားလေးနက်မှု ကိုလည်း ဒီဘကြီးရဲ့မျက်နှာမှာ အရင်းအတိုင်းကို ကျွန်တော်တွေ့နေရ တာပဲ။ ဒီလိုတွေးမိတော့ ခုနက လာကန်တော့ပါဦးမယ်လို့ ပြောမိတဲ့စကား ကို ကျွန်တော့စိတ်ထဲမှာ ရှက်သွားတယ်။

ဘာကြောင့်လဲဆိုတော့ အဲဒီစကားကို ကျွန်တော် ကြိုတင်စိတ်ကူး ထားတာတော့ မဟုတ်ဘူး။ ညှော်ဝတ်ကျေတဲ့ ဒီနေရာမှာ ကြာကြာမနေနိုင် တာကို အကြောင်းပြုပြီး ပြောမိတဲ့စကားပါ။ အခုမှ တကယ့်ကို လာ ကန်တော့ဦးမယ်လို့ စိတ်ထဲက လေးလေးနက်နက်ကို ဆုံးဖြတ်ပြီး ထပ် ပြောရတယ်''

''ကျွန်တော် တကယ်ကို လာကန်တော့ဦးမှာပါ အဘ''

''အေးလကွာ . . . အေးပါ . . .။ ဟဲ့ . . . မဒွေး အိပ်ယူခဲ့ ဆိုတာ ကို . . .။ မိဒွေး''

''လာပြီ . . . အဘ . . . လာပြီ''

အရေးတကြီး ပြန်အော်သံ ခဏကြာတော့ ကောင်မလေးက ခပ်ဟောင်းဟောင်းဟမ်းဘက်(ခ်)အိပ်တစ်လုံးကို ယူပြီး ဆင်းလာတယ်။ အိပ်ကို ဘကြီးဆီမပေးခင် ကျွန်တော့်ကို တစ်ချက်ခိုးကြည့်သေးတယ်

www.burmeseclassic.com


ခင်ဗျ။ ကျွန်တော်လည်း သူခိုးကြည့်သွားတာကို ကျေနပ်သလိုပဲ။ ဒါပေမယ့် ခဏပါ။ စိတ်က သူလာပေးတဲ့အိပ်ဆီကို ရောက်သွားရော . . .။ ကိုယ်က အိပ်ဆီကို စိတ်ရောက်တော့မှ ဘကြီးက ကွမ်းယာကို ယာနေတာနဲ့ ကြုံတယ်။ စိတ်ထဲမှာ အသည်းယားလှပြီဗျာ . . .။ အဲဒီလောက် ဒုက္ခပေးခဲ့တဲ့ ဆပ်ပြာကို ဘယ်လိုပုံစံလည်းဆိုတာ သိချင်လှပြီ၊ လက်ထဲမှာ အားပါးတရ ဆုပ်ကိုင်ထားလိုက်ချင်ပြီ။

ဘကြီးကတော့ အေးအေးဆေးဆေးပဲခင်ဗျ။ လက်ညှိုးနဲ့ လက်မမှာ ပေနေတဲ့ ထုံးကိုတောင် အရသာသိပ်ရှိတဲ့ပုံစံနဲ့ လျှက်နေသေးတယ်။ ပြီးသွားမှ လက်နှစ်ဖက်ကို ပွတ်ခါရင်း ကျွန်တော့်ကိုကြည့်ပြီး ပြုံးပြတယ်။ အဓိပ္ပာယ်ကတော့ စိတ်မပူပါနဲ့ ကိုယ့်လူရာပေ့ါလေ . . .။ ပြီးတော့မှ သူ့အိတ်ကို ဂရုတစိုက်ဖွင့်တယ်။ ဟို . . . မဒွေးဆိုတဲ့ ကလေးမကလည်း အနားမှာ ရပ်လို့ . . .။ သူ့စိတ်ထဲမှာတော့ ဘာများလဲဆိုတာ ရှိနေပုံပဲ။

ဘကြီးက အိပ်ကိုဖွင့်ပြီး လက် အထဲကို နှိုက်တယ်။ ပြီးတော့. . . ဟိုဟိုဒီဒီရှာတယ်။ အိပ်ထဲက သူ့လက်ကို မမြင်ရတော့ သူ့မျက်နှာကိုပဲ ကျွန်တော်က အငမ်းမရကြည့်နေရတာပေါ့။ ဘကြီးက တစ်ချက် ဆတ်ခနဲ ရပ်တယ်။ ပြီးတော့ . . . ပုံမှန်ဖြစ်နေတဲ့ သူ့မျက်နှာကို မော့လိုက်တော့ ဘယ်ဘက်နှုတ်ခမ်းထောင့်ကနေ ကွမ်းတံတွေးတွေ စီးကျလာတယ်။ ဒါပေမယ့် ဘကြီးက မသုတ်ပါဘူး။ ကွမ်းတံတွေးက မေးဖျားအထိ ဖျပ်ခနဲ ကျတယ်။

''ဟေ့ မိဒွေး . . .။ ငါ့အိပ်ကို ဘယ်သူကိုင်သေးတုန်းကွ''

''အို . . . မကိုင်ရပါဘူးတော်။ ကျုပ်ဆို ထိတောင် မထိဘူး။ အခုန အဘယူခိုင်းလို့သာ ယူရတာ''

''ဟေ . . . ဒါဆို ငါ့အိပ်ထဲက ဒီဆပ်ပြာက''

ကျွန်တော်ရင်တွေခုန်သွားလိုက်တာမှဗျာ . . . ရင်ခုန်သံက ကျွန်တော့်

www.burmeseclassic.com


တစ်ကိုယ်လုံးကို အမြှောက်ကျည်ဆံလို လုပ်ပစ်လိုက်သလားကို ထင်ရတာ ● ● ●။ ဟမ်းဘက်(ခ)အိပ်တွေထဲက ကျလာတဲ့ပစ္စည်းတွေက ပုဆိုးသုံးထည်၊ သဘက်နှစ်ထည်၊ သွားတိုက်ဆေးငါးဘူး၊ အကိုက်အခဲပျောက်ဆေးပုလင်း ငါးပုလင်းနဲ့ ကိတ်မုန့်တစ်လုံး။

ဘယ်မှာလဲ ● ● ● ဆပ်ပြာ။

''ဟေ့ ဆပ်ပြာ ပါကိုပါတယ်ကွ။ ဘယ်မလဲ ဆပ်ပြာ''

''ဘယ်သိမတုန်းတော့။ ဆပ်ပြာ ● ● ● ဟုတ်လား။ ဒီမှာလည်း ဆပ်ပြာတွေ ရှိနေတာပဲ''

''မဟုတ်ဘူး။ ငါ့အိတ်ထဲက ဆပ်ပြာကို လိုချင်တာ ● ● ●။ မိဒွေး ● ● ● နင်ယူသလား''

အော်သံ ဟစ်သံတွေကြားထဲမှာ ကျွန်တော့်ဘဝဟာ အဝေးကြီးကို ရောက်သွားသလိုပဲဗျာ။ ကျွန်တော်ဟာ အရူးအမူးဖြစ်ပြီး အိတ်ထဲက ကျလာတဲ့ ပစ္စည်းတွေကြားထဲမှာ လျှောက်မွှေနှောက်ရှာနေမိတယ်။

ဘယ်မှာလဲ ● ● ●။ ဘယ်မှာလဲ ● ● ●။

''ဆပ်ပြာဆို ကျုပ် ဘယ်သိမလဲတော့။ ကိုခွေးသာ ရှိတော့တာပေါ့။ အဘပြန်လာတုန်းက ပစ္စည်းတွေပြတော့ သူပဲ ဆပ်ပြာကို တောင်းတာ။ သူယူတာသာ ဖြစ်မှာပေါ့။ ကျုပ် ဘယ်သိမှာလဲ''

''ဆပ်ပြာတင်မဟုတ်ဘူးဟေ့ ● ● ● ကိတ်မုန့်တစ်လုံးလည်း ပျောက်သေးတယ်။ မိဒွေး ကိတ်မုန့်ကိုတော့ ● ● ●''

''ကိတ်မုန့်ကတော့ ကျုပ်ပါတော့ ● ● ●။ ဘုရားစင်တောင် နှစ်ချပ်တင်ထားသေးတယ်။ ကျုပ်လဲ တစ်ချပ်ပဲစားတာပါ။ အခု ညှော်သည်ကို တောင် ချပေးရမလားလို့ စဉ်းစားနေတာ ● ● ●။ ဆပ်ပြာတော့ ကျုပ် မထိပါဘူး''

''တယ် ● ● ● နင်တို့ ခက်တာပဲ။ မိဖမျက်နှာ အိုးမဲသုတ်တဲ့ ကလေး

www.burmeseclassic.com


တွေ့ပဲ။ အခု ဘယ့်နှယ်လုပ်ကြမတုန်း။ ငါ့မှာ ကောင်းပြီ ကောင်းရက် ပြောပြီးမှ၊ တောက် ... ငါလေ ... တယ်''

''တော် ... တော်ပါတော့ ဘကြီးရယ်။ အဲဒီဆပ်ပြာက အခု''

ဘကြီးမျက်နှာက တော်တော် ပျက်နေပြီဗျာ။ ကျွန်တော့်ရင်ထဲမှာလည်း မီးလောင်နေပြီပေါ့။ ဘကြီးက ကျွန်တော့်ကို အားနာတဲ့ မျက်နှာနဲ့ ကြည့်ပါ တယ်။

''မောင်ခွေး ... မောင်ခွေး။ လုပ်ရက်လေကွာ ...။ စိတ်ချပါ မောင် ရင်။ ဒီကောင်က ကျုပ်သားပါ။ ကျုပ် မရရအောင် ပြန်ယူပေးပါ့မယ်။ ဟဲ့ ... မိဒွေး။ ဒီကောင် ဘာလို့ ဆပ်ပြာယူသလဲ ပြောစမ်း''

မိဒွေးက တော်ရုံနဲ့ မပြောနိုင်ပါဘူး။ သူစိမ်းယောကျ်ားကလေး တစ်ယောက်ရှေ့မှာ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ အမာန်ခံရလို့ ရှက်နေဟန်၊ ဝမ်းနည်း သွားဟန်နဲ့ ငိုနေရှာတယ် ...။ ဘကြီးက ဒေါသနဲ့ ထပ်မေးတော့မှ ...

''ဆပ်ပြာဆို ... သူ့ကောင်မ ချောရီအတွက်ပဲ နေမှာပေါ့တော့။ အဘဆီ တောင်းကတည်းက သူ့ကောင်မပေးဖို့ တောင်းတာပဲဟာ ...''

''ခက်ရချည်ရဲ့ကွာ ...။ ကဲ ... မောင်ရင် ဒီကသာစောင့်။ ကျုပ် လိုက်ယူပေးပါမယ်။ စိတ်ချ ... ရအောင်သာ ယူခဲ့ပါ့မယ်''

''ကျွန်တော် မနေခဲ့ပါရစေနဲ့ အဘရယ် ... ကျွန်တော့်ကို ခေါ်ပါ။ ကျွန်တော်ပါ လိုက်ခဲ့ပါရစေ ...။ ကျွန်တော့်ကို နားလည်ပါ''

ဘကြီး ပြန်မငြင်းတော့ဘဲ ရှေ့က ထွက်သွားတယ်။ တစ်လမ်းလုံး ဘာစကားကိုမှလည်း မပြောဘူး။ ကွမ်းတံတွေး ထွေးလိုက်၊ မောင်ခွေး ဆိုတဲ့လူကို ကျိန်ဆဲလိုက်၊ လမ်းမှာ ရွာကလူတွေကို တွေ့ရင် မောင်ခွေးကို ဘယ်မှာတွေ့သလဲ မေးလိုက်နဲ့ ...။

ဘယ်သူမမှု ဘယ်သူ့ပတ်သလဲတော့ မသိတော့ပါဘူး။ အခုတော့ ဆပ်ပြာနောက်ကို လိုက်တဲ့လူဟာ ကျွန်တော်တစ်ယောက်တည်း မဟုတ်

BURMESE CLASSIC .com

တော့ဘူး။ ကျွန်တော်ကတော့ ဘကြီးကိုလည်း အားနာ၊ ရင်ထဲမှာ ဖောတွေတက်၊ နှလုံးသားထဲမှာလည်း ဝမ်းနည်းကြေကွဲပေါ့ . . .။

လမင်းရေ . . . ငါ့ကို မြင်လှည့်စမ်းပါဦး။

●

''မချယ် . . . မချယ်။ ဟေး . . . မချယ်''

ဘကြီးခေါ်သံတွေထဲမှာ အရေးကြီးတာ၊ စိတ်မရှည်တာ၊ စိုးရိမ်နေတာတွေ အပြည့်ပါနေလို့ ကျွန်တော် စိတ်ကို နည်းနည်းလျှော့ထားလိုက်ပါတယ်။ ဘကြီးရပ်ပြီးအောနေတဲ့ နှစ်ထပ်သစ်သားအိမ်ကလေးထဲက ဘာသံမှ တုန့်ပြန်တာ မကြားရဘူးခင်ဗျ။ ဒုတိယအကြိမ်အော်တော့မှ . . .

''ကဖိုးနီလားတော့ . . .။ ဘာတုန်း''

''အေး . . . ငါပါဟ။ နင့်သမီး ချောရီ ရှိလား''

''ချောရီ . . . ဘာကိစ္စတုန်း''

တအံ့တသြမေးသံနဲ့အတူ မိန်းမကြီးတစ်ယောက် ဘီးစပတ်ပတ်ရင်းနဲ့ ထွက်လာတယ်။ တစ်ခါ အိမ်ထဲပြန်ဝင်ပြီး ဖြစ်ကြောင်းကုန်စင် ရှင်းပြရပြန်တယ်ဗျာ။ ကျွန်တော်ကတော့ သေချင်စော်ကို နံနေပြီ။ မောင်ခွေးဆိုတဲ့လူ ယူသွားတာ ဘယ့်နှယ် ချောရီဆီလိုက်ရတယ်ဆိုတာကိုလည်း ကျွန်တော် နားမလည်တာ အမှန်ပဲ။

''ဒီကိစ္စတွေ ကျုပ်မသိတာ အမှန်ပဲ၊ ချောရီ . . . ချောရီ . . .။ ပိုးကြေးပန်းကြေးပေးတာတွေကို အခုထိသာယာနေတုန်း။ မြန်မြန် ယောက်ျား

www.burmeseclassic.com


ပေးစားတာပဲကောင်းတယ်။ ဟဲ ့ . . . စောမို . . . စောမို လာစမ်း''

ဆယ့်လေးနှစ်လောက်ရှိတဲ့ ကောင်မလေးတစ်ယောက် အပေါ်ထပ် ပြတင်းဝနား ပေါ်လာတယ်။ ဒေါ်ချယ်ရီဆိုတဲ့ အဒေါ်ကြီး ကြည့်ရတာလည်း တော်တော်ဒေါသထွက်နေပုံပဲ ခင်ဗျ။

''နင့်အမ ချောရီကို ငခွေးက ဆပ်ပြာတစ်ခဲလာပေးတာ နင်သိလား''

''ကျုပ် သိဘူးတော့ . . .။ ဒါပေသည့် မနက်က ဆပ်ပြာတစ်ခဲ ရတယ်လို့ ချောရီပြောသံတော့ ကြားမိသား''

''ချောရီ ဘယ်မလဲ''

''ခုနကပဲ ရေချိုးမယ်ဆိုပြီး ဆင်းသွားတာပဲတော့''

ကျွန်တော့်ဘဝအတွက် နောက်ဆုံးအချိန်မို့ ရေတွင်းကုန်းကိုလိုက် လာတဲ့အထဲမှာ ကျွန်တော်က ရှေ့ကပဲ။ လမ်းမသိလို့သာဗျာ . . .၊ သိများ သိရင် ပြေးသွားတာ ကြာပြီ၊ ဆပ်ပြာကို ထုတ်များတိုက်လိုက်လို့ကတော့ ကျွန်တော့်သော့ရော ပျက်ပြီပေါ့ . .။ ကျွန်တော့်ဘဝလည်း သွားပြီပေါ့။

''မြန်မြန်လာပါ အဘရာ . . .။ တော်ကြာ ကျွန်တော့်ဆပ်ပြာကို တိုက်လိုက်ပြီဆိုရင် . . .''

''အေးပါကွာ . . . ငါရှိပါတယ်။ စိတ်ချပါ''

ဒီတစ်ခါတော့ ကျွန်တော် စိတ်မချနိုင်တော့ပါဘူး။ အဘ ဦးဖိုးနီရဲ့ စေတနာကို စော်ကားတာ မဟုတ်ပေမယ့် သူရှိနေတာဟာ ဆပ်ပြာကို ဘာမှ အကာအကွယ် မပေးနိုင်ဘူးဆိုတာတော့ ကျွန်တော်သိပါတယ်။ လမ်းကလေးကွေ့တော့ ကျောက်စီရေတွင်းကြီးကို ဖြုန်းခနဲတွေ့တယ်။ ဝမ်းသာသွားပေမယ့် ဘာမှမလုပ်နိုင်ဘူး။ ရေချိုးဖို့ရှိနေတဲ့ မိန်းကလေးက ငါးယောက်ရှိနေတာခင်ဗျ။ အဲဒီအထဲက ဘယ်သူက ချောရီလည်းဆိုတာ ကျွန်တော် အသေအချာ မသိဘူး။ အဲဒီ အချိန်မှာပဲ ဦးဖိုးနီရဲ့ ကြုံးအော်သံကို


BURMESE CLASSIC .com

ကျွန်တော်ကြားရတာ . . .။

'ဟဲ့ . . . ချောရီ . . . ချောရီ။ အဲဒီဆပ်ပြာကို မလုပ်နဲ့ . . . မလုပ်နဲ့''

ရေချိုးလက်စ မိန်းကလေးတစ်ယောက် ဆပ်ပြာဘူးအသစ်ကို ဖွင့်နေတာ တွေ့ရတော့ ကျွန်တော် အသိဉာဏ်တစ်ခုလုံး ပြာဝေသွားပြီး အတင်းပြေးရင်း ဆပ်ပြာခဲကို ဝင်လုတယ်။ အဲဒီမိန်းကလေး လန့်အော်သံ၊ ဝရုန်းသုန်းကား လူတွေအော်သံ၊ ဆပ်ပြာခဲ ကျွန်တော့်လက်ထဲရောက်လို့ သော့ရာရှိလား ကမန်းကတမ်းကြည့်နေတုန်း . . . ကျွန်တော့်မျက်နှာ ပူခနဲဖြစ်သွားတယ်။ ပြီးတော့ . . . ကျွန်တော့်ခန္ဓာကိုယ် လွင့်ထွက်သွားတယ်။ ပြီးတော့ . . . . . ပစ်တွန်းခံရ၊ ဆွဲတာခံရနဲ့ နောက်ဆုံး ကျွန်တော့်မျက်စိထဲမှာ ဝင်းခနဲ တစ်ချက်ကိုတော့ မြင်လိုက်ရပါသေးတယ်။

●

ကျွန်တော်သတိရလို့ မျက်လုံးဖွင့်ကြည့်တော့ ဆေးရုံကို ရောက်နေပြီ။

ရွှေတောင်က ရပ်ရွာလူကြီးတွေနဲ့ အဘဦးဖိုးလူလည်း ရှိပါတယ်။ ကျွန်တော်ချက်ချင်း ကုန်းရုန်းထတယ်။ ဒါပေမယ့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲပြီး ထလို့ မရဘူး။

www.burmeseclassic.com


''မထနဲ့ဦးသား ။ ။ ။ သား တော်တော် ဒဏ်ရာရထားတယ် ။ ။ ။ သား ထလို့မရသေးဘူး၊ ရွာသားတွေကလည်း ဘာမှမသိတော့ မင်းကို စော်ကားတယ်ထင်ပြီး ဝိုင်းရိုက်ကြတာပေါ့၊ မင်းက မျက်နှာစိမ်းကိုး''

''ကျွန်တော့်ဆပ်ပြာရော ။ ။ ။ အဘ''

''ရှိတယ် ။ ။ ။ အဘ သိမ်းထားတယ်''

''ဒီနေ့ ဘာနေ့လဲအဘ''

''သားက တစ်ရက်လုံးလုံး သတိလစ်နေတာကိုး ။ ။ ။ ဒီနေ့ စနေနေ့လေ''

''ဗျာ ။ ။ ။''

ကျွန်တော်လန့်ဖြန့်ပြီး တအားကြုံးထတယ်။ လူတွေအားလုံးက ကျွန်တော့်ကို ဖိုင်းဖိထားကြတယ် ။ ။ ။ လမင်း ။ ။ ။ လမင်း ။ ။ ။ လမင်း ။ ။ ။ ကျွန်တော်ကြုံးအော်နေတုန်း ဆေးရုံက ဆရာဝန်တွေ ဝုန်းဝုန်းဒိုင်းဒိုင်း ဆူညံသွားတယ်။ ကျွန်တော့်ဆီ လာတာတော့ မဟုတ်ဘူး။ ကားမှောက် လို့တဲ့။ ကားတစ်စင်း မှောက်လို့တဲ့ ။ ။ ။ အရေးပေါ်တဲ့။ အဲဒီအသံကြားပြီး ကတည်းက ကျွန်တော်လည်း ဘာမှ မသိတော့ပြန်ဘူး။

ကျွန်တော် ပြန်သတိရလာတော့ ကျွန်တော့်အနားမှာ ဘယ်သူ မှ မရှိဘူး။ နပ်(စ်)မ ရုပ်ဆိုးဆိုးကလေးတစ်ယောက်ပဲ ရှိတယ်။ သူက ပြုံးပြီး 'သတိရပြီလား' ။ ။ ။ တဲ့။ ကျွန်တော် အရုပ်ကြိုးပြတ် လဲကျ သွားတယ်။ ကျွန်တော် ဘာကြောင့် တစ်ခါတည်း သေမသွားတာလဲ။ ကျွန်တော်မေးတာက ဒီနေ့ ဘာနေ့လဲပဲ။ သူက တနင်္ဂနွေ ။ ။ ။ တဲ့။ နောက်ဆုံးအကြိမ်အထိ လွဲတဲ့လူလို့ လမင်းက ယူကြုံးမရ ထင်သွားမှာ ထက်စာရင် ကျွန်တော် သေသွားပြီဆိုတဲ့ သတင်းကမှ သူ့အတွက် ကျွန်တော့်ကို ဂုဏ်တက်စေဦးမယ်။

''စိတ်ဓာတ်မကျပါနဲ့ ။ ။ ။ နေ့လည်လောက်ကို ။ ။ ။ မနေ့က ဦးကြီးတွေ

က လာမယ်တဲ့''

နပ်(စ်)မလေးက အပြုံးနဲ့ပြောရင်း ထွက်သွားတယ်။

ကျွန်တော်လည်း ဘာမှပြောမနေတော့ပါဘူး။ ဘာမှ ပြောချင်စိတ်လည်း မရှိတော့ဘူး။ မျက်စိကိုပဲ မှိတ်ထားလိုက်တယ်။ မျက်စိမှိတ်လိုက်တော့ အမှောင်ထုကို စိတ်ထဲမှာ တွေ့တယ်။ အဲဒီအမှောင်ထုထဲ ကျွန်တော့်စိတ်ကို တဟုန်ထိုး ထိုးချပစ်လိုက်တယ်။

အဲဒီအချိန်မှာပဲ . . . အမေရေ . . . အမေရေ . . . ဆိုတဲ့ အော်သံကိုကြားတယ်။ ဒါ . . . လမင်းရဲ့အသံ။ ကျွန်တော် တဟုန်ထိုး ဆင်းနေဆဲပဲ။

“အမေရေ . . . အမေရေ . . . အမေ . . .”

ကျွန်တော်ကြက်သီးတွေ ဖြန်းခနဲထပြီး ထထိုင်တယ်။

ဟုတ်တယ် . . .။

လမင်းရဲ့အသံကို ကျွန်တော်ကိုယ်တိုင် ကြားရတာ . . .။

ကျွန်တော် သေသွားတာလား။

ဒါမှမဟုတ် . . .

“အမေရေ . . . အမေ . . . အမေရေ . . .”

ကျွန်တော် လန့်ပြီးထကြည့်တော့ ဘေးကုတင်မှာ . . .

လမင်း . . .

လမင်း . . .။

ကျွန်တော် ဝုန်းဆိုထပြီး လမင်းဆီ ရောက်သွားတယ်။ လမင်းခေါင်းမှာ ပတ်တီးတွေနဲ့။ လမင်းလည်း ကျွန်တော့်ကိုတွေ့တော့ လန့်သွားတယ်။

''မိုးဆွေ . . . မိုးဆွေ . . . နင် ဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေတာလဲ''

''နင်ကရော လမင်း . . . နင်ကရော . . .''

www.burmeseclassic.com


သူနာပြုတွေရော ဆရာဝန်တွေပါ ... အားလုံးပြေးလာကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ လက်တွေကို သူတို့ ဆွဲမဖြုတ်နိုင်ပါဘူး။ သူတို့မှ မဟုတ်ဘူး တစ်လောကလုံးက ဘယ်သူမှ ဆွဲမဖြုတ်နိုင်တော့ဘူးဆိုတာ သေချာတယ်။

ဒီလိုဖြစ်တာတဲ့ ကိုယ့်ဆရာရေ ...။

ကျွန်တော်ပြည်ကို ထွက်သွားတဲ့ညမှာ ... လမင်းနဲ့ မျိုးဆွေသန်းနဲ့ တွေ့ကြတယ်။ ဒီကောင်က အားလုံးရှင်းပြတော့ လမင်းကလည်း ကျွန်တော့်ကြိုးစားမှုကို နားလည်၊ ကျွန်တော့်ကို စိတ်ပူပြီး သူ့အမေကြီး အလစ်မှာ ခြံစောင့်ကိုပေါင်းပြီး ကားပါယူ ... ချိန်းထားတဲ့ သူငယ်ချင်းတွေကိုတင်ပြီး ကျွန်တော်ရှိတဲ့ ရွှေတောင်ကိုလိုက်တာ...။ လမင်းလည်း မသိဆိုတော့ ရွှေတောင်အလွန်မှာ ကားမှောက်ပြီး ရွှေတောင်ဆေးရုံကို ရောက်လာတာတဲ့။

အပွဲပွဲလွဲလာတဲ့ ကျွန်တော် ဒီတစ်ခါ အပျော်ဆုံးပါပဲ။

''အမေလိုက်လာရင်တော့ ဒုက္ခပဲနော် ...''

''ဒါနဲ့ ... ခုနက ... အမေရေ ... အမေလို့ အော်နေတာ မဟုတ်လား''

''အိုး ... လိုသလိုတွေးပေါ့၊ နာရင် အမေပဲ အော်မှာပေါ့။ ဘယ်သူက ချစ်သူနာမည် အော်မှာလဲ။ ဟိုဘက်မှာ ... သူငယ်ချင်းတွေလည်း ရှိတယ်၊ သူတို့လည်း ဒဏ်ရာနဲ့ပဲ''

''စိတ်မပူနဲ့ ... မကြာခင် ဒီက လူကြီးတွေ တို့ဆီရောက်လာလိမ့်မယ်...၊ အဲဒီကျတော့ ဆေးရုံပေါ်မှာပဲ အရေးပေါ်လက်ထပ်လိုက်ကြတာပေါ့''

''အိုး ... ဆေးရုံပေါ်မှာတော့ ဘယ်ဖြစ်မလဲ''

''လမင်း ... နေရာကို ရွေးမှာလား၊ လူကို ရွေးမှာလား''


BURMESE CLASSIC .com

လမင်းက ဘာမှမပြောတော့ပါဘူး။ ကျွန်တော်တို့ချင်း ခုနက ရှင်းကြကတည်းက စိတ်ဝင်စားလို့ ရပ်နားထောင်ရင်း သူတို့နားလည် သွားကြပါပြီ။ ကျွန်တော် လမင်းလက်ကလေးကို ခပ်တင်းတင်းဆုပ် ထားလိုက်တယ်။ ပတ်တီးတွေနဲ့ လက်ထပ်ရမှာတော့ နည်းနည်း ရယ်စရာ ကောင်းတာပေါ့။ ဘာပဲဖြစ်ဖြစ်လေ . . . ကျွန်တော်ကတော့ ဒီပုံကို အမှတ် တရဓာတ်ပုံ ရိုက်ကို ထားဦးမှာ . . .။ ငါတို့လိုလူစား ဘယ်သူများရှိသလဲ ပေါ့။

အဲဒီအချိန်မှာပါပဲ . . .

''မလမင်း . . . မလမင်းဆိုတာ ဘယ်သူလဲ''

ကျွန်တော်လှည့်ကြည့်တော့ ယာဉ်ထိန်းရဲနဲ့ ရဲအရာရှိတွေ . . .။

ဆရာဝန်တွေက ညွှန်ပြတော့ ကျွန်တော်တို့ခုံကို ရောက်လာ တယ်။

''မလမင်းနော် . . .၊ ယာဉ်အမှတ် ----- က မဟုတ်လား။ မနေ့ညက ရွှေတောင်နားမှာ ကားလမ်းဘေးထိုးဆင်းပြီး ခြံစည်းရိုးကို တိုက်တာ . . .''

''ဟုတ် . . . ဟုတ်ပါတယ် . . .''

''မလမင်းရဲ့ မှတ်ပုံတင်ရော၊ ကားလိုင်စင်ရော ကားထဲမှာ တွေ့ပါတယ်၊ ပါလာတဲ့ ငွေတွေလည်း ရှာဖွေပုံစံနဲ့ သိမ်းထားပါတယ်။ ညဘက် ယာဉ်ကို မဆင်မခြင် မောင်းနှင်မှုနဲ့ အမှုဖွင့်ထားလို့ စခန်းက အရေးယူဖို့ လာတာပါ။ ဆိတ်နှစ်ကောင် သေသွားတယ်ခင်ဗျ''

ကျွန်တော် ဘာပြောရမှန်းမသိဘူး။ ကျွန်တော် ဝုန်းဆို . . . ထရပ်လိုက်တယ်။

''စခန်းမှူးကြီး . . .၊ သူနဲ့ ကျွန်တော် လက်ထပ်လို့ ရမလား''

''အာ . . . ဘယ်လိုလဲဟ၊ ဒါ တရားရေးကိစ္စပါ၊ ကျွန်တော်တို့နဲ့

www.burmeseclassic.com


မဆိုင်ပါဘူး။ အခု 。。。အမှုဖွင့်ထားတာက ကားကိစ္စပါ၊ မလမင်းက ကား မောင်းတာဆိုတော့ 。。。"

●

လမင်းကို သူတို့ခေါ်သွားကြပါတယ်။

လမင်းက နဖူးကလေးပဲ ပေါက်တာဆိုတော့ ဆရာဝန်ရဲ့ခွင့်ပြုချက်နဲ့ ကား မှန်–မမှန်ကြည့်ဖို့ စစ်ချက်ယူဖို့အတွက် ခေါ်သွားတာပါ။ သေသွားတဲ့ ဆိတ်နှစ်ကောင်နဲ့ ပျက်သွားတဲ့ ခြံစည်းရိုးကို အလျော်ပေးနိုင်ရင် လမင်း အာမခံ ရမှာပါ။

ကျွန်တော့်ကိုတော့ ဒဏ်ရာနည်းနည်းများလို့ ဆေးရုံက ဆင်းဖို့ ခွင့်မပြုပါဘူး။ ကျွန်တော် သွားနိုင် လာနိုင်ပါတယ် ပြောတာတောင်မှ နှစ်ခါမေ့ထားလို့ ဆင်းခွင့်မပေးကြဘူး။ တစ်ခြားဒဏ်ရာရတဲ့ သူငယ်ချင်းတွေကို သွားကြည့်တော့ မျိုးဆွေသန်းက ရှေ့သွားနှစ်ချောင်းကျိုးပြီး နဖူးမှာ ငါးချက်ချုပ်ရတယ်။ ဝင်းအောင်က ညာဘက်လက် ကျိုးတယ်။ မွှေးမွှေးကတော့ နှာခေါင်းရိုးကျိုးပြီး နားရွက်ပြတ်သွားသတဲ့။

ကျွန်တော်တို့ ကိစ္စတွေကို လမင်းက အလုံးစုံအစစ်ခံတာရယ်၊ ကျွန်တော့်ကို ဝိုင်းရိုက်တဲ့အမှုက ရှိနေတာရယ်ကြောင့် ဂွင်းဆက်ချိတ်မိသွားတဲ့ စခန်းမှူးကြီးက ကျွန်တော့်ဆီကို ပြုံးဖြီးဖြီးနဲ့ ရောက်လာပါတယ်။

"ဒါကြောင့် မောင်ရင်လေးက လက်ထပ်လို့ရမလားလို့ တန်း

www.burmeseclassic.com


မေးတာကိုး''

''ဟုတ်ပါတယ်''

''မလမင်းက အာမခံရပါတယ် . . .၊ အခု ဦးဖိုးလူကပဲ သူ့အိမ်မှာ ခေါ်ထားတယ်''

''ဟုတ်ကဲ့ . .၊ ကျွန်တော် လက်ထပ်လို့ ရပြီလားခင်ဗျာ''

''ဆေးရုံမှာတော့ ဘယ်ရမလဲ . . .၊ ဆေးရုံက ဆင်းရရင်တော့ ကြည့်စီစဉ်ပေါ့။ မနက်ကပဲ မလမင်းအိမ်ကိုတော့ အကြောင်းကြားလိုက်ရတယ်''

''ခင်ဗျာ . . . သူ့အမေ သိသွားပြီ . . .၊ သွားပြီပေါ့ ဆရာရယ် . . . သူ့အမေ ဒီရောက်လာရင် ကျွန်တော်တို့ ကွဲပြီပေါ့''

''စိတ်မစောပါနဲ့ မောင်ရင်ရယ် . . .၊ ဒီနေ့ (၁၂) နာရီမှာ ဆရာဝန်ကြီးက မောင်ရင်လေး ဆင်းခွင့် ရမရ ဆုံးဖြတ်ပါလိမ့်မယ်။ ရန်ကုန်နဲ့ ရွှေတောင်ဆိုတာ အနည်းဆုံး ခြောက်နာရီတော့ ကားမောင်းရပါတယ် . . . အဆင်ပြေရင် အချိန်မီမှာပါ''

''တော်ပါသေးရဲ့ဗျာ . . . ဆရာဝန်ကြီးကို ပြောပြပေးပါ''

''မောင်ရင်လေး ဆင်းရမှာပါ''

''ကျေးဇူးပါပဲ စခန်းမှူးကြီးရယ် . . .''

ကျွန်တော် အရမ်းပျော်ပြီး စခန်းမှူးကြီးကို လက်ကမ်းပေးလိုက်တယ်။ စခန်းမှူးကြီးကလည်း ပြုံးပြီး လက်ဆွဲနှုတ်ဆက်ပါတယ်။

''ဩော် . . . မောင်ရင်လေးကိုလည်း တရားစွဲထားတယ်နော် . . .၊ ရေချိုးနေတဲ့ မိန်းမပျိုလေးတစ်ယောက်ကို အတင်းဖက်မှုနဲ့ . . . တဲ့''

■ ■ ■

**(နီကိုရဲ)**

BURMESE CLASSIC .com

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

နှုတ်ဆိုးတစ်ကောင် နဲ့

ရင်ညွှဲသူ

# နီကိုရဲ

